တက္ကသိုလ်

# သိဟအောင်

## လဝန်းနှင့်ကျောက်တုံး

ဒုတိယပိုင်း
စာကံ့သိမ်း

ဝမ်အင်း၏ ထင်းမင်



တက္ကသိုလ်

**သီဟအောင်**

# လဝန်းနှင့်ကျောက်တုံး

(ဒုတိယပိုင်း-ဇာတ်သိမ်း)

သေမိန့်

ကျောက်တုံး...။

သူသည် လူမမာတစ်ယောက် မဟုတ်ပါ။

သို့သော် သူ၏အသက်သည် ကုန်ဆုံးချိန်သို့ နီးကပ်လာချေပြီ။

သူကား အသက်အိုမင်းရင့်ရော်လေသူ တစ်ယောက်တော့ မဟုတ်ပါ။

သူသည် ငယ်ရွယ်သော လုလင်တစ်ယောက်သာ ဖြစ်နေပါသေးသည်။

ယခုနှစ်မှ သူ့အသက်သည် နှစ်ဆယ့်လေးနှစ်မျှသာ ရှိသေး၏။

ထို့အပြင် သူသည် သိုင်းပညာကျွမ်းကျင်သူဖြစ်သည်။

သိုင်းသမားကောင်းတစ်ယောက် ဖြစ်သည်။

သူကိုင်ဆောင်သော လက်နက်မှာ ဓားတစ်ချောင်းဖြစ်၏။

သူ၏သိုင်းပညာရပ်များသည် ပြိုင်စံကင်းသည့် အဆုံးထိ ရောက်သူတော့ မဟုတ်သေးပေ။

ကျန်းနန်နယ်တစ်ပိုက်တွင် သူ့အား 'နဂါး'ဟု နာမည်ပေး ထားကြ၏။

သူလှုပ်ရှားတိုင်း တစ်ကိုယ်လုံး၏ကြွက်သားများမှာ သံမ ဏိပမာ မာကြော၍တင်းကြွနေသည်။

ယခု သူ၏အသက်သည် သေမင်း၏လက်တစ်ကမ်းဆီ ရောက်နေပေပြီ။

သူ့အား စိန်ခေါ်သူက ယောကျ်ားမဟုတ်၊ မိန်းကလေး တစ်ယောက် ဖြစ်နေသည်။

ရှစ်လ ဆယ့်ငါးရက် သန်းခေါင်ယံအချိန် တွေ့ဆုံရန် ဖိတ် ထားသည်။

မိန်းကလေးတစ်ယောက်က ဤသို့တွေ့ဆုံရန် ဖိတ်ခေါ်ခြင်း ခံရသည်မှာ ကုသိုလ်ကောင်းသည်ဟု ဆိုရမည်လော။

သူ့အား ဖိတ်စာပေးလိုက်သော မိန်းကလေးမှာ လဝန်းဖြစ် လေသည်။

ထို လဝန်းဟူသော နာမည်ကြားလိုက်ရသူတိုင်း ကြောက် ရွံ့တုန်လှုပ်ကြသည် ဖြစ်လေသည်။

လဝန်း ဖိတ်စာရရှိသူသည် သေမင်းထံမှရသော ရာဇသံ နှင့် မခြားပါ။



ဖိတ်စာရရှိသူအားလုံး တစ်ယောက်မှအသက်မရှင်ခဲ့ဘူး ပေ။

မည်သူမဆို ဖိတ်စာရရှိထားလျှင် မနက်ဖြန်ဟူသည် သူတို့ အတွက် ရောက်မလာပါစေနှင့်ဟုသာ ဆုတောင်းကြသည်။

♣ ♣ ♣

ကျောက်တုံးသည် ခုနစ်လ ကိုးရက်နေ့က လဝန်း၏ဖိတ်စာ ရခဲ့၏။

ပထမ သူမည်သို့ လုပ်ရမည်မသိ။

အတွေ့အကြုံရင့်ကျက်သော ပုဂ္ဂိုလ်တို့ထံသွားရောက်ပြီး အကြံကောင်း၊ ဉာဏ်ကောင်းများတောင်း၍ အကူအညီယူရန် တွေး မိသည်။

သို့သော် အားလုံးက ခေါင်းခါယမ်း၍ငြင်းပယ်ကြသည်။

ထို့ကြောင့် သူသည် စိတ်ဓာတ်ကျလာ၏။

သူသည် မိဘနှစ်ပါးကွယ်လွန်ပြီးသည်မှအစ တစ်ယောက် တည်း နေလာသူဖြစ်သည့်အလျောက် သူသည် ရှိသမျှပစ္စည်းများကို ရောင်းချပြီး မသေမီ ပျော်ပျော်ပါးပါးနေသွားတော့မည်ဟု ဆုံးဖြတ် လိုက်သည်။

ငွေစုစုပေါင်း သုံးထောင့်ခြောက်ရာ ရရှိခဲ့သည်။

ငွေသုံးထောင့်ခြောက်ရာသည် တစ်နေ့ငွေတစ်ရာသုံးလျှင် သုံးဆယ့်ခြောက်ရက် သုံးနိုင်၏။

သူသည် ဤသို့တွက်လိုက်၏။

သို့သော် သူသည် ငွေသုံးထောင့်ခြောက်ရာကို သုံးရက်အတွင်း တစ်ပြားမကျန်အောင် သုံးပစ်လိုက်မိတော့၏။

♣ ♣ ♣

ခုနှစ်လ ဆယ့်လေးရက်...။

ကျောက်တုံးသည် မိတ်ဆွေတစ်ဦးထံမှ ငွေချေးပြီး ထမင်းစားရတော့၏။

နောက်တစ်ရက်တွင် သူသည် ထမင်းနှစ်နပ်ပင် မမှန်ချင်တော့ပေ။

သူ့အသက်ရှင်ရေးအတွက် ရက်ပေါင်းသုံးဆယ် ကျန်နေသေး၏။

ရက်ပေါင်းသုံးဆယ်...။

ထိုရက် ထိုနေ့များအတွင်း သူမည်သို့လုပ်ရ နေထိုင်ရပါမည်နည်း။

မိတ်ဆွေ သူငယ်ချင်း အပေါင်းအသင်းများထံမှ ဆက်လက်ချေးငှားနေရအုံးမည်လော။

သူသည် သေလူဖြစ်သည်။

သေရမည့်သူကို မည်သူများက ချေးငှားစွန့်ကြဲပေးဝေချင်ပါမည်နည်း။

လက်ဖြန့်တောင်းမှ ထမင်းတစ်နပ်စားရမည်ကို သူရက်



သည်။ ဤသို့ဆိုလျှင် ကျန်သောရက်ပေါင်း သုံးဆယ်အတွင်း သူ၏စားဝတ်နေရေးအတွက် မည်သို့ဖြေရှင်းရမည်နည်း။

နောက်ဆုံး သူအကြံတစ်ခု စဉ်းစားမိလေတော့သည်။

♣ ♣ ♣

"ကျောက်တုံး(ခေါ်) နဂါးက အသက်တစ်ချောင်း ရောင်းရန် ရှိပါသည်။ အလိုရှိသောသူများသည် မြို့တော်မြောက်ဘက်ရှိ နတ်ကွန်းသို့ လာရောက်ပြီး ဆွေးနွေးနိုင်ပါသည်။

ပုံ ကျောက်တုံး(ခေါ်) နဂါး"

ထိုကြော်ငြာသည် အလွန်စည်ကားသော မင်းလမ်းမတွင်ရှိသော နံရံတစ်ခုပေါ်၌ ကပ်ထားသည့်အတွက် ထိုထူးဆန်းသောကြော်ငြာအား လာရောက်ဖတ်ကြသော သူများသည် အလွန်များပြားလေတော့သည်။

ဤကမ္ဘာလောကကြီး၌ လုပ်ငန်းရပ်ပေါင်း ထောင်သောင်းမကရှိသည်။

သို့သော် ယခုကဲ့သို့ အသက်ရောင်းချသည့် လုပ်ငန်းသည် ဤတစ်ကြိမ် ဤတစ်ခါသည် ပထမဆုံးနှင့် အဦးဆုံးသော ဖြစ်ရပ်ဆန်းတစ်ခုအနေနှင့် ပေါ်လာသောကြောင့် အားလုံးက စိတ်ဝင်စားနေကြသည်။

"အသက်တစ်ချောင်း ရောင်းမယ်တဲ့"

"သူ့အသက်ကို မနှမြောဘူးလား၊ တန်ဖိုးမထားဘူးလား၊ သည်လူ ရူးများနေသလား"

ဤစကားလုံးများသည် ပြည်သူအများ အချင်းချင်းတီးတိုး ပြောဆိုဝေဖန်ကြသော စကားဖြစ်ပါသည်။

အမြို့မြို့အနယ်နယ် အရပ်ရပ်တို့၌ ဤသတင်းသည် ပျံ့နှံ့သွားလေတော့၏။

♣ ♣ ♣

"ကျောက်တုံး"

"ဗျာ"

"မင်းအသက်ကို ဘယ်လောက်နဲ့ရောင်းမှာလဲ"

"ဈေးပေါပါတယ်၊ အများဝယ်နိုင်အောင် ငွေသုံးထောင်ပဲ ပေးဗျာ"

"ထားတော့လေ၊ မင်းအသက်ကို ဝယ်လိုက်ပြီဆိုပါတော့ သည်အသက်ကို ဘာလုပ်မလဲ၊ ဝယ်တဲ့လူအဖို့ ဘာအကျိုးရှိမှာလဲ"

"ရှိတာပေါ့၊ သိပ်အကျိုးရှိတာပေါ့၊ ရက်ပေါင်းသုံးဆယ်အတွင်း ကျွန်တော့်ကို ခိုင်းချင်တဲ့ကိစ္စခိုင်းနိုင်တယ်၊ ဘယ်လိုအန္တရာယ်နဲ့ရင်ဆိုင်ရပါစေ၊ ကျွန်တော်လုပ်မှာပဲ၊ တစ်ခုတော့ရှိတယ်၊ ထမင်းစားချိန်နဲ့ လောင်းကစားမယ့်အချိန်လေးတော့ ပေးထားရမယ်နော်"

"တကယ်လို့ မင်းကိုသွားသေခိုင်းမယ်ဆိုရင်ကော"



"ရပါတယ်၊ သိပ်ရတာပေါ့၊ ဒါပေမယ့် ကျွန်တော် ငွေသုံးထောင်ကို ကုန်အောင်သုံးဖို့ အချိန်တော့ပေးပါ"

"အင်း...ကျောက်တုံး မင်းဟာ အရူးလေးတစ်ယောက်ပါပဲလား"

♣ ♣ ♣

ကျောက်တုံး...။

သူ၏ကြော်ငြာကပ်ပြီး သုံးရက်အထိ မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်ဝယ်ယူခြင်း မရှိခဲ့ပေ။

အားလုံး၏အမြင်မှာ ကျောက်တုံးသည် ရယ်စရာကောင်းသော ကောင်လေးဟု ထင်နေကြ၏။

ကျောက်တုံးသည် သက်ပြင်းချလိုက်၏။

အသက်ရောင်းသည်ကိုပင် ဝယ်ယူသူမရှိသဖြင့် သူ မည်သို့ ထမင်းစားရပါမည်နည်း။

♣ ♣ ♣

ကျောက်တုံးသည် စိတ်ပျက်အားငယ်စွာ ထိုင်နေခဲ့ရာမှ သူ၏မျက်လုံးအစုံသည် နတ်ကွန်းအတွင်း ထုလုပ်ထားသော ရုပ်တုထံသို့ ရောက်သွားလေသည်။

လူသားတို့သည် အခက်အခဲနှင့် ရင်ဆိုင်ရသောအခါ၌လည်းကောင်း၊ မျှော်လင့်ခြင်းကင်းမဲ့သောအခါများ၌လည်းကောင်း၊ မိမိတို့ကိုးကွယ်သော ဘုရား၊ နတ်သိကြားများတို့ကို မိမိ၏ဒုက္ခအား ကယ်မပေးပါဟု ဆုတောင်းတတ်ကြသည်။

ကျောက်တုံးသည်လည်း လူသားထဲမှတစ်ယောက်ဖြစ်၏။

သူသည် ယခုကဲ့သို့ ဒုက္ခနှင့် ရင်ဆိုင်ရသောအခါ နတ်ကွန်းအတွင်းမှ ရုပ်ထုရှိရာသို့သွားပြီး ကယ်တင်မစပါရန် ဆုတောင်းဖို့ သတိရလာလေသည်။

ထို့ကြောင့် သူသည် နတ်ကွန်းအတွင်းရှိရုပ်ထုထံသွားကာ ဒူးထောက်ထိုင်ချလိုက်၏။

နှုတ်မှ တလှုပ်လှုပ်တရွရွဖြင့် ဆုတောင်းမှုပြုနေတော့၏။

နတ်ရုပ်စင်၏ရှေ့ရှိ စားပွဲပေါ်မှ ဝါးဗူးကိုယူလိုက်၏။

ထို့နောက် လက်နှစ်ဘက်ဖြင့် လှုပ်ခါလိုက်၏။

"ချပ်..ချပ်..ချပ်"

ဝါးဗူးအတွင်းရှိ လူသား၏အခက်အခဲများကို လမ်းညွှန်သော စာတန်းများရေးထားသည့် ဝါးချောင်းပြားပြားလေးများ ရှိလေသည်။

ဝါးဗူးလှုပ်ခါလိုက်သောအခါ ဝါးပြားချောင်းများသည် တချပ်ချပ်မြည်လျှက် မကြာမီအတွင်း များစွာသောဝါးပြားချောင်းတို့ အထဲမှ ဝါးတစ်ချောင်းသည် ခုန်ထွက်ပြီး မြေပေါ်သို့ကျလာ၏။



သူသည် ဝါးဗူးအား စားပွဲပေါ်သို့ ပြန်လည်တင်ထားလိုက်လေသည်။

မြေပေါ်၌ကျကျန်ရစ်ခဲ့သော ဝါးပြားအား ကောက်ယူကြည့်လိုက်သည်။

ဝါးပြားပေါ်၌...

သင် ယခုနှစ်မှာ ကံမကောင်းသေးပါ၊ ကမ်းနား၊ ချောင်းနား ငါးသွားမျှားပါ၊ တစ်နေ့ ကံကြမ္မာကို ပြောင်းလဲလာစေပြီး လူတကာထက်ချမ်းသာမည်။

ထိုစာကြောင်းများ ရေးထားသည်ကို တွေ့လိုက်ရလေသည်။

စာကြောင်းများကို သေသေချာချာကြည့်လိုက်ပြီး သူပြုံးမိလေသည်။

"အင်း..အခု ငါဒုက္ခရောက်နေတယ်၊ သည်စာထဲက ညွှန်ပြတဲ့အတိုင်း ကမ်းနားမှာ ငါးသွားမျှားပြီးရောင်းရင်တော့ ထမင်းစားရမှာ သေချာတယ်၊ ဒါမှန်တယ်၊ တစ်နေ့ ငါ့ကံကြမ္မာပြောင်းလဲပြီး လူတကာထက် ချမ်းသာလာရင်..ဟုတ်လိုက်လေကွာ"

သူသည် တွေးရင်း ကျေနပ်သွား၏။

သက်ပြင်း မချတော့။

ရင်ကို ကော့လိုက်၏။

ငါးမျှားရန် စိတ်ဆုံးဖြတ်လိုက်ပြီ မဟုတ်လား။

♣ ♣ ♣

နတ်ကွန်းနှင့် မဝေးသောနေရာတွင် ရေကန်တစ်ခုရှိသည်။

ကျောက်တုံးသည် ချက်ချင်းဆိုသလို အိမ်နီးချင်းတစ်ဦးထံမှ ငါးမျှားတံကို ငှားလိုက်ပြီး ရေကန်ဆီသို့သွားသည်။

ငါးမျှားခြင်းအလုပ်ကို စတော့သည်။

အချိန်သာ ကြာသွား၏။

သူသည် ငါးတစ်ကောင်မျှ မရပါချေ။

သူ သက်ပြင်းချမိသည်။

"အင်း...လူတစ်ယောက်ဟာ ကံမွဲတဲ့အခါ ငါးကတောင် ငါ့ကို အထင်သေးပါလားနော်"

သူသည် တီးတိုးရေရွတ်လိုက်၏။

ထိုစဉ်...

"ကျောက်တုံး...မင်း ဘာဖြစ်နေတာလဲ"

သူ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော အဘိုးအိုတစ်ယောက် ဖြစ်နေသည်။

ကိုယ်လုံးသည် ပုပြတ်ပြတ်ဖြစ်ပြီး ရုပ်သွင်သည် သဘောကောင်းပုံရသည်။

ပိုးဖဲအဝတ်အစားများ ဝတ်ဆင်ထားသည်။

သူ့နောက်တွင် အိမ်ဖော်တစ်ယောက် ပါလာသည်ကို ကြည့်ခြင်းအားဖြင့် ထိုအဘိုးအိုသည် လူချမ်းသာတစ်ယောက် ဖြစ်မည်မှာ သေချာ၏။

"ဘဘက ဘယ်သူလဲ"

သူက မေးလိုက်သည်။



"ဘဘက မြို့ထဲက 'ထိုက်စွန်ဟော်တယ်' ပိုင်ရှင်လေကွယ့်"

အဘိုးအိုက ထိုက်စွန်ဟော်တယ် အမည်ကို ပြောသောအခါ လေသံကမြင့်၏။

ထိုက်စွန်ဟော်တယ်သည် သူ့အဖို့ အလွန်ဩဇာအာဏာရှိသည်ဟု ယုံကြည်နေဟန်ရှိသည်။

ကျောက်တုံးက ခေါင်းညိတ်လိုက်ပါသည်။

"ဪ...ဟုတ်လား၊ တွေ့ရတာ ဂုဏ်ယူပါတယ် ဘဘ"

အမှန်မှာ ကျောက်တုံးသည် ထိုက်စွန်ဟော်တယ်ကို ဂရုမထားမိပါ။

သို့သော် ငွေရှင်ကြေးရှင်တစ်ယောက်ရှေ့တွင် နည်းနည်းတော့ လေးစားရမည်။

အရိုအသေပေးရမည်ပေါ့။

အဘိုးအိုသည် ကျောက်တုံးက မတ်တတ်ရပ်၍ စကားမပြောသည်ကို ဘဝင်သိပ်မကျချင်။

သို့သော် အဘိုးအိုသည် သည်းခံသောစိတ်နှင့် မျက်နှာကို ပြုံးလိုက်၏။

"မင်းကို ငါ မမြင်ဖူးပေမယ့် မင်းကတော့ ငါ့ကို..."

အဘိုးအို၏စကား မဆုံးမီ ကျောက်တုံးက ပြုံး၍ခေါင်းညိတ်လိုက်လေသည်။

"ဘဘရဲ့နာမည်ကို ကျွန်တော်ကြားဖူးပါတယ်၊ ဘဘက သည်မြို့ရဲ့သူဌေးဆိုတာ လူတိုင်းသိကြပါတယ်၊ အားလုံးက သိကြ

ပါတယ်"

ကျောက်တုံးသည် အဘိုးအိုနှင့် အပြန်အလှန် စကားပြောနေရသော်လည်း သူ၏မျက်လုံးအစုံသည် ငါးမျှားတံအပေါ်၌သာ ကျရောက်စူးစိုက်နေ၏။

သူ့စိတ်သည် ငါးမျှားခြင်း၌သာ စိတ်ဝင်စားသည်။

အဘိုးအိုသည် စိတ်မရှည်တော့ပါ။

လူကြီးမို့ ဒေါသကို ထိန်းနိုင်သည်။

သို့တိုင်အောင် အဘိုးအိုသည် လက်နှစ်ဘက်ကို ပွတ်ယင်း...

"ဘဘ ကနေ့ မင်းနဲ့ပတ်သက်တဲ့ သတင်းကြားခဲ့တယ် အဲဒါ"

အဘိုးအို၏စကား မဆုံးမီ ကျောက်တုံးက ကြားဖြတ်ပြောလိုက်၏။

"ဟုတ်ကဲ့ဘဘ ပြောပါ"

အဘိုးအိုက ပြုံးလိုက်သည်။

"မင်းက ကိုယ့်အသက်ကို ရောင်းနေတယ်လို့ကြားတယ်၊ ဟုတ်လား၊ ဒါမှ ဘဘအနေနဲ့ ဝယ်သင့်မဝယ်သင့် ပြောနိုင်မယ်၊ ကဲ မင်းအသက်က ဘယ်လောက်လဲ၊ ဘယ်ဈေးနဲ့ ဘဘကိုရောင်းမလဲ"

"ကျွန်တော်က ဆင်းရဲလွန်းလို့ပါ"

"အေး...လောကကြီးမှာ ဆင်းရဲတဲ့လူတွေ အများကြီးပဲကွ ဒါပေမယ့် ဆင်းရဲလွန်းလို့ အသက်ရောင်းတယ်ဆိုတာ မောင်ရင်နဲ့တွေ့မှ ကြားဖူးတော့တယ်ကွာ"



"ဟုတ်တယ် ဘဘ"

"မင်းမှာ အသက် ဘယ်နှစ်ချောင်းရှိသလဲ"

"တစ်ချောင်းထဲပေါ့"

"ဒါဖြင့် မင်းမှာရှိတဲ့ သည်အသက်တစ်ချောင်းကို ရောင်းလိုက်ယင်.."

"ဟဲ..ဟဲ.. နောက်အနှစ်နှစ်ဆယ်ဆိုယင် ခုအသက်ပဲ ရှိနေဦးမှာပါဗျာ"

"မင်းသတ္တိကိုတော့ ဘဘကြိုက်သွားပြီ၊ ဒါပေမယ့် ဘဘ ကသိပ်မယုံနိုင်သေးဘူး"

"စိတ်ချစမ်းပါ ဘဘရယ်၊ ဘဘအနေနဲ့ အသက်ဝယ်မှာသာ ဝယ်ပါ၊ နောက်တော့ ပိုယုံကြည်လာလိမ့်မယ်"

"ကဲ ထားပါတော့လေ၊ မင်းအသက်ကို ဘယ်လောက် ရောင်းမလဲ"

"နှစ်ထောင့်ခြောက်ရာပါ"

"ဘာကွ"

အဘိုးအိုမှာ ထခုန်မတတ် အံ့သြသွားသည်။

ကျောက်တုံးက ပြုံး၍ထပ်ပြောလိုက်၏။

"နှစ်ထောင့်ခြောက်ရာပါ ဘဘ"

အဘိုးအိုသည် ခေါင်းခါယမ်းလိုက်သည်။

"ဈေးကြီးတယ်"

ကျောက်တုံးသည် စက်ဆုပ်ရွံ့မုန်းသော မျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။

"ဈေးကြီးတယ်ဟုတ်လား ဘဘ၊ ဟုတ်မှာပေါ့ ကျွန်တော်က ဆင်းရဲသားဆိုတော့ ဘဘတို့ရဲ့အသက်လောက် တန်ဖိုး ဘယ်ရှိမှာလဲဗျ"

အဘိုးအိုက ခေါင်းခါယမ်းလိုက်ပြန်သည်။

"သည်လိုလဲ ဘယ်ဟုတ်ပါ့မလဲ၊ မင်းရဲ့အသက်ဟာ နှစ်ထောင့်ခြောက်ရာမက တန်ဖိုးရှိပါတယ်၊ ဒါပေမယ့် ဘဘခိုင်းမယ့်အလုပ်က ဒါလောက်မတန်လို့ ပြောရတာပါကွယ်"

"ဘဘက ဘယ်လိုအလုပ်မျိုး ခိုင်းမှာမို့လဲဗျ"

"ဘဘခိုင်းမယ့်အလုပ်က အလွယ်လေးပါ၊ အဲ မင်းက ငါဖွင့်ထားတဲ့ ထိုက်စွန်ဟော်တယ်ကို ရောက်ဖူးသလား"

"ဟုတ်ကဲ့ ဟိုလွန်ခဲ့တဲ့ ဆယ်ရက်လောက်က ရောက်ခဲ့ဖူးတယ်"

"အင်း..အဲသည်ဟော်တယ်နဲ့ မျက်နှာချင်းဆိုင်မှာ အခု ဆိုင်သစ်တစ်ခု ဖွင့်ထားတယ်"

"ဟုတ်ကဲ့ ကျွန်တော်သိပါတယ်၊ ယမင်းဟော်တယ်ပါ၊ ကျွန်တော် ကောင်းကောင်း မှတ်မိနေတယ်လေ"

"သူတို့ အရောင်းအဝယ်က ဘယ်လိုလဲ"

"ရောင်းကောင်းပါတယ်၊ ဟင်းလျာကလည်း ကောင်းတယ်၊ ဈေးလည်းသက်သာတယ်၊ ဘဘတို့ဆိုင်နဲ့စာရင် သိပ်သက်သာတယ်"

အဘိုးအို ရှက်ပြုံးပြုံးလိုက်သည်။

"သူတို့ရောင်းကောင်းတာက သူတို့ဆီမှာ ဟင်းချက်တဲ့သူက တော်နေလို့ပါ"

"ဟုတ်ပါလိမ့်မယ်"

"သည်ဆိုင်မှာ အဲသည် ဟင်းချက်ဆရာမရှိရင် သည်ဆိုင်လည်းပြုတ်မှာ သေချာတယ်"

ကျောက်တုံးက ခေါင်းညိတ်သဘောတူလိုက်သည်။

အဘိုးအို ပြုံးလိုက်ပြီး..

"ဘဘက မင်းကိုခိုင်းမှာကလည်း သည်အတွက်ပါပဲ၊ အဲ မင်းက သည်ဟင်းချက်တဲ့ဆရာကို မောင်းထုတ်ပေးရင် ဘဘက မင်းကိုငွေငါးရာပေးမယ်"

ကျောက်တုံးသည် သူ့အားမော့ကြည့်လိုက်သည်။

"ဗျာ ဘယ်လောက်လဲ"

"အေးလေ နည်းတယ်ထင်ရင် နောက်ထပ် တစ်ရာတိုးပေးမယ်၊ ခြောက်ရာ ဘယ့်နှယ်လဲ"

ကျောက်တုံးက မဲ့ပြုံးပြုံးလိုက်၏။

"ဟဲ..ဟဲ..ဘဘငွေကုန်မခံနိုင်ရင် တခြားလူကို ခိုင်းပေါ့ဗျာ"

အဘိုးအိုမှာ မျက်လုံးပြူးသွားသည်။

"ဘာလဲ မင်းက ငွေခြောက်ရာကို နည်းတယ်ထင်သလား"

ကျောက်တုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်..အကုသိုလ်အလုပ် လုပ်ရမယ်ဆိုရင် ငွေများများတောင်းမှ ဖြစ်မယ်ဗျ"

"ဒါဖြင့် မင်းက ဘယ်လောက်လိုချင်လဲ"

ကျောက်တုံး တွေးပြီးစဉ်းစား၏။

"ရွှေခြောက်ပိဿာလောက် ဆိုရင်တော့ ကောင်းမယ်"

အဘိုးအို မျက်လုံးပြူးသွားပြန်သည်။

"ဘာ..ဘာကွ...ရွှေခြောက်ပိဿာဟုတ်လား၊ မင်း..မင်း ရူးများနေသလား မောင်ရင်"

ကျောက်တုံး ခေါင်းခါယမ်းပြလိုက်သည်။

"ကျွန်တော် မရူးပါဘူးဗျာ၊ အလုပ်ပေါ်မှာမူတည်ပြီး တန်ရာတန်ကြေး တောင်းတာပါ"

"မင်း အစထဲက နှစ်ထောင့်ခြောက်ရာတောင်းတယ် မဟုတ်လား၊ ဘာဖြစ်လို့ ဈေးတက်သွားရပြန်တာလဲ"

အဘိုးအို ဒေါသထွက်လာသည်။

အိမ်ဖော်ကို အကျီလက်တစ်ဘက် ဖေ့ယမ်းပြလိုက်ပြီး..

"ပြန်မယ်"

အဘိုးအိုသည် ပြောပြောဆိုဆို ခြေဆောင့်ကာ ထွက်သွားလေတော့သည်။

♣ ♣ ♣



ကျောက်တုံးသည် ငါးမျှားတံကို ပြန်ကောက်ယူပြီး ငါးဆက်မျှားနေပြန်သည်။

နေဝန်းသည် အနောက်ဘက်သို့ ဝင်လုဆဲဆဲရှိနေပြီဖြစ်သည်။

သို့တိုင်အောင် သူသည် ငါးတစ်ကောင်မှ မရသေးပါ။

သူသည် သက်ပြင်းချလိုက်ပြန်သည်။

ငါးမျှားတံအား စိတ်ပျက်စွာ ပစ်ချလိုက်၏။

ရုတ်တရက် သူ့နောက်တွင်ရှိ သစ်ပင်တစ်ပင်၏နောက်ကွယ်မှာ ပုန်းလျှိုးနေသည့် လူရိပ်ကို ဖျတ်ခနဲ မြင်တွေ့ရသည်။

"ဘယ်က မိတ်ဆွေလဲ၊ ပြောစရာရှိတာ ပြောပါ"

သူသည် လှမ်းအော်လိုက်သည်။

သစ်ပင်နောက်ကွယ်မှ အဘိုးအိုတစ်ယောက် ထွက်လာ၏။

အဘိုးအိုမှာ ပိန်ပိန်ပါးပါးရှိပြီး အဝတ်အစားများမှာလည်း ဟောင်းနွမ်းနေသည်။

ထိုအဘိုးအိုမှာ မဝံ့မရဲနှင့် ကျောက်တုံးထံ လျှောက်လာလေသည်။

အဘိုးအိုအား တွေ့မြင်လိုက်သည်နှင့် အလွန်ဆင်းရဲနေကြောင်း သိနိုင်သည်။

ကျောက်တုံးက....

"ဦးက ဘယ်သူလဲ၊ ဘာကိစ္စများရှိလို့လဲ"

အဘိုးအိုက ခေါင်းညိတ်လိုက်ပြီး...

"ဦးက စန်းကွမ်းမျိုးပါ နာမည်က 'တင်' တစ်လုံးထဲပါ၊

သည်ကနေ နှစ်မိုင်လောက်ဝေးတဲ့ ကျူရှမ်းမြို့ကလေးမှာ နေထိုင်ပါတယ် လူလေး"

"သြော်..ဟုတ်ကဲ့၊ ကျွန်တော် ဘာကူညီရမလဲ၊ အားမနာနဲ့ ပြောစရာရှိတာအကုန်ပြော၊ ကျွန်တော် တတ်နိုင်သလောက် အစွမ်းကုန်ကူညီပါ့မယ်"

စန်းကွမ်းဝင်သည် လက်နှစ်ဘက်ပွတ်ရင်း မျက်နှာမှာလည်း အားတင်း၍ပြုံးထားသည်။

"ဦးက မင်းအသက်ရှင်းနေတဲ့ သတင်းကြားလို့ လာခဲ့တာပါ"

ကျောက်တုံးက ရယ်မောလိုက်သည်။

"ဟုတ်ပါတယ် ဦးက ကျွန်တော့်အသက်ကို ဝယ်မလို့လား"

"ဦးမှာ ဝယ်နိုင်တဲ့ငွေမရှိပါဘူး လူလေးရယ်၊ မင်းဆီက အကူအညီတောင်းမလို့ပါ၊ အင်း ငွေတော့ရှာသေးတာပေါ့၊ ဒါတောင် ငွေက ဆယ့်ငါးကျပ်ပဲရတယ်"

အဘိုးအိုသည် ပြောရင်း အိတ်ထဲမှ အဝတ်အိတ်လေးတစ်လုံးယူကာ ငွေတိုငွေစလေးများအား သွန်ချလိုက်လေသည်။

"အင်း..ငွေက နည်းနေတော့"

ကျောက်တုံးက မျက်မှောင်ကုပ်သွားသည်။

"ကိစ္စမရှိပါဘူး ဦးရယ်၊ ကဲ ပြောပါ၊ ဦးမှာ ဘာအခက်အခဲနဲ့ရင်ဆိုင်နေရလဲ"

"အေး..ဦးမှာ သမီးတစ်ယောက်ရှိတယ်၊ အခု အဲသည် သမီးလေး ဒုက္ခနဲ့ရင်ဆိုင်နရတယ်ကွယ်၊ အဲဒါ.."



"ဦးသမီးက ဘာဖြစ်နေလို့လဲ"

ကျောက်တုံးက ကြားဖြတ်မေးလိုက်သည်။

"ဦး..ဦးသမီးကို နဂါးကိုးကောင်တောင်ကုန်းက ဓားပြတွေ ဖမ်းသွားကြတယ်ကွယ့်"

ကျောက်တုံးသည် ထိုစကားကြားသောအခါ ရင်ထိတ်သွားသည်။

"ဗျာ..ဦးသမီးကို နဂါးကိုးကောင်တောင်ကုန်းက ဓားပြတွေ ဖမ်းသွားတယ် ဟုတ်လား"

"ဟုတ်ပါတယ် ငါ့တူ၊ အဲသည်တုန်းက ဦး တခြားလူတွေဆီ သွားပြီး အကူအညီတောင်းမိပါသေးတယ်၊ ဘယ်သူမှ အကူအညီ မပေးနိုင်ကြဘူး၊ အေး သူတို့ကိုလည်း အပြစ်ပြောလို့ မဖြစ်ပါဘူး လေ၊ နဂါးကိုးကောင်တောင်ကုန်းကဆိုတော့ သူတို့ ဘယ်လိုက်ဝံ့ တော့မှာလဲ၊ အဲသည်အထဲက လူတချို့က အကြံပေးလာတယ်၊ မင်း အသက်ရှောင်းနေတယ်လို့၊ ဒါကြောင့် ငါ့တူဆီ ဦးလာခဲ့ရတာပေါ့"

ကျောက်တုံး မျက်လုံးလေးများ လည်သွားရသည်။

"အင်း..ဦးကိစ္စကို ကျွန်တော် ကူညီချင်ပါတယ်၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ ငါ့တူ"

"နဂါးကိုးကောင်တောင်ကုန်းက ဓားပြတွေဟာ အလွန် ကြောက်စရာကောင်းတဲ့ လူစုတွေပဲ၊ သိပ်ရက်စက်တယ်လို့လည်း ကြားဖူးတယ်၊ ကျွန်တော့် ဘယ်လိုမှမတတ်နိုင်ပါဘူး"

"အများကတော့ သည်ကိစ္စကို မင်းတစ်ယောက်ပဲ တတ်နိုင် မယ်လို့ ပြောကြတယ်"

"ပြောတဲ့လူတွေဟာ ဦးကို သက်သက်ချောက်တွန်းတာပါ။ ကျွန်တော့်ကိုလည်း ဒုက္ခပေးရာရောက်နေပါတယ်၊ ကျွန်တော် အဲသည်လောက်ထိတော့ သတ္တိမရှိသေးပါဘူး"

"ဒါဖြင့် မင်းအသက်ရောင်းတယ်ဆိုတာ ဘာသဘောလဲ၊ ဘာအဓိပ္ပါယ်လဲ၊ ဘယ်နေရာမှာသွားပြီး အသုံးချမှာလဲ၊ ကဲ ပြောစမ်းပါဦး"

စန်းကွမ်းတင်၏စကားသည် ကျောက်တုံး၏ပါးပြင်နှစ်ဘက်ကို ဘယ်ပြန်ညာပြန် တအားလွှဲ၍ရိုက်လိုက်သည်နှင့်မခြား တဖျင်းဖျင်းဖြစ်သွားပြီး မျက်နှာနီရဲသွားတော့၏။

"ဒါ...ဒါကတော့"

သူသည် ဘာကိုဆက်ပြောရမှန်း မသိနိုင်တော့ပါ။

တစ်ပိုင်းတစ်စနှင့် ရပ်လိုက်၏။

စန်းကွမ်းတင် စကားဆက်လိုက်သည်။

"သူတို့ကတော့ မင်းကိုသိပ်ပြီး အမွှန်းတင်နေကြတယ်၊ မင်းရဲ့အသက်ကို ဝယ်တဲ့လူဟာ ဘာခိုင်းခိုင်းလုပ်ပေးလိမ့်မယ်တဲ့၊ အခု မင်းက ဘာဖြစ်လို့ငြင်းရတာလဲ၊ မင်းကို ဦးပေးတဲ့ငွေက နည်းနေလို့လား၊ အမှန်ပြောရရင် ဦးဟာ စေတနာနည်းတဲ့သူမဟုတ်ပါဘူး၊ သည့်ထက်မက ပေးချင်လှပါတယ်၊ ငွေက ရှာလို့မရတာ ခက်တယ်၊ ဦးသမီးကိုလည်း သိပ်စိတ်ပူလှကယ် ငါ့တူရယ်၊ ဒါကြောင့် ဦးလည်း ဘာပြောလို့ ဘာလုပ်ရမလဲဆိုတာ မသိတော့ပါဘူး"

စန်းကွမ်းတင်၏စကား မဆုံးမီ ကျောက်တုံးက လက်ကာပြထားလိုက်ပြီး စန်းကွမ်းတင်၏လက်တွင်းမှ ငွေကိုလက်ခံယူလိုက်



၏။ သို့သော် ဆယ့်ငါးကျပ် မဟုတ်ပါ။

ငွေအားလုံးကို မယူရက်သဖြင့် ခုနစ်ကျပ်ခွဲသာ ယူလိုက်ခြင်းဖြစ်ပါသည်။

♣ ♣ ♣

နောက်တစ်နေ့နံနက်တွင် ကျောက်တုံးသည် နဂါးကိုးကောင်တောင်ကုန်းသို့ စတင်ထွက်ခွာသွားသည်။

စန်းကွမ်းတင်၏စကား မှန်သည်။

အသက်ဝယ်လိုသူများသည် အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရသော ကြီးမားသည့်ကိစ္စရှိမှသာ အသက်ဝယ်ယူနိုင်မည် မဟုတ်ပါလော။ ထို့ကြောင့် မိမိသည် အသက်စွန့်၍လုပ်ရမည်။

မိမိ အသက်သေရမည့်အတူတူ သူများအသက်ကို ကယ်တင်သွားခြင်းသည် မမြတ်ပါလား။

နဂါးကိုးကောင်တောင်ကုန်းပေါ်မှ ဓားပြများသည် ရကွင်းပျံဆယ့်နှစ်ခုခေါ် 'လီယု'၏သား 'လီကျားဆင်' ဖြစ်သည်။

'လီယု' နှင့် 'လီကျားဆင်' တို့၏အင်အား၊ လူတကာကြောက်ရွံ့ရသည့် ရက်စက်မှုအကြောင်းအရာအားလုံးကို သူသိထားပြီးဖြစ်သည်။

နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရန် ဆုံးဖြတ်ပြီး အေးအေးဆေးဆေးပင် ခရီးထွက်ခဲ့သည်။

အကယ်၍ ကံကောင်းထောက်မပြီး စန်းကွမ်းတင်၏ သမီး

အားကောင်းကောင်းမွန်မွန် ကယ်တင်နိုင်ခဲ့မည်ဆိုပါက သူ့အတွက် အမြတ်ရနိုင်သေးသည် မဟုတ်ပါလား။

သို့သော် သူ့အသက်မသေမီ အဝစားနိုင်ရန်ငွေမှာ အလွန်နည်းနေ၏။

သူသည် လက်ထဲ၌ကျန်ရှိသော ငွေခုနစ်ကျပ်ခွဲအား ချိန်ဆကြည့်သည်။

ခုနစ်မိုင်သို့ ရောက်သောအခါ…

"ဟော့…ခဏနေအုံး"

ရုတ်တရက် အသံကြောင့် သူခြေလှမ်းရပ်သွားသည်။

အသံလာရာသို့ လှည့်ကြည့်မိလိုက်ရာ မြင်းတစ်ကောင်ကို လူတစ်ယောက်က မောင်းနှင်ပြီး သူ့နီးသို့ရောက်ရှိလာ၏။

မြင်းပေါ်မှလူသည် ပိုးဖဲများဖြင့် ချုပ်လုပ်ထားသော အဝတ်အစားများ ဝတ်ဆင်ထားသည်။

ထိုလူသည် ကျောက်တုံးရှေ့သို့ ရောက်သည်နှင့်…

"မင်းက ကျောက်တုံး မဟုတ်လား"

"ဟုတ်တယ်"

"မင်းအသက် ရောင်းမယ်ဆိုတာ မှန်သလား"

"မှန်ပါတယ်ဗျာ"

"ဘယ်လောက်နဲ့ မင်းအသက်ရောင်းမလဲ"

"နှစ်ထောင့်ခြောက်ရာပါ"

ထိုလူသည် သူ၏စကားမဆုံးမီ အထုပ်တစ်ထုပ် လှမ်းပစ်ပေးလိုက်သည်။



"ရော့…ရွှေငါးဆယ်သား၊ ငွေသားနဲ့လဲရင် နှစ်ထောင့်ခြောက်ရာ မကဘူးကွ"

ကျောက်တုံးသည် လေးလံလှသော အထုပ်လေးအား လက်ထဲမှာ ဆ,လိုက်ပြီး…

"ဒါ ဘာလုပ်ရမှာလဲ"

"မင်း အသက်ကို ငါဝယ်တာလေ"

ကျောက်တုံးသည် သက်ပြင်းချလိုက်သည်။

"ကျွန်တော် လက်ခံလို့မဖြစ်တော့ဘူးဗျ"

ထိုလူက မျက်ခုံးပင့်ကြည့်သည်။

"ဘာဖြစ်လို့လဲ"

ကျောက်တုံးသည် ရွှေထုပ်လေးကို ပြန်ပစ်ပေးပြီး…

"ဝမ်းနည်းပါတယ်ခင်ဗျာ၊ ကျွန်တော့် အသက်ရောင်းထားပြီးလို့ပါ"

ထိုလူသည် ကျောက်တုံးအား စေ့စေ့ကြည့်ရင်း…

"ဘာလဲ မင်းက ငါပေးတာ နည်းတယ်ထင်လို့လား"

ထိုသူ၏စကားကြောင့် ကျောက်တုံး မဲ့ပြုံးပြုံးလိုက်သည်။

"သည်လိုမဟုတ်ဘူးဗျ၊ ကျွန်တော့်ရဲ့အသက်ကို တခြားလူတစ်ယောက်က ဝယ်ထားပြီးလို့ပါ"

ထိုသို့ပြောပြီး ကျောက်တုံးသည် ခြေလှမ်းကျဲကျဲလှမ်းလျှက် မြင်းစီးလူနှင့် ဝေးရာသို့ သုတ်သုတ်လေးထွက်ခွာသွားလေတော့သည်။

♣ ♣ ♣

ကျောက်တုံး...။

သူသည် ခုနစ်ရက်ခန့် ခရီးနှင်လိုက်သောအခါ နဂါးကိုးကောင်တောင်ကုန်းအနီးသို့ ရောက်ရှိခဲ့လေသည်။

နဂါးကိုးကောင်တောင်ကုန်းသည် 'တိ' တောင်၏ အရှေ့ဘက်၌တည်ရှိသည်။

တောင်က မြင့်လွန်းလှသည် မဟုတ်။

သို့သော် တောင်ကလေးများပြီး တောအုပ်က နက်ရှိုင်း သဖြင့် ခရီးသွားများသည် ဤလမ်းကို အန္တရာယ်လမ်းဟု သတ်မှတ်ထားကြသည်။

အဲထူးသဖြင့် နဂါးကိုးကောင်တောင်ကုန်းပေါ်၌ အလွန်နာမည်ကြီးသော လမ်းဓားပြများ အခြေစိုက်သောနေရာ ဖြစ်နေလေသည်။

ထို လမ်းဓားပြများအား ဦးစီးဦးဆောင်သူမှာ 'လီကျားဆင်' ဖြစ်သည်။

ထို့ကြောင့်လည်း သိုင်းလောကသားတို့သည်သိုင်းဆရာကြီး 'လီယု'၏မျက်နှာကြောင့် လီကျားဆင်အပေါ် အစစအရာရာ အခွင့်အရေးပေးခဲ့သည်။

ထိုသတင်းများသည် ကျောက်တုံးက သိထားပြီးဖြစ်သည်။

သူသည် ယခုကဲ့သို့ လာရောက်ခြင်းမှာ မိမိသည်ပြန်လမ်းမရှိတော့ပြီကို မသိမဟုတ်ပါ။

သူသည် သေရမည့်အတူတူ လူတိုင်းကြောက်ရွံ့နေရသော လမ်းဓားပြ လီကျားဆင်ကို ရင်ဆိုင်ပြီးဂုဏ်ယူလိုသည်။



သူ့သတ္တိကိုပြပြီး သူ့ပညာကို အသုံးချကြည့်လို၏။

ထိုသို့ သူ့စိတ်ဆုံးဖြတ်ပြီး သံတုတ်ဆွဲကာ သေမင်းခံတွင်းနှင့်တူသော နဂါးကိုးကောင်တောင်ကုန်းပေါ်သို့ တက်လာခဲ့ခြင်းဖြစ်သည်။

♣ ♣ ♣

ကျောက်တုံးသည် တောင်ပေါ်သို့တက်လာပြီးနောက် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

အဆောက်အအုံဟူ၍ ဘာတစ်ခုမျှ မတွေ့ရချေ။

"ငါ နေရာများ မှားနေသလား"

ကိုယ့်ကိုယ်ကို တစ်ယောက်တည်း တီးတိုးမေးမိရသည်။

သူရောက်နေသည့်နေရာသည် နဂါးကိုးကောင်တောင်ကုန်းပင် ဖြစ်နေပါသည်။

သူသည် သံတုတ်ကို မြေပေါ်ချထားပြီး အလွန်မြင့်မားသော သစ်ပင်ကြီးကြီးတစ်ပင်ပေါ်သို့ တက်ကြည့်လိုက်ရာ အဝေးမှ မီးခိုးများ တလူလူတက်နေသည်ကို တွေ့ရ၏။

မီးခိုးရှိလျှင် လူနေအိမ်ခြေတော့ ရှိတတ်စမြဲပင်။

သူသည် သစ်ပင်ပေါ်မှ ပြန်ဆင်းလာသည်။

ထို့နောက် မီးခိုးရှိရာသို့ ဦးတည်သွားတော့သည်။

♣ ♣ ♣

ကျောက်တုံး…။

သူသည် ရှေ့သို့ ခရီးဆက်၍ထွက်ခဲ့၏။

အတန်ကြာ လျှောက်လာမိသောအခါ သူသည် ခြေလှမ်းတုန့်ခနဲ ရပ်တန့်သွားသည်။

တောင်ကုန်းတစ်ခုဖြစ်သည်။

ထိုတောင်ကုန်းပေါ်တွင် တည်ဆောက်ထားသော ခံတပ်ပုံသဏ္ဌာန် အဆောက်အအုံတစ်ခုကို တွေ့ရ၏။

ခံတပ်ဝန်းကျင်တွင် ကာရံထားသော ခြံစည်းရိုးများသည် ချွန်ထက်သော သစ်သားလုံးများဖြစ်ပါသည်။

သို့သော် အဆောက်အအုံတစ်ခုလုံးနှင့် ထိုကာရံထားသော ခြံစည်းရိုးများသည် သုံးချိုးနှစ်ချိုးကျော်ကျော် မီးလောင်ကျွမ်း၍ ပျက်စီးနေသည်။

မီးကြွင်းမီးကျန်များသည် အခိုးတလူလူနှင့် တထောင်းထောင်းထွက်ပေါ်နေသည်။

ကျောက်တုံးသည် အတန်ကြာ ငေးငိုက်ကြည့်နေမိပြီး…

“အင်း…သည်ခံတပ်ကို မီးရှို့သွားနိုင်တဲ့လူဟာ တကယ့်လူပဲ”

ကျောက်တုံး၏တာဝန်မှာ စန်းကွမ်းတင်၏သမီးအား ကယ်တင်ရမည်ဖြစ်သည်။

ထို့ကြောင့် သူသည် ခြံစည်းရိုးအတွင်း ဝင်သွား၏။

“ဟိုက်”

သူသည် အံ့သြလွန်း၍နှုတ်မှ လွတ်ထွက်သွား၏။



ခြံစည်းရိုးအတွင်း၌ လဲကျသေဆုံးနေသော လူများသည် အတုံးအရုံးရှိနေ၏။

သူသည် ဝန်းကျင်တစ်ခုလုံးအား အကဲခတ်ကြည့်လိုက်၏။

တောင်ကုန်းတစ်ခုလုံး ဤအဆောက်အဦးမှလွဲ၍ မည်သည့်အဆောက်အဦးမှ မတွေ့ရပါ။

ရုတ်တရက် သူသည် ညည်းညူသံကြားလိုက်ရသည်။

အသံလာရာသို့ သူလျှောက်သွားသောအခါ သွေးအိုင်ထဲတွင် လူတစ်ယောက်လဲနေ၏။

ထိုလူ၏လက်များ၊ ခြေထောက်များတွင် ကြည့်ရက်စရာမရှိအောင် ဒဏ်ရာများနှင့် ပြည့်နှက်နေ၏။

ထိုလူခမျာ ပြင်းထန်သော ဝေဒနာကို ခံစားနေရရှာပေသည်။

“ခင်…ခင်ဗျား ဘယ်သူလဲဟင်”

ကျောက်တုံးသည် ထိုလူအား ညင်သာစွာ ပွေ့ထူလျှက်မေးလိုက်သည်။ ထိုလူမှာ အားအင်ချိနဲ့နေသည်။

မတ်မတ်မထောင်နိုင်ဘဲ လည်ပင်းမှာ ကြက်နာတစ်ကောင်ကဲ့သို့ကျိုးကျနေသည်။

တညည်းညည်း တညူညူကြားက ထိုသူ၏နှုတ်ခမ်းလှုပ်လာပြီး အသံယဲ့ယဲ့ဖြင့်…

“ရေ…ရေ”

ဟုတောင်းလာသည်။

ကျောက်တုံးသည် လက်ထဲမှဓားကို အသာချလိုက်ပြီး ခါး

မှာချိတ်ထားသော ရေဗူးကိုဖြုတ်ယူ၍ရေတိုက်လိုက်၏။

"ခင်ဗျား ဘယ်သူလဲဟင်၊ ခင်ဗျားကို ဘယ်သူတိုက်ခိုက်သွားတာလဲ"

ထိုသူသည် မောဟိုက်စွာ သက်ပြင်းချသည်။

အတန်ကြာ အားယူပြီးမှ အသံထွက်လာသည်။

"လဝန်း...လဝန်း"

ကျောက်တုံး ရင်ထိတ်သွားသည်။

အလိုအလျောက် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုစစ်ဆေးလျက်သား ဖြစ်သွား၏။

"လဝန်း မဟုတ်ပါဘူးဗျာ"

"ဟုတ်..ဟုတ်ပါတယ်"

ကျောက်တုံးက စန်းကွမ်းတင်၏ သမီးကို သတိရမိပြန်သည်။

"ခင်ဗျားတို့ဆီ ဖမ်းလာတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ပါသလားဗျာ"

ထိုလူ ခေါင်းကို အသာခါယမ်းလိုက်ပြီး...

"တို့က လမ်းဓားပြတွေပါ၊ ဒါပေမယ့် လူကိုတော့ မဖမ်းဘူး၊ သတ်ပစ်ချင်သတ်ပစ်တယ်၊ ဖမ်းရိုးထုံးစံမရှိခဲ့ဘူး"

ကျောက်တုံး စိတ်ပျက်အားလျော့သွားသည်။

"ခင်ဗျား သေသေချာချာ စဉ်းစားစမ်းပါဗျာ၊ ခင်ဗျားတို့ လွန်ခဲ့တဲ့ရက်ပိုင်းလောက်က မိန်းကလေးတစ်ယောက်ကို ဖမ်းလာရမယ်"



"ကျုပ်က သေလူပါ၊ ဘာကြောင့် လိမ်ပြောရမလဲ၊ ဘာအကျိုးရှိမှာလဲ၊ အမှန်အတိုင်းပြောနေတာပါဗျာ"

ကျောက်တုံးသည် ထိုလူအား မြေပေါ်သို့အသာအယာ ပြန်ချပေးလိုက်၏။

သေလုဆဲဆဲ လူတစ်ယောက်၏စကားကို သူမယုံနိုင်ပါ။

ကိုယ်တိုင်ကိုယ်ကျ လိုက်လံရှာဖွေရန်မှလွဲ၍ အခြားဆုံးဖြတ်ချက် မရှိတော့ပေ။

ကျောက်တုံးသည် ဓားကိုကောက်ကိုင်ပြီး မတ်တတ်ရပ်လိုက်လေသည်။

သူသည် မီးလောင်နေသော အဲဆောက်အအုံအနှံ့ ရှာဖွေသည်။

စန်းကွမ်းတင်၏သမီးကို တွေ့လိုဇောနှင့်မောနေသည်။

သို့သော် ဓားပြများ၏အလောင်းများမှအပ မိန်းကလေးဟူ၍ တစ်ယောက်မှမတွေ့ပါ။

သူရှာနေသော မိန်းကလေးသ ည် သေဆုံးနှင့်ပြီလော။

မီးလောင်ကျွမ်းရာတွင် ပါသွ းလေသလော။

ထိုလူပြောသလို လူမဖမ်းဘဲ အသက်ကိုသတ်ခဲ့ပြီလော။

နောက်ဆုံး သူသည် စိတ်ပျက်လက်ပျက်နှင့် အားလျော့လိုက်၏။

နတ်ကွန်းထံ ပြန်ပြီး အသက်တစ်ကြိမ်ထပ်ရောင်းရန် ဆုတောင်းဖို့ဆုံးဖြတ်လိုက်၏။

သူသည် ခြေလှမ်းကျဲကျဲဖြင့် ခြံစည်းဝင်းအတွင်းမှလှမ်း

ထွက်လိုက်သည်။

သစ်ပင်တစ်ပင်အနီးသို့ ရောက်သွားသောအခါ လူသေအလောင်းတစ်ခုကို တွေ့ရလေသည်။

နဂါးကိုးကောင်အဖွဲ့မှ လူတစ်ယောက်ဖြစ်သည်။

ကင်းစောင့်သမား ဖြစ်နိုင်သည်။

သို့မဟုတ်ဘဲ အရေးပါသူတစ်ယောက်လည်း ဖြစ်နိုင်လေသည်။

ထိုစဉ်...

"ဖျတ်...ဖျတ်"

ခြေသံများ ကြားရသည်။

သူသည် ကပျာကယာ သစ်ပင်ကြီးတစ်ပင်နောက်သို့ လှစ်ခနဲ ပြေးကွယ်လိုက်သည်။

"ဖျတ်...ဖျတ်"

ခြေသံများသည် တဖြည်းဖြည်း နီးကပ်လာသည်။

မကြာပါချေ။

စကားပြောသံများ ကြားရသဖြင့် ချောင်းကြည့်မိလိုက်၏။

လျှောက်လာသူမှာ နှစ်ယောက်ဖြစ်သည်။

တစ်ယောက်က အသက်လေးဆယ်ကျော် အမျိုးသမီးတစ်ဦးဖြစ်သည်။

ရုပ်ဆိုးပြီး အလွန်ဝသည်။

နောက်တစ်ယောက်က အသက်ခြောက်ဆယ်ကျော် အဘိုးအိုတစ်ယောက်ဖြစ်သည်။



အမျိုးသမီးက ရှေ့ဆုံးမှလာသည်။

သူမ၏လက်ထဲတွင် ကြိုးတစ်ချောင်းကိုင်ထား၏။

အဘိုးအိုက အမျိုးသမီးနောက်မှ မှန်မှန်လိုက်နေသည်။

အမှန်ဆိုရလျှင် အမျိုးသမီးက အဘိုးအိုအား ကြိုးနှင့်ချည်ဆွဲ၍ ခေါ်ဆောင်လာခြင်းဖြစ်သည်။

အထူးသဖြင့် အဘိုးအို၏ခန္ဓာကိုယ်မှာ ပိန်ပိန်သေးသေးဖြစ်ပြီး မျက်နှာသွယ်သွယ်၊ မုတ်ဆိတ်ဖြူရှည်ရှည်ထားသဖြင့် ဆိတ်တစ်ကောင်နှင့် တူလှသည်။

အားလုံးကို ခြုံကြည့်လိုက်လျှင် အမျိုးသမီးသည် ဆိတ်တစ်ကောင်ဆွဲခေါ်လာသည်နှင့် တူ၏။

အဘိုးအိုသည် အမျိုးသမီး ဝတ္တုတ်တုတ် ဆွဲခေါ်ရာသို့လိုက်ပါရင်း ညည်းညူနေသည်။

"ဒါက ကျုပ်မမှားဘူးကွ၊ မင်းက ငါ့ကိုအရက်မသောက်ရဘူးလို့ တားတယ် မဟုတ်လား၊ ဒါတော့ မင်း မတရားဘူးထင်တယ်"

အမျိုးသမီးက ဘာမှပြန်မပြောပါ။

တည်တည်ငြိမ်ငြိမ်ပင်။

အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"မိန်းမရယ် စိတ်ကောင်းလေးတော့ ထားစမ်းပါ၊ ငါ့ကို မင်းလုပ်ချင်တာလုပ်ပါ၊ ခိုင်းပါ၊ ငါဘာမှမပြောပါဘူး၊ ဒါပေမယ့် ငါ့ကိုအရက်သောက်ခွင့်လေးတော့ပေးစမ်းပါ၊ ငါအရက်မသောက်ရရင်မနေတတ်ဘူး၊ မနေနိုင်ဘူးဆိုတာ မင်းလည်း အသိသားနဲ့"

အမျိုးသမီး စိတ်တိုသွားသည်။

"တော်..ရှင့်ပါးစပ်ပိတ်ထားစမ်း၊ ဘာစကားမှ မပြောနဲ့ မကြားချင်ဘူး"

ဟု အော်ငေါက်လိုက်၏။

အမျိုးသမီး၏အသံကြောင့် အဘိုးအိုသည် ကုပ်ကုပ်လေး ငြိမ်သွား၏။

အမျိုးသမီးသည် အဘိုးအိုကို မှည့်ကြည့်လိုက်ပြီး...

"ရှင့်ကို ကျွန်မ ဘယ်နှစ်ခါပြောရမလဲ၊ အရက်သောက်ချင်ရင် ဟိုမိန်းမကို အရင်သတ်ပါလို့ဆိုနေ"

အဘိုးအိုသည် ကြောက်ရွံ့တုန်လှုပ်သွားသည်။

သူ၏ခန္ဓာကိုယ်ပါ ပုသွား၏။

"လုပ်..လုပ်ပါ့မယ်၊ မင်းဘာမှ ပူမနေပါနဲ့"

သူတို့သည် ပြောရင်းပြောရင်းနှင့် ကျောက်တုံးပုန်းကွယ်နေသော သစ်ပင်အနီးသို့ရောက်လာ၏။

"အမယ်လေး"

အမျိုးသမီးသည် သစ်ပင်မှီရက်သား သေဆုံးနေသောလူအား တွေ့လိုက်သဖြင့် ထိတ်လန့်ကာ အော်ဟစ်မိခြင်းဖြစ်၏။

သူမ ခန္ဓာကိုယ်သည် ယိမ်းယိုင်လျှက် မြေသို့လဲကျမတတ်ဖြစ်သွားရပြီး မိမိကိုယ်မိမိ သတိကြီးစွာ ပြန်ထိန်းထားရလေသည်။

အဘိုးအိုသည် အမျိုးသမီးကို ပြန်ကြည့်လျှက် အိပ်ရာမှ ယောင်ယမ်းနိုးသူပမာ မျက်လုံးအပြူးသားဖြင့် အံ့သြစွာ မေးလာ၏။

"ဘာဖြစ်တာလဲ ရှင်မရေ"



"အို...ရှင်နဲ့တော် ဟိုမှာ မမြင်ဘူးလား၊ ကြောက်လိုက်တာ"

အမျိုးသမီးက မျက်လွှာချ၍ ခေါင်းငုံ့လိုက်၏။

အဘိုးအိုက အမျိုးသမီးညွှန်ပြရာသို့ မျှော်ကြည့်လိုက်ပြီး..

"မကြောက်ပါနဲ့ မိန်းမရ၊ လူသေတစ်ယောက်ပါ"

အမျိုးသမီးသည် သူ့ရင်ဝသူ လက်ဖြင့်ဖိနှိပ်ထားရင်း..

"အမယ်လေး..ကျွန်မ လန့်လိုက်တာ"

အဘိုးအိုသည် ပြုံးလိုက်သည်။

"မကြောက်စမ်းပါနဲ့ မိန်းမရ၊ မင်းမကြည့်ဝံ့ဘူးဆိုရင် ငါကန်ထုတ်ပစ်လိုက်ပါ့မယ် ကဲ"

အဘိုးအိုသည် ပြောပြောဆိုဆို လူသေအလောင်းအား ခြေထောက်ဖြင့် ကျုံးကန်လိုက်တော့၏။

"ဝုန်း...ဝုန်း"

လူသေအလောင်းသည် အဝေးသို့ လွင့်စဉ်ကာ မြက်ပင်ထဲသို့ ကျသွားသည်။

ကျောက်တုံးသည် အဘိုးအို၏ ကန်ထုတ်ပုံကိုမြင်ရသောအခါ ထိုအဘိုးအိုသည် သိုင်းပညာရပ်၌ အလွန်အဆင့်မြင့်သော သိုင်းအကျော်အမော် တစ်ယောက်ဖြစ်သည်ကို ရိပ်စားမိလိုက်၏။

သို့သော် ဤမျှသိုင်းပညာ ထက်မြက်သော ပုဂ္ဂိုလ်တစ်ယောက်က ဘာကြောင့် မိန်းမကြိုးချည်ထားခြင်းကို ခံနေရသနည်း။

သူသည် ထိုသို့တွေးနေစဉ်မှာပင် အဘိုးအိုသည်အမျိုးသမီးအား ဖေးမလျှက်...

"ဘယ့်နှယ်လဲ၊ နေသာထိုင်သာ ရှိသွားပြီလား"

အဘိုးအိုဓ၏ ချော့မော့နေပုံကို ကျောက်တုံးမြင်လိုက်ရ၏။

"နေစမ်းပါတော်..ရှင်က နှုတ်ကသာချိုနေတာပါ၊ စိတ်ထဲကတော့ ကျွန်မကို မြန်မြန်သေစေချင်နေတယ် မဟုတ်လား"

အဘိုးအိုက လက်ကာပြလိုက်ပြီး...

"သည်လိုမပြောစမ်းပါနဲ့ မိန်းမရေ၊ ကျုပ် စေတနာ မယုတ်တတ်ပါဘူး၊ မင်းအပေါ် ကျုပ်စေတနာ အများကြီးထားပါတယ်"

အမျိုးသမီးသည် သက်ပြင်းရှည် ချလိုက်ပြီး...

"ကျွန်မ အခုတလော ဘယ်လိုဖြစ်နေမှန်း မသိပါဘူး ရှင်က ကျွန်မကို မသေစေချင်ရင် ကျွန်မစိတ်တို စိတ်ဆိုးအောင် မလုပ်နဲ့ပေါ့"

အဘိုးအိုက ခေါင်းတညိတ်ညိတ်ဖြင့်...

"စိတ်ချ..စိတ်ချ၊ မိန်းမ မကြိုက်တာကို ကျုပ်ဘယ်တော့မှ မလုပ်ဘူး၊ နောက်မလုပ်တော့ဘူး ကြားလား"

အမျိုးသမီးက မျက်လုံးစွေ၍ အဘိုးအိုအား ကြည့်လိုက်၏။

"ကျွန်မ ခြေထောက် မထောက်နိုင်တော့ဘူး၊ ပျော့ခွေကုန်ပြီ၊ ရှင် ဘယ့်နှယ့်လုပ်မလဲ"

အဘိုးအိုက ကျေနပ်စွာ ပြုံးလိုက်သည်။

"ဟဲ..ဟဲ..မပူနဲ့ မပူနဲ့ မိန်းမ၊ ကျုပ်ထမ်းခေါ်ပါ့မယ် မိန်းမရယ်"

ပြောပြောဆိုဆို အမျိုးသမီးအား ပွေ့ချီကာ ထိုနေရာမှ ထွက်ခွာသွားတော့၏။

♣ ♣ ♣



အဘိုးအိုတို့ ဇနီးမောင်နှံ ထွက်ခွာသွားပြီးနောက် ကျောက်တုံးသည် ပုန်းကွယ်ရာမှ ထွက်လာသည်။

ထူးဆန်းသော အဘိုးအိုအပေါ် သူစိတ်ဝင်စားလျက် ရှိနေသည်။

အဘိုးအိုက မည်သူနည်း။

သူ၏သိုင်းပညာရပ်က အလွန်မြင့်မားနေသည်။

သို့သော် သူဘာကြောင့် အမျိုးသမီးအား ဤမျှအရှုံးပေး အနိုင်ခံနေရပါသနည်း။

အဘိုးအိုတို့ ဇနီးမောင်နှံသည် နဂါးကိုးကောင်တောင်ကုန်းသို့ အဘယ်အကြောင်းကြောင့် ရောက်ရှိ လာကြပါသနည်း။

အထက်ပါ မေးခွန်းတို့သည် ကျောက်တုံး၏ဦးနှောက်ထဲသို့ စုပြုံဝင်ရောက်နေသည်။

သို့သော်...

ထိုမေးခွန်း၏အဖြေကို သူဖော်ထုတ်နိုင်စွမ်း မရှိခဲ့ပါ။

မိမိမှာ သေရမည့်သေလူတစ်ယောက် ဖြစ်နေပြီ မဟုတ်ပါလား။

ဤပြဿနာတွေကို အသာထားပြီး လုပ်စရာရှိသည်ကိုသာ ဆက်၍ဆောင်ရွက်ရမည်က အဓိကဖြစ်နေသည်။

သူသည် ဤသို့စဉ်းစားမိလိုက်၏။

ထို့နောက် ရှေ့သို့ ခရီးဆက်နှင်ရန် ခြေလှမ်းပြင်လိုက်၏။

"ဟင်..လူလာနေပြန်ပြီ"

ဟုရေရွတ်လိုက်၏။

သူသည် အပြင်သို့မထွက်တော့ဘဲ ကပျာကယာ သစ်ပင်တစ်ပင်၏နောက်သို့ ပြေးဝင်ပုန်းရှောင်လေသည်။

ခေါင်းကိုလည်း အနည်းငယ်စောင်း၍ ငဲ့ကြည့်လိုက်မိလေသည်။

လာချေပြီ။

ဝေါစင်တစ်ခု။

လူနှစ်ယောက် ထမ်းရသော ဝေါစင်ငယ်တစ်ခုဖြစ်သည်။

ထူးခြားသည်မှာ ဝေါစင်ထမ်းသူများမှာ ယောကျ်ားလေး မဟုတ်ပါချေ။

အလွန်လှပချောမော၍ ချစ်စဖွယ်ကောင်းလှသော မိန်းကလေးနှစ်ယောက်က ဝေါစင်ကို ထမ်းလာခြင်းဖြစ်ပါသည်။

ကျောက်တုံး မျက်မှောင်ကုပ်လိုက်၏။

"ဝေါစင်ထဲက လိုက်ပါလာတာ ဘယ်လိုလူစားမျိုးပါလိမ့်။ သည်လောက်ချောမောလှပတဲ့ မိန်းကလေးတွေကို ဘာဖြစ်လို့ ဝေါထမ်းခိုင်းရဘာလဲ"

ကျောက်တုံးတစ်ယောက် စိတ်ထဲ၌ ကြိတ်၍အံ့သြကာ ရေရွတ်နေသည်။

သူသည် ဝေါစင်အား အသေအချာ အကဲခတ်ကြည့်မိလိုက်သည်။

ထိုအခါ ရယ်ချင်လာသည်။

အကြောင်းမှာ ဝေါစင်၏အောက်ဘက်တွင် စီးသူ၏ခြေထောက်နှစ်ချောင်းက ထွက်ပေါ်နေသည်ကို တွေ့မြင်လိုက်ရသော



ကြောင့်ပင်။

ဝေါစင်အတွင်းမှ လိုက်ပါလာသောလူသည် ဝေါစင်ထဲ၌ထိုင်၍လိုက်ပါစီးနင်းလာခြင်း မဟုတ်ပါချေ။

မတ်တတ်ရပ်၍ လိုက်ပါလာနေခြင်းဖြစ်၏။

ဝေါစင်သွားသောအခါ ဝေါစင်အတွင်းမှလူက ခြေလှမ်းလိုက်နေသည်။

သူ၏ခြေထောက်ကို ကျောက်တုံး သေသေချာချာ ကြည့်လိုက်သည်။

သူ အံ့သြသွားလေသည်။

ဝေါစင်အတွင်း၌ လိုက်ပါလာသူ၏ခြေထောက်မှာ မိန်းကလေးတစ်ယောက်၏ ခြေထောက်မဟုတ်ပေ။

ယောကျ်ားတစ်ယောက်၏ ခြေထောက်ဖြစ်နေပေသည်။

ထိုလူသည် အဘယ်ကြောင့် ဝေါကို ယောကျ်ားလေးများကို မထမ်းခိုင်းဘဲ ငယ်ရွယ်နုပျိုသော မိန်းကလေးများအား ထမ်းခိုင်းရသနည်း။

အဘယ်ကြောင့် ဝေါစင်ထဲတွင် ထိုင်လျှက်မလိုက်ပါဘဲ လမ်းလျှောက်၍ လိုက်ပါနေရပါသနည်း။

သူသည် စဉ်းစားမရတော့ဘဲ ဦးနှောက်ခြောက်သွားသည်။

ဝေါစင်အတွင်းမှ ပုဂ္ဂိုလ်သည် ရူးများရူးနေသလား။

သူသည် ထိုသို့စဉ်းစားနေစဉ်...

"ရပ်လိုက်စမ်း"

ဝေါအတွင်းမှ အသံထွက်ပေါ်လာ၏။

ကျောက်တုံး အသက်ပင်မရှူဖို့ဘဲ ဖြစ်သွား၏။

ဝေါစင်ရပ်သွား၏။

“မိန်းကလေး”

ဝေါစင်အတွင်းမှလူ၏ အသံသည် အက်ကွဲနေသော မောင်းသံနှင့်တူသည်ဟု ကျောက်တုံး ထင်လိုက်မိသည်။

သူသည် ဝေါစင်ထမ်းနေသော မိန်းကလေးအား ခေါ်လိုက်လေသည်။

“ရှိပါတယ်ရှင့်”

ရှေ့ဘက်၌ ဝေါစင်ထမ်းနေသော မိန်းမချောလေးက ထူးလိုက်၏။

ဝေါစင်အတွင်းမှ ပုဂ္ဂိုလ်က…

“သည်က လူသေအလောင်းက ဘယ်ရောက်သွားသလဲ”

ဟုမေး၏။

“မသိပါဘူး သခင်”

မိန်းမချောလေးက ခေါင်းခါယမ်း၍ပြန်ဖြေလိုက်လေသည်။

မိန်းမချောလေး၏အသံက ဆည်းလည်းသံမှမာ နားဝင်ချိုလှပေသည်။

“ဘာ…မသိဘူး ဟုတ်လား”

ဟုမေး၏။

“ဟုတ်ပါတယ်…သခင်”

“တန်တော့ ဟိုအဘိုးကြီးလက်ချက်ပဲ ဖြစ်မယ်ထင်တယ်”

“ဟုတ်မယ်ထင်ပါတယ် သခင်၊ ခုနက သူတို့လင်မယား



ထွက်သွားတာကို ကျွန်မတွေ့လိုက်ပါတယ်”

“အေး…သည်လင်မယားက ကျုပ်ရဲ့အလုပ်ကိုဝင်ရှုပ်တယ်၊ သိကြရောပေါ့၊ ကဲ မြန်မြန် သူတို့နောက်အမှီလိုက်ကြ”

“ကောင်းပါပြီ…သခင်”

ဟု မိန်းမချောလေးက ပြောလိုက်သည်။

သူမသည် ယင်းသို့ပြောလိုက်ပြီးသည်နှင့် တပြိုင်နက်ရှေ့သို့ဆက်၍ ဝေါစင်ထမ်းကာ ပြေးလွှားသွားလေသည်။

ဝေါစင်ထဲမှလူ၏ ခြေနှစ်ချောင်းမှာလည်း မိန်းမချောလေးတို့၏ ခြေအမီပြေးကာ လိုက်ပါသွား၏။

ကျောက်တုံးသည် ထိုအခြင်းအရာကြောင့် မနေနိုင်တော့ဘဲ တဟားဟားရယ်မောကျန်ရစ်ခဲ့တော့၏။

♣ ♣ ♣

## အကျဉ်းသား

ကျောက်တုံးသည် နဂါးကိုးကောင်တောင်ကုန်းမှ ထွက်လာခဲ့လေသည်။

သူ ကယ်တင်ပေးရမည့် မိန်းကလေးကိုလည်း မတွေ့ရပါ။ ဓားပြများကိုလည်း မတွေ့ရတော့ပါ။

သူတွေ့ခဲ့ရသည့် ဓားပြတိုင်းသည် မီးလောင်ပြင်၌ သေဆုံးသွားခဲ့ကြပြီ မဟုတ်ပါလား။

ကျောက်တုံး ဘာလုပ်ရမှန်း မသိတော့ပါ။

ထို့ကြောင့် လာရာလမ်းအတိုင်း နောက်ကြောင်းလှည့်ပြန်ရန်ဆုံးဖြတ်လိုက်လေသည်။



ကျောက်တုံးသည် ကျောခိုင်းကာ ထွက်လာခဲ့ရာ တစ်နေရာသို့အရောက်တွင် သစ်ပင်တစ်ပင်အောက်၌ လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူသည် အဝါရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး မျက်နှာဖုံးစွပ်ကာ ရုပ်ဖျက်ထားလေသည်။

ကျောက်တုံး ခြေလှမ်းရပ်သွားသည်။

ထိုလူအား မျက်မှောင်ကုပ်ကာ ကြည့်လိုက်မိလေသည်။

ထိုလူက မေးလာသည်။

"မင်းတွေ့ခဲ့သလား"

ကျောက်တုံးက...

"ကျုပ်က ဘာကိုတွေ့ရမှာလဲ"

"မင်းရှာနေတဲ့ မိန်းကလေးကိုလေ"

"ဪ..ကျုပ်က မိန်းကလေးတစ်ယောက်ကိုရှာဖို့ သည်နေရာကိုလာခဲ့တယ်ဆိုတာ ခင်ဗျားသိနေတာကိုး၊ ခင်ဗျားက ဘယ်သူလဲ ပြောစမ်းပါဦး"

ထိုလူက....

"ကျုပ် ဘယ်သူလဲဆိုတာ အရေးမကြီးဘူး၊ အရေးကြီးတာက လဝန်းပဲ"

"ဘာဗျ"

"လဝန်းက မင်းကယ်တင်ရမယ့် မိန်းကလေးကို မင်းကိုယ်စား ကယ်ထုတ်သွားပြီ၊ ဓားပြတွေကိုလည်း သူပဲဆုံးမလိုက်တာ"

ကျောက်တုံး မယုံနိုင်အောင် ဖြစ်သွားလေသည်။

"လဝန်းက မိန်းကလေးကို ကယ်တင်သွားတယ် ဟုတ်လား"

"ဟုတ်တယ်"

"သူ ဘာကြောင့် သည်လိုလုပ်ရတာလဲ"

"မင်းက မိန်းကလေးကို ကယ်တင်ဖို့ ဓားပြတွေနဲ့ရင်ဆိုင်မယ်ဆိုရင် ဓားပြတွေလက်ချက်နဲ့ မင်းသေသွားမှာကို မလိုလားလို့ပေါ့"

"ခြော်"

လဝန်းသည် သူ့အား သတိပစ်နေလိုသူဖြစ်ပါသည်။

သို့ပါလျှက် သူဒုက္ခရောက်မည်ကို မလိုလားရသည်မှာ အဘယ်ကြောင့်ပါနည်း။

"ခင်ဗျားက လဝန်းကိုသိတယ် ဟုတ်လား"

"သိတာပေါ့"

"ဒါဖြင့် သူက ဘာကြောင့် ဓားပြတွေလက်ချက်နဲ့ ကျုပ်ဒုက္ခရောက်ရမှာကို စိုးရိမ်နေရတာလဲ"

ထိုလူက...

"ဒါကိုတောင် မင်းမစဉ်းစားတတ်ဘူးလား"

"ဘာဗျ"

"သူများလက်ချက်နဲ့ မင်းသေသွားရင် သူကမင်းကို မသတ်လိုက်ရမှာကို စိုးရိမ်လို့ပေါ့"

"ခြော်"

ကျောက်တုံး ဒေါပွသွားလေသည်။



"ကျုပ်က သူ့ကိုကြောက်နေမယ်များ မှတ်သလား"

ထိုလူက...

"နေပါဦး...မင်းက သူ့ကိုမကြောက်ဘူးဆိုရင် ဘာကြောင့် အသက်လိုက်ရှောင်းနေရတာလဲ ပြောစမ်းပါဦး"

"ကျုပ်က.."

"လဝန်းနဲ့တွေ့ရင် မင်းဒုက္ခရောက်သွားမယ်ဆိုတာကို နားလည်ထားတယ် မဟုတ်လား၊ ဒါကြောင့် မထူးတော့ဘူးဆိုပြီး အသက်ကိုလိုက်ရှောင်းနေတာ မဟုတ်လား"

ကျောက်တုံး ခေါင်းခါယမ်းလိုက်သည်။

"မဆိုင်ပါဘူးဗျာ"

"ဒါဖြင့် ဘာကြောင့်လဲ"

"ကျုပ်က.."

ကျောက်တုံး မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေသည်။

ထိုလူက...

"မင်းက လဝန်းကိုကြောက်လို့ မဟုတ်လား"

"ကျုပ် ဘာဖြစ်လို့ ကြောက်ရမှာလဲ"

"ဟား...ဟား...ဟား...မင်းက လဝန်းရဲ့အကြောင်းကို လိုက်စုံစမ်းပြီး အကြောင်းသိသွားတော့ ကြောက်သွားတယ် မဟုတ်လား"

"ခင်ဗျား"

ကျောက်တုံးသည် ဒေါသထွက်ကာ ထိုလူအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုလူ မလှုပ်မယှက် ရပ်နေသည်။

ကျောက်တုံး တိုက်ခိုက်မည့်ဟန်ပြင်သည်ကို လုံးဝအမှုမထားပါချေ။

ကျောက်တုံးလည်း ရုတ်တရက် မတိုက်ခိုက်ဝံ့တော့ချေ။

ထိုလူက ဖြစ်သလို ရပ်နေခြင်းကြောင့် ဟာကွက်များစွာဖြစ်ပေါ်နေသည်။

ဟာကွက်များလွန်းသဖြင့် မည်သို့တိုက်ခိုက်ရမည်ကို ဝေခွဲမရနိုင်တော့ပါ။

ထို့အပြင် ထိုလူခန္ဓာကိုယ်မှ အေးစိမ့်သော အငွေ့အသက်များ ထွက်ပေါ်ကာ ဝန်းကျင်သို့ပျံ့လွင့်နေသည် မဟုတ်ပါလား။

ထိုလူမှာ အလွန်ကြောက်စရာကောင်းသူဖြစ်ကြောင်း ကျောက်တုံး နားလည်လိုက်လေသည်။

ထိုလူက...

"မင်းက လဝန်းကိုနှောင့်ယှက်ခဲ့တယ်၊ ဒါကြောင့် လဝန်းက မင်းကိုချမ်းသာပေးမှာ မဟုတ်ဘူး"

ကျောက်တုံးက...

"ကျုပ်ကလည်း မကြောက်သေးဘူးလို့ ပြောပြီးပြီပဲဗျာ"

"ဒါပေမယ့် မင်းကြောက်နေတာ သိသာတာပဲ"

"ကျုပ်က..."

"မင်းက လဝန်းရဲ့လက်ချက်နဲ့ သေရမယ့်အတူတူ ဖြစ်ချင်ရာဖြစ်ဆိုပြီး အသက်ကို လိုက်ရောင်းနေတာ မဟုတ်လား"

ကျောက်တုံးက အချေအတင် မပြောလိုတော့ပါချေ။

"ခင်ဗျားက လဝန်းလား၊ ဒါဆို ကျုပ်က လဝန်းကိုကြောက်



တယ် မကြောက်ဘူးဆိုတာသိရအောင် လက်တွေ့ရင်ဆိုင်ကြည့်လိုက်ကြတာပေါ့"

စိန်ခေါ်ရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ယခုတစ်ကြိမ် မည်သို့အခြေအနေရှိသည်ဖြစ်စေ သူက တိုက်ခိုက်တော့မည် ဖြစ်ပါသည်။

ထိုလူ လက်ကာပြလိုက်သည်။

"ကျုပ်က လဝန်းဆိုရင်တော့ မင်းနဲ့တိုက်ခိုက်ဦးမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲဗျ"

"လဝန်းက လူတစ်ယောက်ကို သုတ်သင်ရှင်းလင်းပစ်တော့မယ်ဆိုရင် ရက်ချိန်းပေးတယ်၊ ရက်ချိန်းပြည့်တဲ့နေ့ရောက်မှ သုတ်သင်ပစ်တတ်တယ်၊ ဒါ သူ့ရဲ့ထုံးစံပဲ"

"ရက်ချိန်း မပြည့်သေးရင် သူက ဘာမှမလုပ်သေးဘဲ သည်အတိုင်းလွှတ်ထားတာပေါ့ ဟုတ်လား"

"သူက လွှတ်ထားတယ်ဆိုပေမယ့် အဲသည်လူ မသေရလေအောင် သူက ဂရုစိုက်ပါသေးတယ်"

"ဟား..ဟား..ဟား"

ကျောက်တုံး ဟားတိုက်ရယ်မောလိုက်လေသည်။

"ကောင်းတယ်..သိပ်ကောင်းတယ်"

ထိုလူ အံ့သြသွားလေသည်။

"မင်းက ဘာတွေ သဘောကျနေတာလဲ"

ကျောက်တုံးက...

"ရက်ချိန်းမပြည့်သေးခင် ကျုပ်လုပ်ချင်ရာ လုပ်လို့ရပြီပေါ့"

"ဘာ"

"ကျုပ်လုပ်ချင်တာတွေ လျှောက်လုပ်မယ်လေ၊ ခင်ဗျားတို့ လဝန်းက လိုက်ပြီးဖြေရှင်းပေါ့ မကောင်းဘူးလား"

"မင်း..မင်း"

"လဝန်းက လူတကာကို ဒုက္ခပေးခဲ့တယ်၊ ကျုပ်က သူ့ကို ပြန်ပြီးဒုက္ခပေးရမှာပေါ့"

"တောက်"

ထိုလူ ဒေါပွသွားလေသည်။

"လဝန်းက လူတကာကို ဒုက္ခပေးတယ်လို့ မင်းဘာကြောင့် စွပ်စွဲရတာလဲ"

"သူက တပည့်ယော်သားတွေလွှတ်ပြီး လူတစ်ယောက်ကို ရက်ရက်စက်စက် နှိပ်စက်ညှင်းပမ်းခဲ့တာ ကျုပ်လက်တွေ့ပဲဗျ"

ထိုလူ ခေါင်းခါယမ်းလိုက်သည်။

"မင်းမှားနေပြီ"

"ကျုပ် မျက်စိနဲ့ မြင်တွေ့ခဲ့ရတာ ဘယ်လိုလုပ်မှားနိုင်မှာလဲဗျ"

"နေပါဦး အဲသည်လူဟာ ဘယ်သူလဲဆိုတာကော မင်းသိလို့လား"

"သူက..."

ကျောက်တုံး ရုတ်တရက် မည်သို့ပြောရမှန်းမသိ ဖြစ်သွားရှာ၏။



ထိုလူက...

"မင်းတွေ့ခဲ့ရတဲ့လူဟာ မြွေပွေးမြွေဟောက်ထက်တောင် ဆိုးတဲ့လူတစ်ယောက်ပဲ၊ လူသတ်၊ ဓားပြတိုက်၊ သူတပါးသားပျို သမီးပျို ဖျက်ဆီး၊ မကောင်းတာ မှန်သမျှ အကုန်လုပ်တဲ့လူဆိုးဓားပြ ကြီးတစ်ယောက်ပဲ"

ကျောက်တုံး ငိုင်သွားလေသည်။

လဝန်းက လူဆိုးတစ်ယောက်အား ဆုံးမခဲ့ခြင်းဖြစ်သည်။

သူက လူကောင်းမှတ်ကာ ကူညီရန်ကြိုးစားမိခဲ့သည် မဟုတ်ပါလား။

"မင်းက ဘာမသိညာမသိ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စထဲ ပါဝင် ပတ်သက်ချင်တာကိုး၊ လူဆိုးမှန်းမသိ လူကောင်းမှန်းမသိ လဝန်းကို အပြစ်တင် နှောင့်ယှက်ခဲ့တာကြောင့် မင်းဒုက္ခရောက်ရတာပဲ"

ကျောက်တုံး အံကြိတ်လိုက်သည်။

"ကျုပ်က အကြောင်းမသိလို့ ဝင်ရှုပ်မိတယ်ထားဦး၊ သူက ဘာကြောင့် ကျုပ်ကိုဒုက္ခပေးချင်ရတာလဲ ပြောစမ်းပါဦးဗျ"

"မင်းဝင်ရှုပ်တာကို သဘောမကျလို့ပေါ့၊ မင်းကို မဆုံးမ ဘူးဆိုရင် တခြားလူတွေကကော သူ့ကိုလေးစားကြပါဦးမလား"

ကျောက်တုံး နှာခေါင်းရှုံ့လိုက်လေသည်။

"ဟော်တော် ဘဝင်မြင့်တဲ့လူပဲ၊ ဘာပဲဖြစ်ဖြစ် သူ့ကိုပြန် ပြီး ဒုက္ခပေးရမှ ကျုပ်ကျေနပ်မယ်"

ထိုလူက...

"မင်းက ရက်ချိန်းမပြည့်ခင် ထင်ရာတွေလျှောက်လုပ်မယ်

ဆိုရင် လဝန်းက လက်ခံမှာမဟုတ်ဘူး၊ ခုလည်း မင်းဒုက္ခရောက်မှာစိုးလို့ ဓားပြတွေကို သူကဆုံးမလိုက်တယ်၊ အဖမ်းခံထားရတဲ့ မိန်းကလေးကို ကယ်တင်ပြီး သူ့အဖေဆီကို ပြန်ပို့ပေးလိုက်တယ်"

ကျောက်တုံးက...

"ဒါက သူ့သဘောနဲ့သူလုပ်တာပဲ၊ ကျုပ်ခိုင်းတာမှ မဟုတ်တာ"

"ကောင်းပြီလေ၊ မင်း သည်လောက်တောင်ခေါင်းမာနေရင် ရက်ချိန်းပြည့်တဲ့အထိ မင်းဘာမှ မလုပ်နိုင်အောင် မင်းကိုဖမ်းဆီးချုပ်နှောင်ထားလိုက်ရမှာပေါ့"

"ဘာဗျ"

"မင်းကို ဖမ်းထားလိုက်ရင် မင်းဘာမှလျှောက်လုပ်နိုင်တော့မှာ မဟုတ်ဘူးပေါ့"

ကျောက်တုံး ရင်ထိတ်သွား၏။

ကိုယ့်အတတ်ကိုယ်ရူးတော့မည် ဖြစ်ကြောင်းလည်း နားလည်လိုက်လေသည်။

သို့သော် စိုးရိမ်ထိတ်လန့်ဟန်မပြဘဲ ရင်ကော့ပြီးပြောလိုက်လေသည်။

"ကျုပ်ကို ဘယ်သူဖမ်းဆီးနိုင်မှာတဲ့လဲ"

"မင်းတွေ့ရမှာပေါ့"

ထိုလူသည် ရိပ်ခနဲ ရှေ့တိုးလာပြီး ကျောက်တုံးအား တိုက်ခိုက်လိုက်လေသည်။

ကျောက်တုံးလည်း လက်ဝါးနှစ်ဘက်အသုံးပြုကာ ဖြန်



လည်ရင်ဆိုင်လိုက်လေသည်။

"ဟူး"

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာလေသည်

ထိုလူသည် ကျောက်တုံး၏မြင်ကွင်းမှ ရုတ်တရက် ပျောက်ကွယ်သွားလေသည်။

"ဟင်"

ကျောက်တုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

မျက်နှာဖုံးစွပ်ထားသူ မည်သည့်နေရာရောက်ရှိသွားပါသနည်း။

ထိုစဉ် နောက်ကျောဘက်မှ လှုပ်ရှားသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျောက်တုံး ရင်ထိတ်သွား၏။

မျက်နှာဖုံးစွပ်ထားသူမှာ နောက်ကျောဘက်၌ ရောက်ရှိနေပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။

ထိုလူက သူ့အားသွေးကြောပိတ်ကာ ဖမ်းဆီးတော့မည် ဖြစ်ကြောင်း နားလည်လိုက်သည်။

သူက နောက်လှည့်ရင်ဆိုင်ရန် အချိန်မရတော့ကြောင်းလည်း နားလည်လိုက်လေသည်။

ကျောက်တုံးသည် နဂိုကပင် ထင်ရာလုပ်တတ်သူဖြစ်လေသည်။

ယခုလည်း ခုခံရင်ဆိုင်ရန် အချိန်မရဟော့မှန်း နားလည်လိုက်သည်နှင့် ရှေ့သို့ဝမ်းလျားထိုး လှဲချလိုက်သည်။

တဆက်တည်းပင် ခြေထောက်နှစ်ဘက်မြှောက်ကာ ကန်ကျောက်လိုက်လေသည်။

"ဝုန်း"

ကျယ်လောင်သော အသံထွက်ပေါ်လာကာ မျက်နှာဖုံးစွပ်ထားသူမှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

♣ ♣ ♣



"ဟား...ဟား...ဟား"

ကျောက်တုံးက ဟားတိုက်ရယ်မောလိုက်လေသည်။

မျက်နှာဖုံးစွပ်ထားသူအား သူက မထင်မှတ်သောတိုက်ကွက်ဖြင့် တုန့်ပြန်တိုက်ခိုက်နိုင်ခဲ့ပြီ မဟုတ်ပါလား။

မြေပေါ်မှခုန်ထကာ မျက်နှာဖုံးစွပ်ထားသူအား ကြည့်လိုက်လေသည်။

မျက်နှာဖုံးစွပ်ထားသူကလည်း ခုန်ထလာလေသည်။

ကျောက်တုံး၏လက်ချက်မိလိုက်ခြင်းကြောင့် ခံပြင်းသွားလေသည်။

"မင်း...မင်း"

ကျောက်တုံးက...

"ခင်ဗျားက ကျုပ်ကိုဖမ်းထားမယ်လည်း ပြောသေးတယ်၊ ခုတော့ ဘယ်လိုလဲဗျ"

မျက်နှာဖုံးရှင်က...

"စိတ်ချ...မင်းကိုဖမ်းပြီး ရေက်ချိန်းပြည့်တဲ့အထိ ဘာမှမလုပ်နိုင်အောင် အကျဉ်းချထားရမှာပဲ"

ပြောရင်း ရှေ့တိုးလာလေသည်။

ကျောက်တုံးက လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။

မျက်နှာဖုံးရှင်က...

"မင်း သတိသာထားပေတော့"

ရုတ်တရက် ကျောက်တုံးအား ခုန်အုပ်တိုက်ခိုက်လိုက်၏။

"ယား"

ကျောက်တုံးကလည်း ညာသံပေးကာ ဆီးကြိုတိုက်ခို
လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြခြင်းဖြ
သည်။

မျက်နှာဖုံးရှင်သည် ကျောက်တုံး၏ ပြင်းထန်သော လက်
ရိုက်ချက်များကို ရှောင်တိမ်းရင်း ပြန်လည်တိုက်ခိုက်လိုက်လေသ

မျက်နှာဖုံးရှင်၏ သိုင်းပညာမှာ ကျောက်တုံးထက် ပို
အဆင့်မြင့်လေသည်။

ထိပ်တိုက် ရင်ဆိုင်မိလိုက်ကြပြီး...

"ဝုန်း"

ကျယ်လောင်သော အသံထွက်ပေါ်လာလေသည်။

ကျောက်တုံးက ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရ
တော့သည်။

မျက်နှာဖုံးရှင်က...

"မင်း ဘာတတ်နိုင်သေးသလဲ"

ပြောရင်း လျှပ်တပြက် ချဉ်းကပ်သွားကာ ကျောက်တုံး
သွေးကြောထိုးပိတ်လိုက်လေသည်။

ကျောက်တုံးက..

"သွားစမ်း"

ဝေါက်ရင်း လက်ဝါးစောင်းဖြင့် ရိုက်ချလိုက်သည်။

မျက်နှာဖုံးရှင်က ရှောင်တိမ်းခြင်းမပြုဘဲ ကျောက်တုံ



လက်ဝါးပြင်ပေါ် လက်ညှိုးဖြင့် ထောက်ချလိုက်သည်။

"ဟင်"

ကျောက်တုံး ရင်ထိတ်သွား၏။

လက်ဝါးကို ကပျာကယာ ရုပ်သိမ်းလိုက်သော်လည်း နောက်ကျသွားလေသည်။

မျက်နှာဖုံးရှင်၏ လက်ညှိုးသည် ကျောက်တုံး၏လက်ဝါးပြင်အလယ်တည့်တည့်သို့ ထောက်ချမိသွားလေတော့သည်။

"အင်း"

ကျောက်တုံး မသဲမကွဲ ညည်းညူလိုက်ပြီး သွေးကြောပိတ်ခံရသဖြင့် မလှုပ်မယှက် ဖြစ်သွားလေတော့သည်။

မျက်နှာဖုံးရှင်က...

"ကဲ...ပြောစမ်း မင်းဘာတတ်နိုင်သေးသလဲ"

ကျောက်တုံး ဘာမှမတတ်နိုင်တော့ပါ။

သွေးကြောပိတ် အဖမ်းခံလိုက်ရပြီ မဟုတ်ပါလား။

မျက်နှာဖုံးရှင်က...

"ရက်ချိန်းပြည့်တဲ့အထိ မင်းကို ဖမ်းဆီးထားရတော့မှာပဲ"

ဟုပြောကာ ကျောက်တုံးကို ပခုံးပေါ်ထမ်းပြီး ပြေးလွှားသွားလေတော့သည်။

♣ ♣ ♣

ကျောက်တုံး အံကြိတ်လိုက်သည်။

"ကျုပ်က ခင်ဗျားကို ကြောက်နေမယ်များထင်နေသလား"

"မကြောက်တော့ကော မင်းငါ့လက်ထဲ ရောက်နေတာပဲ မဟုတ်လား"

"ခင်ဗျားက ကျုပ်ကို တစ်သက်လုံးဖမ်းဆီးထားလို့ရမယ် မထင်ပါနဲ့ဗျာ"

ကျောက်တုံးက မျက်နှာဖုံးရှင်ကို စိုက်ကြည့်လိုက်သည်။

"ခင်ဗျားက လဝန်းလား"

"သိပ်မှန်တာပေါ့"

"ကောင်းပြီ..ကျုပ်မှတ်ထားလိုက်မယ်၊ ကျုပ်လွတ်မြောက်လာပြီဆိုတာနဲ့ ခင်ဗျားသေဖို့သာ ပြင်ထားပေတော့"

ကျောက်တုံး၏စကားကြောင့် မျက်နှာဖုံးရှင် ဒေါပွသွားလေတော့သည်။

"ပါးစပ် ပိတ်ထားလိုက်စမ်း"

ကျောက်တုံးအား ပါးရိုက်ချလိုက်လေသည်။

ဖမ်းဆီးချုပ်နှောင်ထားခြင်း ခံနေရသောကြောင့် ကျောက်တုံး မရှောင်နိုင်ပါချေ။

"ဖြန်း"

ကျောက်တုံး၏ပါးပြင် တစ်ဘက် နီရဲကာ လက်ငါးချောင်းရာကြီး အထင်းသား ပေါ်လွင်လာလေတော့သည်။

"တော..က်..သတ္တိရှိရင် ကျုပ်ကိုလွှတ်ပေးလိုက်စမ်း"

အော်ငေါက်ရင်း အတင်းရုန်းထွက်လိုက်သည်။

## ခေါင်းမာတဲ့လူ

ကျောက်ဂူကြီးတစ်ခု ဖြစ်သည်။

မျက်နှာဖုံးရှင်သည် ကျောက်တုံးအား ကျောက်ဂူကြီးတစ်ခုသို့ ခေါ်ဆောင်သွားကာ ခြေလက်များကို သံကြိုးဖြင့် ချည်နှောင်ပြီး ဖမ်းဆီးထားလိုက်လေသည်။

ကျောက်တုံးမှာ မျက်နှာဖုံးရှင်၏ အကျဉ်းသားဘဝ ကျရောက်သွားလေတော့သည်။

မျက်နှာဖုံးရှင်က ကျောက်ဂူနံရံနှင့်ကပ်လျှက် သံကြိုးဖြင့် ချည်နှောင်ထားသည့်ကျောက်တုံးကို ကြည့်ပြီး မဲ့ပြုံးပြုံးလိုက်လေသည်။

"ခုတော့ မင်းဘာတတ်နိုင်သေးသလဲ"

သံကြိုးများ၏ တခြင်ခြင်မြည်သံများ ထွက်ပေါ်လာ၏။ မျက်နှာဖုံးရှင်သည် ကျောက်တုံး ဒေါသဖြစ်နေသည်ကို ကြည့်ပြီး တဟားဟား ရယ်မောလိုက်လေသည်။

ကျောက်တုံးက...

"ခင်ဗျားက မိန်းမဆန်လှချည်လား"

မခံချင်အောင် ပြောလိုက်လေသည်။

မျက်နှာဖုံးရှင်က...

"ဪ...ကျုပ်ကို ယောကျ်ားတစ်ယောက် ထင်နေတာကိုး"

"ဘာဗျ"

"ကျုပ်က မိန်းမတစ်ယောက်ဆိုတာ မင်းမေ့နေပြီထ
တယ်"

ကျောက်တုံး ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

မျက်နှာဖုံးရှင်က မျက်နှာဖုံးကို ဖြုတ်လိုက်သည်။

ထိုအခါ ချောမောလှပသော မိန်းကလေးတစ်ယောက်
မျက်နှာထွက်ပေါ်လာလေသည်။

"ဟင်..မင်း...မင်း"

မိန်းကလေးက....

"လဝန်းဟာ မိန်းကလေးတစ်ယောက်ဆိုတာ ရှင်သိထ
သင့်တာပေါ့ရှင်"

ကျောက်တုံး ပါးစပ်အဟောင်းသား ဖြင့် ငေးမောကြည့်
မိ၏။

မိန်းကလေးက ဦးခေါင်းကို တစ်ချက်ခါယမ်းလိုက်ရာ ဂ



ဆံမြီးရှည်နှစ်ချောင်းက ပခုံးတစ်ဘက်တစ်ချက်သို့ ကျလာလေသည်။

မိန်းကလေး(ဝါ) လဝန်းက...

"ကျောက်တုံး..ရှင်ဟာ လူကောင်းတစ်ယောက်ဆိုတာ ကျွန်မသိတယ်၊ ဒါပေမယ့် ကျွန်မကို နှောင့်ယှက်ခဲ့တာကြောင့် ကျွန်မရဲ့စည်းကမ်းအတိုင်း ရှင့်ကိုအရေးယူရမှာပဲ၊ ရှင့်အတွက် စိတ်မကောင်းပါဘူးရှင်"

ကျောက်တုံး သတိဝင်လာလေသည်။

"ကျုပ်က မင်းလုပ်သမျှ ခေါင်းငုံ့ခံနေမယ် ထင်နေသလား"

အော်ငေါက်ရင်း အတင်းရုန်းကန်လိုက်လေသည်။

လဝန်းက ရယ်မောလိုက်လေသည်။

"သံကြိုးတွေပြတ်ထွက်သွားအောင် ရှင်ရုန်းနိုင်မယ်ဆိုရင်တော့ တကယ့်လူစွမ်းကောင်းပဲရှင့်"

မှန်ပေသည်။

ခိုင်ခံ့လှသော သံကြိုးများ ပြတ်တောက်သွားအောင် ရုန်းထွက်ရန်ဆိုသည်မှာ မလွယ်လှချေ။

ကျောက်တုံးသည် လဝန်းလုပ်သမျှ ခံရတော့မည်ကိုတွေးပြီး ဒေါသထွက်နေ၏။

"ငါ့ကိုစော်ကားသမျှ သည်အတိုင်း ခေါင်းငုံ့ခံနေရတော့မှာလား"

လဝန်းက ရက်ချိန်းပြည့်သည်အထိ သူ့အားဖမ်းဆီးထားမည် ဖြစ်ပါသည်။

ရက်ချိန်းပြည့်သည့်နေ့တွင် သူ့အား သတ်ပစ်လိမ့်မည်ဖြစ်

လေသည်။

"မကြာခင် သူ့လက်ချက်နဲ့ သေရမယ့်အတူတူ မထူးပါဘူး"

ကျောက်တုံးက ကိုယ့်ကိုကိုယ် အဆုံးစီရင်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

"ဟား...ဟား...ဟား"

ကျောက်တုံး ဟားတိုက်ရယ်မောလိုက်လေသည်။

လဝန်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ရှင် ဘာရယ်တာလဲ"

"မင်းကို သဘောကျလို့ပေါ့"

"ဘာရှင့်"

"မင်းက ကျုပ်ကို ဖမ်းဆီးချုပ်နှောင်ထားပြီး ရက်ချိန်းပြည့်တဲ့နေ့မှ သတ်ပစ်မယ် ဟုတ်လား"

"ဟုတ်တယ်လေ"

ကျောက်တုံးက...

"ကျုပ်က မင်းဖမ်းဆီးထားတာကို ငြိမ်ခံနေမယ်၊ ရက်ချိန်းပြည့်လို့ သေရမယ့်အချိန်အထိ ကျုပ်က လည်စင်းပြီးစောင့်နေမယ်များ ထင်နေသလား"

လပန်း မျက်မှောင်ကုပ်သွားလေသည်။

"ရှင် ဘာလုပ်မလို့လဲ"

"ကျုပ်က ထွက်ပြေးလို့လည်းမရတော့ဘူးဆိုတော့ ကိုယ့်ကိုကိုယ် အဆုံးစီရင်လိုက်ဖို့ပဲ ရှိတော့တာပေါ့"

"ဟင်"



လဝန်း ထိတ်လန့်သွားလေသည်။

ကျောက်တုံးက...

"ရက်ချိန်းမပြည့်သေးဘဲ ကျုပ်သေသွားပြီဆိုရင် မင်း နာမည်ပျက်ပြီပေါ့"

စကားဆုံးလျှင် ကျောက်တုံးက ဦးခေါင်းနှင့်ကျောက်ဂူနံရံကို ပြေးဆောင့်လိုက်လေသည်။

"မလုပ်နဲ့"

လဝန်း ထိတ်လန့်သွား၏။

ကပျာကယာ ဟန့်တားလိုက်သော်လည်း နောက်ကျသွားပြီဖြစ်လေသည်။

"ခွပ်"

ကျောက်တုံး၏ဦးခေါင်း၌ သွေးချင်းချင်း နီရဲကာ လဲကျသွားလေတော့သည်။

♣ ♣ ♣

"ဒုက္ခပါပဲ"

လဝန်း ညည်းတွားလိုက်လေသည်။

ကျောက်တုံး၏ ဦးခေါင်း၌ သွေးချင်းချင်းနီရဲနေ၏။

ကျောက်တုံးသည် မြေပေါ်လဲကျကာ မလှုပ်မယှက် ဖြစ်နေပါတော့သည်။

လဝန်းက...

"သူသေသွားပြီ ထင်တယ်"

ကျောက်တုံးအနီးသို့ ချဉ်းကပ်သွားပြီး စမ်းသပ်စစ်ဆေးလိုက်လေသည်။

ကျောက်တုံး၏ ဦးခေါင်းကွဲကာ သွေးများစီးကျနေသော်လည်း အသက်ရှင်နေသေးသည်ကို တွေ့ရ၏။

"တော်ပါသေးရဲ့"

လဝန်း ညည်းတွားလိုက်လေသည်။

ကျောက်တုံး သေဆုံးသွား၍ မဖြစ်သေးပါ။

ရက်ချိန်းမပြည့်မီ သေဆုံးသွားပါက သူမ နာမည်ပျက်လိမ့်မည် မဟုတ်ပါလား။

လဝန်းသည်လည်း ခေါင်းမာသော မိန်းကလေးတစ်ယောက် ဖြစ်ပါတော့သည်။

"သူ့ကို အချိန်မီ ဆေးကုပေးမှဖြစ်မယ်"

လဝန်းသည် ကျောက်တုံး၏ခြေလက်များ၌ ချည်နှောင်ထားသော သံကြိုးကိုဖြုတ်ပေးလိုက်သည်။

ထို့နောက် ရေတစ်ခွက်ခပ်ကာ ဦးခေါင်း၌ပေကျံနေသော



သွေးများကို သုတ်ပေးလိုက်သည်။

ကျောက်တုံး သက်တောင့်သက်သာ လှဲလျောင်းနေနိုင်အောင် ပြုလုပ်ပေးလိုက်လေသည်။

ကျောက်တုံးမှာ အသက်မျှင်းမျှင်း ရှူရှိုက်ရင်း သတိလစ် မေ့မျောနေသည်။

လဝန်းက အသက်ကယ်ဆေးတစ်လုံး ထုတ်ကာ အမှုန့်ချေပြီး ကျောက်တုံး၏ဦးခေါင်းမှဒဏ်ရာ၌ ဆေးသိပ်ပေးလိုက်သည်။

တဖန် သွေးတိတ်သွားစေရန် သွေးကြောအချို့ ပိတ်ထားလိုက်သည်။

ကျောက်တုံးအား အနီးကပ်ထိတွေ့ကိုင်တွယ်ကာ ပြုစုပေးနေရသည်ကို ပြန်လည်သတိပြုမိသွားတော့မှ...

"အို"

လဝန်း၏မျက်နှာ နီမြန်းသွားကာ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။ ကျောက်တုံးက မလှုပ်မယှက်။

လဝန်းသည် ကျောက်တုံးကို တစ်ချက်ကြည့်ပြီး ကျောက်ဂူထဲမှ ပြေးထွက်သွားလေတော့သည်။

လဝန်းထွက်သွားပြီး မရှေးမနှောင်းမှာပင် ကျောက်တုံး မျက်လုံးဖွင့်လိုက်လေသည်။

သူက သတိလစ် မေ့မျောချင်ဟန်ဆောင်နေခြင်း ဖြစ်သည်။

လဝန်းထွက်သွားသည်နှင့် အခွင့်အရေးကို လက်လွတ်မခံဘဲ လူးလိမ့်ထကာ ကျောက်ဂူထဲမှ ပြေးထွက်လာခဲ့လေတော့သည်။

♣ ♣ ♣

လူဆိုး

ကျောက်တုံးသည် လဝန်း၏လက်ထဲမှ လွတ်မြောက်လာခဲ့ပြီဖြစ်လေသည်။

ကျောက်တုံးက သုံးရက်လုံးလုံး မရပ်မနား ခရီးနှင်သွားလေသည်။

သို့ဖြင့် မြို့ကလေးတစ်မြို့သို့ ရောက်ရှိသွားလေသည်။

ထိုမြို့ကလေး၌ ခွေနဂါးသိုင်းအဖွဲ့က နာမည်ရှိလေသည်။

ခွေနဂါးအဖွဲ့ ခေါင်းဆောင်မှာ 'ကျင်းလုံ' ဆိုသူဖြစ်သည်။

ကျင်းလုံသည် ခွေနဂါးအဖွဲ့သားများအား ဦးဆောင်ကာ အများအကျိုး သိုင်းလောကအကျိုး ဆောင်ရွက်နေသည့် အဖြူရောင်သိုင်းသမား တစ်ယောက်လည်းဖြစ်လေသည်။



ကျောက်တုံး ရောက်ရှိလာသောအခါ မြို့ကလေးမှာ ခြောက်သွေ့တိတ်ဆိတ်နေ၏။

လမ်းပေါ်၌ လူသွားလူလာရှင်းကာ ဈေးဆိုင်များ၊ အိမ်များက တံခါးပိတ်ထားကြလေသည်။

ကျောက်တုံး အံ့သြသွားလေသည်။

"သည်မြို့ကလေးမှာ တစ်စုံတစ်ခုဖြစ်နေပုံရတယ်"

မည်သို့သော အကြောင်းကိစ္စဖြစ်ပွားနေသည်ကိုမူ သူမသိပါ။

ကျောက်တုံး ဟိုဟိုသည်သည် ငေးမောကြည့်ရင်း ရှေ့ဆက်သွားလိုက်သောအခါ လမ်းဆုံလမ်းခွတစ်ခုသို့ ရောက်ရှိသွားပြီး လူစုနှစ်စုက မျက်နှာချင်းဆိုင်ရပ်နေကြသည်ကို တွေ့ရလေသည်။

လူတစ်စု၏ရှေ့၌ အဝါရောင်အလံတစ်ခု စိုက်ထူထား၏။

အလံပေါ်၌ ခွေနဂါးတစ်ကောင်၏ ရုပ်ပုံရှိလေသည်။

ကျင်းလုံ ဦးဆောင်သော ခွေနဂါးဂိုဏ်းသားများ ဖြစ်ကြလေသည်။

ကျန်လူစုကား အနက်ရောင်ဝတ်ဆင်ထားကြပြီး မုတ်ဆိတ်မွေး ပါးမြိုင်းမွေးထူထပ်စွာရှိသော လူသန်ကြီးတစ်ယောက်က ဦးဆောင်ထားလေသည်။

လူသန်ကြီး ဦးဆောင်သောလူစုမှာ ဒုစရိုက်သမားများဖြစ်ကြပြီး ခွေနဂါးဂိုဏ်းကို ချေမှုန်းကာ ဤမြို့ကလေးအား လက်ဝါးကြီးအုပ်ရန် ကြိုးစားနေကြခြင်း ဖြစ်ပေတော့သည်။

ကျောက်တုံး ရောက်သွားချိန်၌ ကျင်းလုံနှင့် လူသန်ကြီးတို့

ထိပ်တိုက်ရင်ဆိုင်မိကြပြီ ဖြစ်လေသည်။

လူသန်ကြီးက...

"ကျင်းလုံ..မင်းတို့လူစု သည်မြို့က အေးအေးဆေးဆေး ထွက်သွားကြရင်ကောင်းမယ်၊ ဒါမှမဟုတ်ရင် ကျုပ်က မင်းတို့ကို မောင်းထုတ်ရလိမ့်မယ်"

ဟုခြိမ်းခြောက်ပြောဆိုလိုက်လေသည်။

"ဟား..ဟား..ဟား"

ကျင်းလုံက ဟားတိုက်ရယ်မောလိုက်လေသည်။

"လူသန်ကြီး..ခင်ဗျားတို့လူစုက သည်မြို့ကလေးရဲ့ အေးချမ်းသာယာမှုကို ဖျက်ဆီးပစ်မယ့်လူတွေပဲဗျာ၊ ကျုပ်က အလျှော့ပေးပြီး ထွက်သွားရမှာလား၊ ခင်ဗျားတို့ ရွှေနဂါးအဖွဲ့အကြောင်း မသိသေးဘူးထင်တယ်"

လူသန်ကြီးက...

"မင်းတို့ ရွှေနဂါးအဖွဲ့ကို တခြားလူတွေက အထင်ကြီးချင်ကြီးကြလိမ့်မယ်၊ ကျုပ်ကတော့ ဂရုမစိုက်ဘူး၊ မင်းတို့ကို မောင်းထုတ်ရလိမ့်မယ်"

"ကောင်းပြီလေ၊ ခင်ဗျားတို့ မောင်းထုတ်နိုင်ရင် ကျုပ်ထွက်သွားပါ့မယ်"

"ဒါဖြင့် သတိထားပေတော့"

လူသန်ကြီးက သတိပေးရင်း လက်ဝါးနှစ်ဘက်အသုံးပြုကာ စတင်တိုက်ခိုက်လိုက်လေသည်။

ကျင်းလုံကလည်း နဂါးအမောက်ထောင် သိုင်းကွက်ဖြင့်



ပြန်လည်တိုက်ခိုက်လိုက်၏။

ခေါင်းဆောင်နှစ်ယောက် တိုက်ခိုက်လိုက်ကြသောအခါ နှစ်ဘက်ငယ်သားများလည်း ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြလေတော့သည်။

♣ ♣ ♣

လမ်းပေါ်၌ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပေါ်လာလေသည်။

ရွှေနဂါးဂိုဏ်းသားများနှင့် လူသန်ကြီးတို့လူစု ရင်ဆိုင်တိုက်ခိုက်နေကြလေသည်။

လူသန်ကြီးတို့သည် ကျင်းလုံတို့အား အနိုင်တိုက်ခိုက်ကာ ဤမြို့ကလေးအား လွှမ်းမိုးရန် ကြိုးစားလိုကြသည်။

သို့သော် တကယ်တမ်း ယှဉ်ပြိုင်တိုက်ခိုက်လိုက်ကြသောအခါ လူသန်ကြီးတို့ အရေးနိမ့်သွားကြလေတော့သည်။

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

လူသန်ကြီးတို့လူစု တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

လူသန်ကြီး မျက်နှာပျက်သွားလေသည်။

"ကျင်းလုံ..ကျုပ်တို့ ပြန်တွေ့ကြသေးတာပေါ့"

ဟု ကြိမ်းမောင်းပြောဆိုကာ ပြေးလွှားသွားတော့သည်။

သူ၏လူများလည်း လိုက်ပါသွားကြသည်။

ကျင်းလုံက...

"နောက်တစ်ခါဆိုရင်တော့ ကျုပ်က ချမ်းသာပေးတော့မှာ မဟုတ်ဘူးဆိုတာ မှတ်ထားပါဗျာ"

ဟုအော်ပြောလိုက်သည်။

ထို့နောက်..

"ကဲ..ရောင်းရင်းတို့ လူသန်ကြီးတို့ကို အောင်ပွဲခံနိုင်လိုက်တဲ့ အထိမ်းအမှတ်နဲ့ သွားပြီး စားသောက်ကြတာပေါ့"

သူ၏လူများကိုခေါ်ကာ ထွက်သွားလေတော့သည်။

ကျောက်တုံး သက်ပြင်းချမိသည်။

တိုက်ပွဲပြီးသွားပြီဖြစ်၍ လမ်းပေါ်၌သွားလာလှုပ်ရှားသူများ ထွက်ပေါ်လာကြလေသည်။

ဈေးဆိုင်များ၊ အိမ်တံခါးများလည်း ဖွင့်လိုက်သည်။

မျက်လှည့်ပြလိုက်သည့်အလား မြို့ကလေးမှာ လှုပ်ရှားသက်ဝင်သွားလေတော့သည်။

"တော်တော် အပြောင်းအလဲမြန်တဲ့ မြို့ကလေးပါလား"

ကျောက်တုံး မှတ်ချက်ချလိုက်လေသည်။

ထိုအချိန်မှာပင်....

"ရှင် ဘာတွေ တွေးနေတာလဲ"

ချိုလွင်သော စကားသံ နောက်ကျောဘက်မှ ထွက်ပေါ်လာလေသည်။



ကျောက်တုံး ရင်ထိတ်သွား၏။

ကြားလိုက်ရသည့် စကားသံမှာ လဝန်း၏အသံ မဟုတ်ပါလား။

"လဝန်း"

ကျောက်တုံးက ကပျာကယာ နောက်လှည့်ကြည့်လိုက်၏။

ထိုအခါ မလှမ်းမကမ်း၌ ပြုံး၍ရပ်နေသော လဝန်းကို တွေ့လိုက်ရလေသည်။

လဝန်းက...

"ရှင်တော်တော် ဟန်ဆောင်ကောင်းတာပဲ"

"ဘာဗျ"

"ရှင်က သေချင်ဟန်ဆောင်ပြီး ကျွန်မကို လှည့်စားခဲ့တာပေါ့လေ"

လဝန်းက ပြောရင်းရှေ့တိုးလာလေသည်။

ကျောက်တုံး နောက်ဆုတ်လိုက်သည်။

လဝန်း၏သိုင်းပညာက သူ့ထက်ပိုသာသည် ဖြစ်ရကား ကြာရှည်ရင်ဆိုင်နိုင်မည် မဟုတ်ကြောင်း နားလည်ထားလေသည်။

"ရက်ချိန်း မပြည့်သေးတာ ကံကောင်းတာပဲ၊ သူက ငါ့ကိုဒုက္ခပေးမယ်ဆိုရင် ငါကလည်း သူ့ကိုပြန်ပြီး ဒုက္ခပေးဖို့ကြိုးစားရလိမ့်မယ်"

ကျောက်တုံးမှာ သူ၏ဉာဉ်အတိုင်း လဝန်းကို အစွဲ့တိုက်လိုစိတ်များ ဖြစ်ပေါ်လာလေသည်။

"သိကြသေးတာပေါ့"

ကျောက်တုံးစိတ်ထဲမှ ကြုံးဝါးပြီး ချာခနဲ လှည့်ကာထွက်ပြေးသွားလေတော့သည်။

လဝန်းကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ရှင်..ရှင်"

သူမသည် မြေပေါ်ခြေဆောင့်ကာ အော်ငေါက်လိုက်လေသည်။

"ကျောက်တုံး ရှင်ပြေးလို့ လွတ်မယ်ထင်သလား"

ကျောက်တုံး နောက်သို့ ပြေးလိုက်သွားလေတော့သည်။

♣ ♣ ♣



ကျောက်တုံးက စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ ပြေးဝင်သွားခြင်းဖြစ်သည်။

ရွှေနဂါးကျင်းလုံတို့လူစုက ထိုစားသောက်ဆိုင်ထဲသို့ ဝင်သွားကြသည်ကို သူတွေ့ထားသည် မဟုတ်ပါလား။

ကျောက်တုံး ဆိုင်ထဲရောက်သွားသောအခါ ကျင်းလုံတို့လူစုအောင်ပွဲခံကာ စားသောက်နေကြသည်ကို တွေ့လိုက်ရလေသည်။

ကျောက်တုံးက ခပ်သွက်သွက် လှမ်းသွားလိုက်သည်။

ကျင်းလုံတို့၏ စားပွဲသို့ရောက်လျှင်..

"ကျုပ်လည်း အရက်တစ်ခွက် သောက်မယ်"

ဟုပြောကာ ကျင်းလုံ၏ရှေ့မှ အရက်ခွက်ကို ဆွဲယူပြီး မော့သောက်လိုက်လေသည်။

"ဟင်"

ကျင်းလုံ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ကျောက်တုံးကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"မင်းက ဘာသဘောလဲ"

ကျောက်တုံးက...

"အရက်သောက်တာလေ၊ ဘာလဲ ခင်ဗျားက မကျေနပ်ဘူးလားဗျ"

"ဘာ"

"ခင်ဗျား မကျေနပ်လည်း ကျုပ်ဂရုမစိုက်ဘူးဆိုတာ မှတ်ထားပါ"

"မင်း..မင်း"

ကျင်းလုံသည် အကြောင်းမဲ့ စော်ကားခံလိုက်ရသည်ဟူ၍ ဒေါသထွက်သွားလေတော့သည်။

"သည်ကောင် တော်တော်စော်ကားတာပဲ"

"ဆုံးမလိုက်ကွာ"

ကျင်းလုံ၏လူများလည်း မကျေမနပ်ဖြစ်ကာ ဝုန်းခနဲ ထရပ်လိုက်ကြ၏။

ကျောက်တုံး ရန်စလိုက်ခြင်းကြောင့် ပြဿနာဖြစ်ပေါ်လာလေတော့သည်။

ကျောက်တုံးက...

"လာကြစမ်းပါ၊ ကျုပ်ကလည်း ခင်ဗျားတို့ကို ဆုံးမချင်နေတာနဲ့ အတော်ပဲ"

"ချကွာ"

"သေပေတော့"

ကျင်းလုံ၏လူများက ကျောက်တုံးအား တိုက်ခိုက်လိုက်ကြလေသည်။

ကျောက်တုံးကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

တိုက်ပွဲဖြစ်ပေါ်လာပြီး...

"ဝုန်း"

"အမယ်လေး"

ကျောက်တုံး၏လက်ချက်ကြောင့် ကျင်းလုံ၏လူနှစ်ယောက် လွင့်စဉ်သွားကြတော့သည်။

ကျင်းလုံ သည်းမခံနိုင်တော့ပါ။



"တောက်..စော်ကားလိုက်တာ သိကြသေးတာပေါ့"

ကိုယ်တိုင်ရင်ဆိုင်ရန် ခုန်ထလိုက်လေသည်။

ကျောက်တုံး ရယ်မောလိုက်သည်။

"ကောင်းတယ်၊ ကျုပ်က ခင်ဗျားကို ဆုံးမချင်နေတာ"

ကျင်းလုံနှင့် ရွှေနဂါးအဖွဲ့သားများသည် ကျောက်တုံးကို ဝိုင်းရံထားလိုက်ကြလေသည်။

ကျောက်တုံး၏ သိုင်းပညာ ထက်မြက်သည်မှန်သော်လည်း ကျင်းလုံတို့လူစုကို အနိုင်ရရန် မလွယ်လှပါချေ။

ကျောက်တုံးကလည်း သိထား၏။

သို့သော်..

လဝ်နန်းကို အရွဲ့တိုက်ကာ ကျင်းလုံတို့နှင့် ရင်ဆိုင်လိုက်ခြင်းဖြစ်လေသည်။

ကျောက်တုံးနှင့် ကျင်းလုံတို့လူစု ရင်ဆိုင်လိုက်ကြစဉ်မှာပင်

"ရပ်လိုက်"

လူတစ်ယောက် ပြေးလွှားရောက်ရှိလာပြီး ဟန့်တားလိုက်လေသည်။

လဝန်းဖြစ်ပါသည်။

ကျင်းလုံတို့လူစုက လဝန်းကို အမှုမထားဘဲ ကျောက်တုံးကို တိုက်ခိုက်လိုက်ကြသောအခါ လဝန်းလည်း မတတ်သာတော့ဘဲ ကျောက်တုံးဘက်မှ ပါဝင်ကူညီတိုက်ခိုက်လိုက်ရလေတော့သည်။

လဝန်း ပါဝင်ကူညီ လိုက်သောအခါ တိုက်ပွဲအခြေအနေမှာ တမျိုးပြောင်းလဲသွားလေသည်။

"ဝုန်း"

"အား"

"အမယ်လေး"

ကျင်းလုံတို့လူစု တခဏအတွင်း ဖရိုဖရဲဖြစ်သွားကြလေတော့သည်။

လဝန်း၏လက်ချက်ကြောင့် ကျင်းလုံလည်း ဒဏ်ရာရရှိကာ နှုတ်ခမ်းထောင့်မှ သွေးများစီးကျလာတော့သည်။

ကျင်းလုံတို့သည် ဆက်၍တိုက်ခိုက်ခြင်း မပြုဝံ့တော့ဘဲ နောက်ဆုတ်လိုက်ကြလေသည်။

လဝန်းကလည်း နောက်ဆုတ်လိုက်သည်။

သူမသည် ကျင်းလုံတို့အား အမှုထားသည် မဟုတ်ပါ။

ကျောက်တုံး ဒုက္ခရောက်သွားမည်ကို စိုးရိမ်ကာ ကြားဝင်လိုက်ခြင်းဖြစ်ပါသည်။

သူမ ဝင်ရောက်တိုက်ခိုက်လိုက်သည်နှင့် ကျောက်တုံးက ထွက်ပြေးသွားလေတော့သည်။

♣ ♣ ♣



ကျောက်တုံးက ရွှေနဂါးဂိုဏ်းအား တိုက်ခိုက်ခဲ့သော သတင်းသည် တောမီးလောင်သည့်အလား တမဟုတ်ချင်း ပျံ့နှံ့သွားလေသည်။

အားလုံးက ကျောက်တုံးအား လူဆိုးတစ်ယောက်ဟု သတ်မှတ်လိုက်ကြတော့သည်။

ကျောက်တုံးက ရှောင်တိမ်းထွက်ပြေးရင်း အန္တရာယ်ပေးစွမ်းနိုင်သည့် သိုင်းအဖွဲ့များအား နှောင့်ယှက်တိုက်ခိုက်ခဲ့လေသည်။

နောက်မှ တကောက်ကောက်လိုက်နေသည့် လဝန်းကလည်းကျောက်တုံး ဒုက္ခရောက်မည်ကို စိုးရိမ်ကာ ကူညီရလေသည်။

ထို့ကြောင့် သူမလည်း တိုက်ပွဲပေါင်းများစွာနှင့် ရင်ဆိုင်ခဲ့ရလေတော့သည်။

ကျောက်တုံးက ဝါရင့်ထိပ်သီးသိုင်းသမားကြီးများကိုပါ ရန်ရှာလေသောကြောင့် လဝန်းလည်း ရင်ဆိုင်ခဲ့ရပြီး တိုက်ပွဲတစ်ခု၌ ဒဏ်ရာရရှိသွားခဲ့လေတော့သည်။

လဝန်းသည် ကျောက်တုံးအား ဆက်လက်ကာကွယ်စောင့်ရှောက်နိုင်စွမ်း မရှိတော့ပါချေ။

ဒဏ်ရာရထားပြီဖြစ်ရကား ရှောင်တိမ်းပျောက်ကွယ်သွားတော့သည်။

ကျောက်တုံးမှာ လဂန်း၏အန္တရာယ်မှ လွတ်မြောက်သွားခဲ့သည်။

သို့သော်...

ဘယ်နေရာကိုရောက်ရောက် အားလုံးက သူ့အား လူဆိုး

တစ်ယောက်ဟု သဘောထားဆက်ဆံကြလေသည်။

ကျောက်တုံးအတွက် သွားစရာနေရာမရှိတော့သလောက် ဖြစ်ရလေတော့သည်။

ကျောက်တုံးမှာ လဝန်းကို အရွဲ့တိုက်မိခြင်းဖြင့် အမှောင်လောကထဲသို့ မရောက်ချင်ဘဲ ရောက်ခဲ့ရလေတော့သည်။

♣ ♣ ♣

## လမ်းနှစ်သွယ်

ကောင်းကင်ပေါ်၌ လဝန်းထွက်ပေါ်လာပြီဖြစ်သည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံးအေးမြသာယာနေပါသည်။

ကျောက်တုံးက သစ်ပင်အောက်မှ ခုံတန်းလျားလေးပေါ်၌ တစ်ယောက်ထဲ ထိုင်နေဆဲ...။

သူ၏အတွေးစများက ပျံ့လွင့်နေဆဲ...။

ကျစ်ဆံမြီး..။

ကျစ်ဆံမြီးရှည်ရှိသော လဝန်းက ဒုက္ခပေးခဲ့ခြင်းကြောင့် အမှောင်လောကထဲ ရောက်ခဲ့ရသည်။

ဒုစရိုက်နယ်ထဲသို့ ခြေကျွံပြီးသည့်နောက် ပြန်နုတ်၍မရနိုင်တော့ပါ။

ကျောက်တုံးသည် လူဆိုးတစ်ယောက်အဖြစ် သတ်မှတ်ခံရပြီး စိတ်ပျက်လက်ပျက်ဖြင့် ထင်ရာစိုင်းခဲ့သည်။

နောက်ပိုင်းတွင် အစ်ကိုကြီးကျန်းမာနှင့် ပတ်သက်ခဲ့ရလေတော့သည်။

ကျန်းမာနှင့် ပတ်သက်ပြီးနောက် ကျောက်တုံးမှာ အမှောင်လောကထဲမှ ပို၍ရုန်းမထွက်နိုင်တော့ပါချေ။

ကျောက်တုံး ထိုင်ရာမှထလိုက်သည်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ မုန်းလျှို၏အခန်းမှ မီးလင်းနေသည်ကို တွေ့ရလေသည်။

မုန်းလျှိုက အိပ်စက်ခြင်းမပြုသေးကြောင်း ထင်ရှားလေသည်။

ကျောက်တုံးက တစ်ချက်ကြည့်ပြီး သစ်ပင်အောက်မှ လှမ်းထွက်လိုက်လေသည်။

ရုတ်တရက်...

သူ၏နောက်ကျော၌ အေးစိမ့်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

ခြေလှမ်းများလည်း တုန့်ခနဲ ရပ်တန့်သွား၏။

အနီးပတ်ဝန်းကျင်၌ တစ်စုံတစ်ယောက် ရောက်ရှိနေပြီဖြစ်ကြောင်း နားလည်လိုက်သည်။

ကျောက်တုံး၏ လက်တစ်ဘက်က ဝှက်ထားသော ဓားကို အချိန်မရွေး ဆွဲထုတ်နိုင်အောင် အသင့်ပြင်ထားလိုက်သည်။

ကြောင်ရိုင်းတစ်ကောင်ကဲ့သို့ လျင်မြန်သွက်လက်မှုမျိုးဖြင့်



ချာခနဲ နောက်လှည့်လိုက်လေသည်။

ထိုအခါ မလှမ်းမကမ်း အမှောင်ရိပ်ထဲ၌ ရပ်နေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

လူရိပ်က မသဲကွဲပါ။

သို့သော် ထိုလူမှာ ကျန်းမာဖြစ်ကြောင်း ကျောက်တုံးသိရှိလိုက်လေသည်။

"အစ်ကိုကြီး...ခင်ဗျားရောက်လာမှတော့ ထွက်လာခဲ့ပါဗျာ"

ကျောက်တုံးက ပြောလိုက်လေသည်။

ရယ်သံတစ်ချက် ထွက်ပေါ်လာသည်။

ကျန်းမာက အမှောင်ရိပ်ထဲမှ လှမ်းထွက်လာလေသည်။

ကျောက်တုံးက...

"ချင်းလီတို့အကြောင်း ပေါ်ပေါက်သွားတာနဲ့ အစ်ကိုကြီးက ကျုပ်ဆီကို ရောက်လာလိမ့်မယ်ဆိုတာ ကျုပ်သိပြီးသားပါဗျာ"

ကျန်းမာက...

"မင်းက ချင်းလီကို ဥပေက္ခာပြုလိုက်မယ်လို့ ကျုပ်မထင်မိဘူး"

ကျောက်တုံးက...

"ကျုပ်က ဘယ်သူနဲ့မှ လက်တွဲပြီးမလုပ်ချင်တော့ဘူးဗျ"

"မင်းက တစ်ကိုယ်တော် လှုပ်ရှားတော့မယ်ပေါ့ဟုတ်လား"

"တစ်ကိုယ်တော်က အကောင်းဆုံးပဲ မဟုတ်လားဗျာ"

ကျန်းမာ မကျေမနပ်ဖြစ်သွားလေသည်။

"ကျောက်တုံး...မင်း ငါ့အကြောင်းသိတယ် မဟုတ်လား"

"သိတာပေါ့ဗျာ"

ကျန်းမာသည် ရန်ငြိုးထားတတ်သည့်လူစားမျိုးဖြစ်သည်။ သူနှင့်ရန်သူဖြစ်ပါက အမြဲသတိရှိနေရမည်ဖြစ်သည်။ သို့မဟုတ်ပါက အလစ်အငိုက်တွင် ကျန်းမာ၏သုတ်သင်ခြင်းခံရမည် ဖြစ်လေသည်

ကျန်းမာသည် သူ့ထံ၌ အလုပ်လုပ်နေသူတစ်ယောက်က သူ့အားသစ္စာဖောက်ခြင်း၊ လက်တွဲဖြုတ်ကာ လမ်းခွဲသွားခြင်းမျိုးကိုလည်း လက်မခံပါ။ ထိုသို့ပြုလုပ်သူများအား တနည်းနည်းနှင့် သုတ်သင်ရှင်း လင်းပစ်တတ်လေသည်။

ဖေးယွင်က လမ်းခွဲခဲ့ခြင်းကြောင့် ဒုက္ခပေးခဲ့သည်မှာ သာဓကတစ်ခုပင် မဟုတ်ပါလား။

ကျောက်တုံးက လမ်းခွဲလိုက်မည်ဆိုလျှင်လည်း ကျန်းမာက သဘောကျမည် မဟုတ်ပါ။

ကျန်းမာသည် သူ၏အကြောင်း သိထားသူများကို နှုတ်ပိတ်ပစ်ရမှ လုံခြုံစိတ်ချရမည်ဟု ခံယူထားသူဖြစ်ပါသည်။

ကျန်းမာက...

"ကျောက်တုံး...ငါက စိတ်ရှည်သည်းခံတတ်တဲ့ လူစားမျိုးလည်း မဟုတ်ဘူး"

ကျောက်တုံး ခေါင်းညိတ်လိုက်သည်။

"အစ်ကိုကြီးကျန်းမာအကြောင်း ကျုပ်သိပါတယ်ဗျာ"

"ဒါဖြင့် မင်းက ချင်းလီကို ဘာကြောင့်ဒုက္ခပေးလိုက်ရတာလဲ"



"ကျုပ်က သူ့ကို သဘောမကျဘူး"

ကျောက်တုံး ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

ကျန်းမာက...

"ချင်းလီက ငွေအတော်များများ ရလိုက်တယ်၊ ဒါပေမယ့် မင်းကြောင့် ဒုက္ခရောက်သွားတယ်၊ မင်းက သူ့ကိုဒုက္ခပေးပြီး ဖေးယွင်ကို ကူညီလိုက်တာပဲကွ"

ကျောက်တုံးက....

"ဖေးယွင်က အပြစ်မှမရှိတာ"

ကျန်းမာ၏မျက်နှာ ခက်ထန်သွားလေသည်။

"သူက ငါ့ကိုဒုက္ခပေးချင်တာ အပြစ်ပေါ့ကွ"

ကျောက်တုံး ပါးစပ်ပိတ်ထားလိုက်လေသည်။

ကျန်းမာက...

"ကျောက်တုံး...မင်းက ဘယ်လိုသဘောလဲ၊ ဖေးယွင်ကို ကူညီလိုက်ကတည်းက ငါနဲ့လမ်းခွဲတော့မယ်ဆိုတဲ့ သဘော မဟုတ်လား"

ကျောက်တုံးကလည်း ပြတ်ပြတ်သားသား ပြောလိုက်လေသည်။

"ဟုတ်တယ်..ကျုပ်တို့နှစ်ယောက် လမ်းခွဲလိုက်ကြတာ အကောင်းဆုံးပါပဲ"

"မင်း..."

"ကျုပ်က မကောင်းတာ မလုပ်ချင်တော့ဘူး၊ ဒါကြောင့် အစ်ကိုကြီး ဘယ်လိုမှ သဘောမထားစေချင်ဘူး"

ကျန်းမာ တက်ခေါက်လိုက်လေသည်။

"ကျောက်တုံး..မင်းရဲ့ ဆုံးဖြတ်ချက်ကို မပြင်ဘူးဆိုရင် ဒုက္ခရောက်သွားလိမ့်မယ်နော်"

"ကျုပ် ဆုံးဖြတ်ပြီးပါပြီဗျာ၊ မပြင်တော့ပါဘူး"

"ကောင်းပြီလေ၊ တို့နှစ်ယောက် ပြန်ပြီးဆုံတွေ့ကြသေးတာပေါ့"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားလေသည်။

ကျောက်တုံး မလှုပ်မယှက် ရပ်နေလိုက်သည်။

ကျန်းမာသည် အမှောင်ရိပ်ထဲ တိုးဝင်ပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

♣ ♣ ♣

## လုပ်ကြံခြင်း

ညဥ့်နက်ပြီ ဖြစ်သည်။

သို့တိုင် ဆရာကြီးကြုံးရှုဝမ် မအိပ်နိုင်သေးချေ။

သူက ဖမ်းမိထားသော ချင်းလီ၊ အားယုံနှင့် ဆားချိတို့အား မေးမြန်းစစ်ဆေးနေခြင်းကြောင့် ဖြစ်လေသည်။

ချင်းလီတို့သည် ငွေတိုက်ကို ဖောက်ထွင်းခဲ့ကြသည်။

ဖေးယွင်အပေါ် အပြစ်ပုံချခဲ့ကြသည်။

သူတို့ အဘယ်ကြောင့် ထိုသို့ပြုလုပ်ရသည်ကို ကြုံးရှုဝမ်က စစ်ဆေးမေးမြန်းနေခြင်း ဖြစ်လေသည်။

ချင်းလီတို့လည်း အဖမ်းခံနေရပြီဖြစ်ရာ မကျူးတော့ဟု သဘောထားပြီး ကျန်းမာစေခိုင်း၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြကြောင်း ပြောပြကြလေသည်။

ကျန်းမာသည် တပည့်တပန်းများအား နောက်ကွယ်မှ ကြိုးကိုင်ကာ စေခိုင်းနေသူဖြစ်ပြီး သူ့အားဆုံးမနိုင်မှ ချိန်တု မြို့လေး အေးချမ်းသာယာသွားမည်ဖြစ်ကြောင်း ကြုံးရှုဝမ် နားလည် လိုက်လေသည်။

"ကျန်းမာ ဘယ်နေရာမှာ ပုန်းအောင်းနေတယ်ဆိုတာ မင်းတို့ပြောပြနိုင်မလား၊ ဒါဆိုရင် မင်းတို့ရဲ့ အပြစ်ဒဏ်လျှော့ပေ အောင် ငါဆောင်ရွက်ပေးနိုင်တယ်"

ချင်းလီက...

"အစ်ကိုကြီးကျန်းမာက ကြောက်စရာကောင်းတယ်ဗျ၊ သူ ကိုသစ္စာဖောက်ရင် ကျုပ်တို့ကို ချမ်းသာပေးမှာမဟုတ်ဘူး"

"မင်းတို့ သူ့အကြောင်း ဖော်မပြောဘူးဆိုရင်ကော သက် သာမယ်ထင်လို့လား"

"ကျုပ်က.."

"မင်းတို့သုံးယောက်ရဲ့အပြစ်က ကြီးလေးနေပြီ၊ တစ်သက် လုံး အကျဉ်းထောင်ထဲမှာ နေသွားရလိမ့်မယ်ကွ"

ချင်းလီ သက်ပြင်းချလိုက်လေသည်။

"ကျုပ်က ပြောပြချင်ပါတယ်ဗျာ၊ ဒါပေမယ့် ပြောပြလိုက် တာနဲ့ ကျန်းမာက ကျုပ်တို့ကိုသတ်ပစ်လိုက်မှာပဲဗျ"

ကြုံးရှုဝမ်က...

"သည်ကိစ္စကို ကျုပ်တာဝန်ယူတယ်ဆိုရင်ကော"

ချင်းလီက...

"ဆရာကြီးက.."



"ကျုပ်တာဝန်ယူတယ် ကဲ ပြောပါ"

ချင်းလီက အားယုံနှင့် ဆားချိုတို့ကိုကြည့်လိုက်လေသည်။

အားယုံနှင့် ဆားချိုတို့က ခေါင်းငုံ့ထားကြလေသည်။

ချင်းလီ၏သဘောဟု ပြောနေကြသည့်အတိုင်း ဖြစ်သည်။

ချင်းလီက ကြုံးရှုဝမ်သို့ လှည့်လိုက်လေသည်။

ထိုစဉ်မှာပင်...

"ဒေါက်...ဒေါက်"

တံခါးခေါက်သံ ထွက်ပေါ်လာလေသည်။

ကြုံးရှုဝမ် အံ့သြသွားသည်။

ညကြီးအချိန်မတော် မည်သူက တံခါးလာခေါက်လိုက်ပါသ နည်း။

ကြုံးရှုဝမ်သည် ဝါရင့်သိုင်းဆရာကြီးတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် ညဥ့်နက်မှ တံခါးခေါက်သံ ထွက်ပေါ်လာခြင်း မှာကောင်းသော လက္ခဏာမဟုတ်ကြောင်း နားလည်လိုက်လေ သည်။

"ဒေါက်...ဒေါက်"

တံခါးခေါက်သံ ထပ်မံထွက်ပေါ်လာလေသည်။

ကြုံးရှုဝမ်က...

"မင်းတို့သုံးယောက် အချုပ်ခန်းထဲကို ပြန်ဝင်မှဖြစ်မယ်"

ဟုပြောလိုက်လေသည်။

♣ ♣ ♣

ကြုံးရှုဝမ်က သံတိုင်များကာရံထားသော အချုပ်ခန်းအတွင်းသို့ ချင်းလီ၊ အားယုံနှင့် ဆားချီတို့သုံးယောက်အား ပြန်လည်ထည့်သွင်းကာ သော့ခတ်လိုက်လေသည်။

ထို့နောက် တံခါးသွားဖွင့်ပေးလိုက်လေသည်။

"ဘယ်သူလဲ"

တံခါးကို ဆွဲဖွင့်ကာ ကြုံးရှုဝမ်က နောက်ဆုတ်လိုက်လေသည်။

အပြင်ဘက်၌ မှောင်မည်းနေပါသည်။

လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရပါချေ။

ကြုံးရှုဝမ်က...

"ဘယ်သူလဲ"

ဟုထပ်မေးလိုက်လေသည်။

ထိုစဉ်...

"ဝှစ်"

စူးရှသောလေတိုးသံ ထွက်ပေါ်လာလေသည်။

ဓားပါးလေးတစ်ချောင်း ပစ်လွှင့်လာသည်။

အကယ်၍ ကြုံးရှုဝမ်က ဘံခါးဝ၌ ရပ်နေမည်ဆိုလျှင် ထိုပစ်လွှင့်လာသော ဓားပါးလေးကြောင့် ကျိန်းသေ သေဆုံးသွား၍ လိမ့်မည် ဖြစ်လေသည်။

ကြုံးရှုဝမ်က ကြိုတင်ကာ နောက်ဆုတ်ထားခြင်းကြောင့် ကံကောင်းသွားသည်ဟု ဆိုရမည်ဖြစ်လေသည်။

"ဒုတ်"



ပစ်လွှင့်လာသော ဓားပါးကလေးသည် သစ်သားတိုင်တစ်လုံး၌စိုက်ဝင်သွားလေသည်။

ကြုံးရှုဝမ် မဲ့ပြုံးပြုံးလိုက်သည်။

"တော်တော် သတ္တိကောင်းနေကြပါလား"

ထိုင်ခုံတစ်လုံးဆွဲကာ အပြင်ဘက်သို့ ပစ်လွှင့်လိုက်သည်။

"ဝိုး"

ထိုင်ခုံက အပြင်ဘက် ပစ်လွှင့်သွားလေသည်။

လေထဲ၌ ဓားဝှေ့ယမ်းသံများ ထွက်ပေါ်လာလေသည်။

ထို့နောက် ထိုင်ခုံမှာ အပိုင်းပိုင်းပြတ်သွားလေသည်။

"ယား"

ကြုံးရှုဝမ်က ညာသံပေးကာ အပြင်ဘက်ခုန်ထွက်လိုက်လေသည်။

အပြင်ဘက်ရောက်သွားသည်နှင့် မှောင်ရိပ်ထဲမှ လူတစ်စု ပြေးထွက်လာကြပြီး ကြုံးရှုဝမ်အား တိုက်ခိုက်လိုက်ကြလေသည်။

"ဝှစ်..ဝှစ်..ဝှစ်"

ပြင်းထန်သော ဓားချက်များသည် အရပ်လေးမျက်နှာမှ ထွက်ပေါ်လာပြီး ကြုံးရှုဝမ်ထံသို့ တိုးဝင်သွားလေသည်။

ကြုံးရှုဝမ်ကလည်း ဓားတစ်လက်ဆွဲထုတ်ကာ ပြန်လည်ခုခံရင်ဆိုင်လိုက်လေသည်။

"ခြွမ်း...ခြွမ်း...ခြွမ်း"

"ဝုန်း"

"အား"

လက်နက်ချင်း ပြင်းထန်စွာထိတွေ့မိသော အသံများ၊ စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

အမှောင်ရိပ်ထဲမှ ခုန်ထွက်တိုက်ခိုက်လာသူသုံးယောက်မှာ ကြုံးရှုဝမ်၏လက်ချက်မိကာ လဲကျသွားကြလေသည်။

"မင်းတို့ ဘယ်သူတွေလဲ၊ ကျုပ်ကို တိုက်ခိုက်တဲ့အတွက် မင်းတို့မှာ အပြစ်ဘယ်လောက်ကြီးတယ်ဆိုတာ မသိကြဘူးလား၊ မင်းတို့ဟာ ကျန်းမာရဲ့လူတွေ မဟုတ်လား"

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ထိုအချိန်မှာပင် တိုက်ခိုက်နေကြသူများသည် အမှောင်ရိပ်ထဲပြန်လည်ခုန်ဝင်သွားကြပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

♣ ♣ ♣

လာရောက်လုပ်ကြံကြသူများ ထွက်ပြေးသွားကြပြီ ဖြစ်လေသည်။

ကြုံးရှုဝမ် မကျေမနပ် ဖြစ်သွားလေသည်။

"တောက်..သတ္တိနည်းလိုက်တဲ့ကောင်တွေ"

ထိုစဉ်...

"အား"

"အမယ်လေး"

"သေပါပြီဗျ"



စူးရှသောအော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာလေသည်။

"ဟာ"

ကြုံးရှုဝမ် အထိတ်တလန့် ဖြစ်သွားလေသည်။

ကပျာကယာ အိမ်ထဲပြေးဝင်လိုက်လေသည်။

အိမ်ထဲ၌ မီးအိမ်တစ်လုံးချိတ်ဆွဲထားခြင်းကြောင့် လင်းလင်း ချင်းချင်း ရှိနေပါသည်။

သံတိုင်များ ကာရံထားသော အချုပ်ခန်းအတွင်း၌ လူသုံးယောက်ရှိနေပါသည်။

ချင်းလီတို့သုံးယောက် ဖြစ်သည်။

ချင်းလီတို့သုံးယောက်စလုံး သေဆုံးနေကြပြီ ဖြစ်လေသည်။

မည်သူက လုပ်ကြံသတ်ဖြတ်သွားပါသနည်း။

ကြုံးရှုဝမ် ခံပြင်းသွားလေသည်။

သူ့အား အိမ်အပြင်ဘက်ထွက်လာအောင် ပရိယာယ်ဆင်ပြီး ချင်းလီတို့အား နှုတ်ပိတ်လိုက်ခြင်း မဟုတ်ပါလား။

ကျန်းမာ၏ လက်ချက်ပင် ဖြစ်ရပေမည်။

ကျန်းမာသည် သူ့အကြောင်း မပေါ်ပေါက်ရလေအောင် ချင်းလီတို့အား လုပ်ကြံနှုတ်ပိတ်လိုက်ခြင်းသာ ဖြစ်ရပေမည်။

ကျန်းမာ၏ လက်ချက်ဖြစ်ကြောင်း သက်သေအထောက်အထား ပြစရာမရှိပါချေ။

ကြုံးရှုဝမ်သည် ကျန်းမာကို မကျေမနပ်ဖြစ်မိသော်လည်း

သက်သေအထောက်အထား မရှိသဖြင့် မည်သို့မျှ အရေးယူဆောင်ရွက်နိုင်မည် မဟုတ်ပါ။

ကျန်းမာ မည်သည့်နေရာ၌ ပုန်းအောင်းနေသည်ကိုလည်း မသိရသေးပါ။

ကျန်းမာအား ဆုံးမလိုပါလျှင်...

ကြုံးရှုဝမ်က ကလူနှစ်ယောက်ကို သတိရလိုက်လေသည်။

ဖေးယွင်နှင့် ကျောက်တုံးတို့ကသာလျှင် ကျန်းမာအား ရှာဖွေ ဆုံးမနိုင်လိမ့်မည် မဟုတ်ပါလား။

ကြုံးရှုဝမ် တွေးတောနေစဉ်မှာပင်...

"ဆရာကြီး ဘာတွေများ ဖြစ်နေတာလဲဗျာ"

မေးမြန်းသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ဖေးယွင် ဖြစ်သည်။

ကြုံးရှုဝမ် ဝမ်းသာသွားလေသည်။

"ဖေးယွင်..မင်းရောက်လာတာနဲ့ အတော်ပဲကွ၊ သည်မှာ ကြည့်လိုက်စမ်းပါဦး"

လဲကျသေဆုံးနေကြသော ချင်းလီတို့အား ညွှန်ပြလိုက်လေသည်။

ဖေးယွင်က...

"ကျုပ်က အိပ်မပျော်လို့ လမ်းထွက်လျှောက်နေမိတာ၊ သည်ဘက်က တိုက်ခိုက်သံတွေ အော်သံတွေကြားရလို့ တစ်စုံတစ်ခု ဖြစ်နေပြီဆိုပြီး ပြေးလာခဲ့တာ၊ ချင်းလီတို့သုံးယောက် သေသွားပြီ၊



သူတို့ကို ဘယ်သူကများ သတ်ပစ်လိုက်တာလဲဗျာ"

"သည်လိုကွ"

ကြုံးရှုဝမ်က အဖြစ်အပျက်များကို ရှင်းပြလိုက်လေသည်။

ဖေးယွင် သဘောပေါက်သွားလေသည်။

"ကျန်းမာက သူ့အကြောင်း မပေါ်ပေါက်ရလေအောင် ချင်းလီတို့လူစုကို နှုတ်ပိတ်လုပ်ကြံလိုက်တာပဲဖြစ်မယ်"

"သေချာတာပေါ့ကွာ"

"ကျန်းမာဟာ အတော်ကိုကြောက်စရာကောင်းတဲ့ လူတစ်ယောက်ပါဗျ၊ သူ့ကိုဆုံးမနိုင်မှ ချိန်တူမြို့ အေးချမ်းသာယာသွားမှာပါ"

ကြုံးရှုဝမ်က...

"မင်းက သူ့ဆီမှာ အလုပ်လုပ်ခဲ့ဖူးသေးတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ဒါဆို သူ့အကြောင်းကို မင်းပိုသိမှာပေါ့"

ဖေးယွင်က တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

"ကျုပ်က ကျန်းမာနဲ့ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်ပါပြီဗျာ"

ဖေးယွင်သည် ခေသူတစ်ယောက် မဟုတ်ပါ။

တစ်ချိန်ကဆိုလျှင် ဤနယ်တဝိုက်၌ အတော်ဆုံးဓားသမားအဖြစ် သတင်းကြီးခဲ့လေသည်။

ဖေးယွင်သည် ကျန်းမာအကြောင်း ကောင်းစွာသိထားပြီး ကောင်းစွာ ရင်ဆိုင်နိုင်မည့်သူဟု ကြုံးရှုဝမ် ယုံကြည်ထားသည်မှာ

လည်း မမှားပါချေ။

ဖေးယွင်ကသာ ဓားကိုပြန်ကိုင်မည်ဆိုလျှင် အလွန်ကြောက်စရာကောင်းသော ဓားသမားတစ်ယောက် ဖြစ်လာလိမ့်မည် မဟုတ်ပါလား။

ကြုံးရှုဝမ် ခေါင်းညိတ်လိုက်သည်။

"ကျန်းမာက တပည့်တပန်းတွေကို နောက်ကွယ်က ကြိုးကိုင်ပြီး ဒုစရိုက်မှုတွေ အမျိုးမျိုးကျူးလွန်နေတာ၊ သူ့ကို မဆုံးမလို့မဖြစ်တော့ဘူး၊ သည်ကိစ္စ မင်းနဲ့ကျုပ် လက်တွဲဆောင်ရွက်ကြမယ်၊ ဘယ်လိုလဲ"

ဖေးယွင်က...

"သည်လိုတော့ဖြစ်မယ် မထင်ဘူးဗျ"

"ဟင်...ဘာကြောင့်လဲ၊ ပြောစမ်းပါဦး"

"ကျန်းမာကို လွယ်လွယ်နဲ့ ဆုံးမလို့ရရင် သူက ခုချိန်ထိ အသက်ရှင်နေမှာ မဟုတ်ဘူးဗျ"

မှန်ပေသည်။

ကျန်းမာအား သုတ်သင်ရှင်းလင်းပစ်လိုသူ များပြားလှသည် မဟုတ်ပါလား။

သို့သော်..

ကျန်းမာသည် ယခုအချိန်ထိ သေဆုံးသွားခြင်းမရှိဘဲ လက်မ ထောင်နေနိုင်ဆဲ မဟုတ်ပါလား။

ကြုံးရှုဝမ်က...

"မင်းမှာ ဘယ်လိုသဘောထားရှိလို့လဲ ပြောစမ်းပါဦး"



ဟုမေးလိုက်သည်။

ဖေးယွင်က...

"ကျန်းမာ ဘယ်မှာ ပုန်းနေတယ်ဆိုတာ သိရအောင် အရင်ဆုံး စုံစမ်းရမှာပါ"

"ဒါတော့ ဟုတ်တယ်"

"သူပုန်းနေတဲ့နေရာကိုသိမှ ဘယ်လိုဆုံးမရမယ်ဆိုတာကို ဆက်ပြီး စဉ်းစားဆောင်ရွက်နိုင်မယ် မဟုတ်လားဗျာ"

ကြုံးရှုဝမ်က...

"ကျန်းမာ ဘယ်မှာပုန်းနေတယ်ဆိုတာကို မင်းလိုက်ပြီး စုံစမ်းမယ် ဟုတ်လား"

ဖေးယွင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ် တစ်ကိုယ်တော် လှုပ်ရှားပါ့မယ်"

"မင်းအတွက် အန္တရာယ်များတယ်ဆိုတာကော တွေးမိရဲ့လား"

"ကျန်းမာကို ရင်ဆိုင်ရတော့မယ်ဆိုတော့ ကျုပ်က ဓားကို ပြန်ကိုင်ရတော့မယ်လေ၊ ဒါကြောင့် ကျုပ်အတွက် မထူးတော့ပါဘူး"

"မင်း..."

ဖေးယွင်၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ကျုပ်အသက် သေချင်သေပါစေဗျာ၊ ကျန်းမာနဲ့ရင်ဆိုင်ဖြေရှင်းသွားတော့မယ်လို့ ဆုံးဖြတ်ပြီးပါပြီ"

သူက ပြတ်ပြတ်သားသား လုပ်ကိုင်ဆောင်ရွက်သွားတော့မည် ဖြစ်လေသည်။

ဖေးယွင် တစ်ချိန်လုံး ကြိတ်မှိတ်မျိုသိပ်ထားခဲ့သမျှ ယခုတော့ ဖွင့်ဟအန်ထုတ်တော့မည် ဖြစ်သည်။

ဖေးယွင်၏ ခံစားချက်ကို ကြုံးရှုဝမ် ကောင်းစွာနားလည်သဘောပေါက်လိုက်လေသည်။

"ဖေးယွင်..မင်း စဉ်းစားပြီးပြီလား"

"ကျုပ် ဆုံးဖြတ်လိုက်တာပါဗျာ"

"ဒါဖြင့် မုန်းလျှံကိုကော မင်း ထည့်မတွက်တော့ဘူးလားကွ"

"မုန်းလျှံ"

"ဟုတ်တယ်"

"သူက.."

ဖေးယွင်သည် တစ်စုံတစ်ခုပြောရန် ဟန်ပြင်ပြီးမှ မပြောဘဲနေလိုက်လေသည်။

သူ၏ မျက်နှာဟန်အမူအရာလည်း ထူးခြားစွာ ပြောင်းလဲသွားလေသည်။

ဖေးယွင် အသက်ရှင်နေခြင်းမှာ မုန်းလျှံကြောင့်ဖြစ်သည်။

လူကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့သည်မှာ မုန်းလျှံကြောင့်ဖြစ်သည်။

ယခု ကျန်းမာနှင့်ရင်ဆိုင်မည်ဆိုလျှင် သူနှင့်မုန်းလျှံတို့ တစ်သက်လုံး ဝေးရတော့မည်ဖြစ်သည်။

သူတို့နှစ်ယောက် ပြန်လည်ဆုံစည်းနိုင်စရာ အကြောင်းမရှိတော့ပါ။



ကြုံးရှုဝမ်က ငေးငိုင်နေသော ဖေးယွင်ကိုကြည့်ပြီး..

"ဖေးယွင် မင်း စဉ်းစဉ်းစားစားလုပ်ရင် ကောင်းမယ်"

ဖေးယွင် မချိပြုံး ပြုံးလိုက်လေသည်။

"ကျုပ် စဉ်းစားပြီးပါပြီဗျာ"

ကြုံးရှုဝမ်က...

"မုန်းလျှံအတွက်လည်း မင်းထည့်စဉ်းစားသင့်တယ်"

"ကိစ္စမရှိပါဘူးဗျာ၊ သူ့ကို ကာကွယ်စောင့်ရှောက်ပေးမယ့်သူ ရှိနေပါပြီ"

"ဩော်"

ကြုံးရှုဝမ် ဦးခေါင်း တဆတ်ဆတ်ညိတ်လိုက်သည်။

"မင်းက ကျောက်တုံးကိုပြောတာ ထင်တယ်"

ဖေးယွင် ဘာမှမပြောဘဲ နေလိုက်လေသည်။

ကြုံးရှုဝမ်က...

"ကျောက်တုံးဟာ တစ်ချိန်က လူဆိုးတစ်ယောက်ဖြစ်ခဲ့ပေမယ့် ခုတော့ လူကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားနေတယ်၊ ခုဆိုရင် သူ့ကို တစ်မြို့လုံးက လက်ခံထားကြပြီ၊ မင်းကော ကောင်းကောင်းမွန်မွန် နေထိုင်ကြိုးစားသွားမယ်ဆိုရင် ဘယ်သူက လက်မခံဘဲနေမှာလဲကွ"

ဖေးယွင် ခေါင်းခါယမ်းလိုက်လေသည်။

"ကျန်းမာရှိနေသမျှ ကာလပတ်လုံး ကျုပ်က ဘယ်လောက်ပဲ ကြိုးစားပေမယ့် လူကောင်းတစ်ယောက်ဖြစ်လာဖို့ဆိုတာ လွယ်မှာ မဟုတ်ပါဘူးဗျာ"

"ကျွန်းမာက မင်းကို ဒုက္ခပေးသလို ကျောက်တုံးနဲ့မုန်းလှုံ့တို့ကိုကော ဒုက္ခမပေးဘူးလို့ ဘယ်သူပြောနိုင်မလဲ"

"ဒါက.."

"ကျောက်တုံးက ကျွန်းမာနဲ့လမ်းခွဲလိုက်ပြီလို့ ကျုပ်သတင်း ကြားထားတယ်"

ကြုံးရှုဝမ်၏စကား ကြားရသောအခါ ဖေးယွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"သူက ကျွန်းမာနဲ့ လမ်းခွဲလိုက်ရင် ကျွန်းမာက သူ့ကိုဒုက္ခပေးမှာပဲ"

"သည်လိုဆိုရင် မုန်းလှုံ့ကော ဒုက္ခမရောက်တော့ဘူးလား"

ဖေးယွင်က ကြုံးရှုဝမ်အား စိုက်ကြည့်လိုက်သည်။

"ခင်ဗျား ခုလိုပြောနေတာ အကြောင်းရှိမယ် ထင်ပါတယ်"

ကြုံးရှုဝမ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဘယ်လို အကြောင်းများလဲဗျာ"

ကြုံးရှုဝမ်က တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလေသည်။

"လူတွေက ဘယ်လိုပဲထင်ထင်၊ ငါ့ရဲ့မျက်စိထဲမှာတော့ မင်းနဲ့ကျောက်တုံးကို သူရဲကောင်းနှစ်ယောက်လို့ မြင်နေမိတယ်"

ထိုစကားကြားရလျှင် ဖေးယွင် မနေတတ်မထိုင်တတ်ဖြစ်သွားလေသည်။

ကြုံးရှုဝမ်က...



"မင်းတို့နှစ်ယောက် လက်တွဲပြီး လုပ်ကိုင်ဆောင်ရွက်ကြမယ်ဆိုရင် ကျွန်းမာ ဘာမှတတ်နိုင်တော့မှာ မဟုတ်ဘူးလို့ ငါထင်တယ်"

ဖေးယွင် ခေါင်းခါယမ်းလိုက်လေသည်။

"မဖြစ်နိုင်ပါဘူးဗျာ"

"ဘာကြောင့် မဖြစ်နိုင်ရတာလဲ"

ဖေးယွင် ဘာမှမပြောပါ။

ကြုံးရှုဝမ် သက်ပြင်းချလိုက်လေသည်။

ဖေးယွင်နှင့် ကျောက်တုံးတို့သည် ခြင်္သေ့ကဲ့သို့ လူစားမျိုးများဖြစ်ကြလေသည်။

ဂူတစ်ဂူထဲ၌ ခြင်္သေ့နှစ်ကေ[illegible] အောင်းရိုးထုံးစံ မရှိပါချေ။

ထိုသဘောတရားကြောင့် ဖေးယွင်က ကျောက်တုံးနှင့် လက်တွဲကာ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုလိုကြောင်း ထင်ရှားလေသည်။

ကြုံးရှုဝမ် ဖျောင်းဖျလိုက်သည်။

"မင်း သည်လိုသဘောထားရင် မှားလိမ့်မယ်ကွ၊ ကျွန်းမာက ကြောက်စရာကောင်းတယ်၊ ကျွန်းမာကို တကယ်တမ်းရင်ဆိုင်ဆိုးမနိုင်တာ မင်းတို့နှစ်ယောက်ပဲရှိတာ"

ဖေးယွင်က...

"ကျောက်တုံးက တစ်ကိုယ်တော် တစ်ယောက်ဆိုတာကော ခင်ဗျား မတွေးမိဘူးလား"

ဖေးယွင်က ထူးခြားသူတစ်ယောက် ဖြစ်သကဲ့သို့ ကျောက်

တုံးသည်လည်း ထူးခြားသူတစ်ယောက် ဖြစ်လေသည်။

ကျောက်တုံးကကော ဖေးယွင်နှင့် လက်တွဲကာ လုပ်ကိုင်ဆောင်ရွက်လိုပါမည်လော။

မဖြစ်နိုင်ကြောင်း တွေးမိကာ ကြုံးရှုဝမ် စိတ်ပျက်သွားလေတော့သည်။

"မင်းတို့ လက်တွဲဆောင်ရွက်ဖို့ ဘာကြောင့်ဝန်လေးနေကြတယ်ဆိုတာ ငါစဉ်းစားလို့ မရဘူး၊ သည်အတိုင်းဆိုရင် ကျန်းမာကို ဆုံးမဖို့ကိစ္စက လွယ်မယောင်နဲ့ခက် ဆိုသလို ဖြစ်နေပြီ"

ယခုအချိန်တွင် ကျန်းမာအား ဆုံးမနိုင်ဖို့က အရေးအကြီးဆုံး ဖြစ်လေသည်။

ကျောက်တုံးနှင့် ဖေးယွင်တို့နှစ်ယောက် လက်တွဲဆောင်ရွက်ခြင်းဖြင့် အောင်မြင်နိုင်လိမ့်မည် ဖြစ်ကြောင်းလည်း နားလည်ထားသည်။

သူတို့နှစ်ယောက် လက်မတွဲနိုင်ကြသည်ကို ကြုံးရှုဝမ် မချင့်မရဲ ဖြစ်မိလေတော့သည်။

ဖေးယွင်က...

"ကျောက်တုံးက မုန်းလျှံကို စောင့်ရှောက်သွားမယ်ဆိုရင် ကျုပ် ကျေနပ်ပါပြီဗျာ၊ ကျန်းမာကို ကျုပ်တာဝန်ယူပါ့မယ်"

ထို့နောက် ကြုံးရှုဝမ်ကို နှုတ်ဆက်ကာ ထွက်သွားလေတော့သည်။

♣ ♣ ♣

## နှောင်ကြိုး

မြေကွက်လပ်၌ ရွက်ဖျင်တဲကြီးတစ်လုံး ရှိသည်။

ထိုရွက်ဖျင်တဲအတွင်း၌ ကျန်းမာတစ်ယောက်ထဲ ထိုင်နေ၏။

ကျန်းမာက ဆေးတံတစ်ချောင်းကို အရသာခံကာ ဖွာရှိုက်နေလေသည်။

နံနက် မိုးစင်စင်လင်းပြီဖြစ်သည်။

ကျန်းမာ၏မျက်လုံးများ နီရဲနေခြင်းကြောင့် တစ်ညလုံးအိပ်စက်ခြင်း မပြုခဲ့ရသေးကြောင်း ထင်ရှားလေသည်။

သူက အဘယ်ကြောင့် အိပ်ရေးပျက်ခံရပါသနည်း။

မကြာပါချေ။

ခြေသံများ ထွက်ပေါ်လာကာ လူတစ်ယောက် ဝင်ရောက်လာလေသည်။

ထိုလူမှာ ရောင်ကျင်း ဖြစ်လေသည်။

ကျန်းမာက ဆေးတံကိုချပြီး…

"ဘယ်လိုလဲ ဟေ့"

ဟုမေးလိုက်သည်။

ရောင်ကျင်း ဦးညွှတ်လိုက်လေသည်။

"သူတို့ ရောက်လာကြပါပြီ"

"ကောင်းပြီ…ခေါ်လိုက်"

"ဟုတ်ကဲ့"

ရောင်ကျင်းက ဦးညွှတ်ကာ ပြန်ထွက်သွားလေသည်။

မကြာပါချေ။

ရွက်ဖျင်တဲထဲသို့ လူနှစ်ယောက် ဝင်ရောက်လာကြသည်။

ထိုလူနှစ်ယောက်မှာ ချင်းကိုးနှင့် ဝမ်းခက်တို့ဖြစ်ကြလေသည်။

ကျန်းမာက ဝမ်းသာအားရ ဆီးကြိုလိုက်လေသည်။

"မင်းတို့ ပြန်လာကြပြီလား"

ချင်းကိုးက…

"ဟုတ်ပါတယ် အစ်ကိုကြီး"

"အခြေအနေ ဘယ်လိုလဲကွ၊ ပြောစမ်းပါဦး"

"အားလုံး ကောင်းပါတယ်"

"ချင်းလီတို့ကော"



"သူတို့ ခုချိန်လောက်ဆိုရင် ငရဲပြည်မှာ အိပ်စက်နေကြလောက်ပါပြီ"

"ဟား…ဟား…ဟား"

ကျန်းမာက ဟားတိုက် ရယ်မောလိုက်လေသည်။

"ကောင်းတယ်…အသုံးမကျတဲ့ကောင်တွေ ငရဲပြည်ကို ပို့လိုက်တာ အကောင်းဆုံးပဲ"

ချင်းကိုးက…

"ချင်းလီတို့ မရှိတော့တဲ့နောက် အစ်ကိုကြီးကို ဘယ်သူမှ ဒုက္ခမပေးနိုင်ကြတော့ပါဘူး၊ ဒါထက် ဖေးယွင်နဲ့ကျောက်တုံးကိုကော အစ်ကိုကြီး သည်အတိုင်း လွှတ်ထားမှာပဲလားဗျာ"

ဖေးယွင်နှင့်ကျောက်တုံး ဟူသောအမည်ကို ကြားလျှင် ကျန်းမာ၏မျက်နှာ ခက်ထန်သွားလေတော့သည်။

"သူတို့နှစ်ယောက်ကို ငါက လွှတ်ပေးထားမယ်များ မင်းထင်နေသလား"

ချင်းကိုးသည် ကျောက်တုံးအား သုတ်သင်ဖယ်ရှားလိုက်လျှင် ကျန်းမာ အားကိုးအားထားပြုရသော လက်ရုံးတစ်ဆူဘဝ ရောက်လာမည်ဟု မျှော်လင့်ထားလေသည်။

ထို့ကြောင့် အခွင့်အရေးရသည်နှင့် ကျောက်တုံးအား သုတ်သင်ရှင်းလင်းပစ်လိုခြင်း ဖြစ်လေသည်။

ကျန်းမာကလည်း ချင်းကိုး၏သဘောထားကို သိရှိထားလေသည်။

ထို့ကြောင့်…

"ချင်းကိုး...မင်းက ကျောက်တုံးကို ရင်ဆိုင်နိုင်ပါ့မလားကွ"

ဟုမေးလိုက်လေသည်။

"ဟင်း...ဟင်း"

ချင်းကိုး ရယ်မောလိုက်လေသည်။

"ကျောက်တုံးဟာ ဘယ်လိုလူစားမျိုးဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမယ့် ကျုပ် ချင်းကိုးကလည်း ညံ့တဲ့လူတစ်ယောက်မှ မဟုတ်တာဗျာ"

"ဟား...ဟား...ဟား"

ကျန်းမာကလည်း ရယ်မောလိုက်လေသည်။

ချင်းကိုးက...

"ကျုပ်က ကျောက်တုံးကို မဆုံးမနိုင်ဘူးလို့ အစ်ကိုကြီးထင်နေတာလား"

ကျန်းမာ ခေါင်းခါယမ်းလိုက်လေသည်။

"မထင်ပါဘူးကွာ၊ ကျောက်တုံးဟာ ကိုယ့်ကိုကိုယ် အထင်ကြီးနေတဲ့ လူတစ်ယောက်ပဲ၊ မင်းကလည်း အရည်အချင်းရှိတဲ့လူတစ်ယောက်ဆိုတော့ သူ့ကို သုတ်သင်ပစ်နိုင်မယ်ဆိုတာ ကျုပ်ယုံကြည်ပါတယ်"

ချင်းကိုး ကျေနပ်သွားလေသည်။

"ဒါဖြင့် ကျုပ်က ကျောက်တုံးနဲ့သွားပြီး ရင်ဆိုင်လိုက်ရမလားဗျာ"

"နေဦး"

ကျန်းမာ လက်ကာပြလိုက်လေသည်။



ချင်းကိုးက...

"အစ်ကိုကြီး ဘာပြောချင်သေးလို့လဲဗျ"

"မင်းက ကျောက်တုံးကို ရင်ဆိုင်စရာမလိုသေးဘူးကွ"

"ကျုပ်က..."

"မင်းက ကျောက်တုံးထက်ပိုပြီး အရေးကြီးတဲ့ လူတစ်ယောက်နဲ့ ရင်ဆိုင်ရလိမ့်မယ်"

ချင်းကိုး မျက်မှောင်ကုပ်သွားလေသည်။

"ကျောက်တုံးထက်ပိုပြီး အရေးကြီးတဲ့လူ ဟုတ်လား"

"အေး"

"ဘယ်သူများလဲဗျာ"

ကျန်းမာက တစ်လုံးချင်း ပြောလိုက်လေသည်။

"ဖေးယွင်"

ချင်းကိုး မျက်မှောင်ကုပ်သွားလေသည်။

"ဖေးယွင် ဟုတ်လား"

"အေး...သူက ကျောက်တုံးထက်ပိုပြီး အရေးကြီးတယ်ကွ"

ချင်းကိုးသည် ကျန်းမာ၏စကားကို ဘဝင်မကျမိချေ။

ဖေးယွင်မှာ ယခင်က ထင်ရှားသောဓားသမားတစ်ယောက် ဖြစ်ခဲ့သော်လည်း ယခုအချိန်တွင် ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးဖြစ်နေချေပြီ။

ဖေးယွင်အား အမှုထားစရာမလိုတော့ဟု ယုံကြည်ထားလေသည်။

ကျန်းမာက ဖေးယွင်ကပိုအရေးကြီးသည်ဟု ပြောသည်မှာ

အဓိပ္ပါယ်မရှိဟု ယုံကြည်မိလေသည်။

“သူက ကျောက်တုံးထက်ပိုပြီး အရေးကြီးတယ်လို့ ပြောတာ ဘာကြောင့်လဲ အစ်ကိုကြီး”

ကျန်းမာ ပြုံးလိုက်သည်။

“သည်ကောင့်ကို ရှင်းပစ်ဖို့ အခွင့်အရေးရလိုက်ပြီလေကွာ”

“ဩော်”

“ချင်းလီတို့ကိစ္စကြောင့် ငါက သူ့ကိုဒုက္ခပေးဖို့ကြိုးစားတယ်ဆိုပြီး ကျေနပ်မှာ မဟုတ်ဘူး၊ လူတစ်ယောက်ဟာ အေးအေးဆေးဆေး နေပါလျှက်နဲ့ နှစ်ကြိမ်တိုင်တိုင် ဒုက္ခပေးခံရရင် ဘယ်လိုမှ သဘောကျတော့မှာ မဟုတ်ဘူး”

ကျန်းမာက ချင်းကိုးအား စိုက်ကြည့်လိုက်သည်။

“ဖေးယွင်ကလည်း ကျောက်တုံးတို့လို လူစားကွ၊ မြွေမွေး မြွေဟောက်ထက်တောင် အဆိပ်ပြင်းသေးတယ်၊ မုန်းလျှံကြောင့် သူက ခေါင်းငုံ့နေတာ”

ချင်းကိုးက..

“သူဟာ လူကောင်းတစ်ယောက် ဖြစ်လာအောင် ကြိုးစားနေတာ အမှန်ပါပဲ”

သူက ဖေးယွင်အကြောင်းကို လေ့လာထားပြီး ဖြစ်လေသည်။

ဖေးယွင်သည် မုန်းလျှံကို ချစ်မြတ်နိုးသဖြင့် တစ်ချိန်က လူမတရားခံခဲ့ရသည့်ကိစ္စကိုပင် လက်တုန့်မပြန်ဘဲ သည်းခံကာ လူကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့လေသည်။



ဓားမကိုင်တော့ပါ။

သိုင်းသမားတစ်ယောက်ဘဝကို စွန့်လွှတ်ခဲ့လေသည်။

ကျန်းမာက...

“ခုတော့ မုန်းလျှံက သူ့အပေါ်မှာ သဘောထားပြောင်းလဲသွားပြီလေ”

“ကျောက်တုံးကြောင့်လား”

“ဟုတ်တယ်”

ကျောက်တုံးသည်ထူးခြားသူတစ်ယောက် ဖြစ်သည့်အတိုင်း ထူးဆန်းသော မုန်းလျှံကို လှုပ်ရှားသွားစေနိုင်ခဲ့သူ ဖြစ်လေသည်။

ကျောက်တုံးနှင့် မုန်းလျှံ ရင်းရင်းနှီးနှီးရှိနေပြီ ဖြစ်ကြောင်း ကျန်းမာတို့အားလုံး နားလည်ထားကြလေသည်။

ကျောက်တုံးနှင့် မုန်းလျှံတို့ ရင်းနှီးသွားကြသောအခါ ဖေးယွင်က အလိုလို ဘေးရောက်သွားသည်။

သူ၏မျှော်လင့်ချက်များ ပျောက်ဆုံးသွားသည်။

အဓိပ္ပါယ်ကင်းမဲ့သောဘဝ ရောက်သွားသည်။

ထို့ကြောင့်လည်း ဖေးယွင်က ကျန်းမာနှင့်ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပေတော့သည်။

ကျန်းမာက...

“သည်လောက်ဆိုရင် ဖေးယွင်ဟာ ဘာကြောင့် အရေးကြီးတဲ့လူတစ်ယောက်ဖြစ်နေပြီဆိုတာ မင်းသဘောပေါက်တယ် မဟုတ်လား”

ဟု မေးလိုက်လေသည်။

ချင်းကိုး ခေါင်းညိတ်လိုက်သည်။

"ကျုပ် သဘောပေါက်ပါပြီဗျာ"

ကျန်းမာက…

"ညက ချင်းလီတို့ကိုရှင်းပစ်လိုက်တယ်၊ ဒါကြောင့် ဖေးယွင်က လက်ပိုက်ကြည့်နေတော့မှာ မဟုတ်ဘူး"

ချင်းကိုး မဲ့ပြုံးပြုံးလိုက်သည်။

"ဒါဆိုလည်း သူ့ကိုဆုံးမလိုက်ကြတာပေါ့ဗျာ"

ကျန်းမာက မေးသည်။

"မင်းက သူ့ကို တာဝန်ယူမှာလား"

"ကျုပ် တာဝန်ယူပါ့မယ်"

"ကောင်းပြီ"

ကျန်းမာ၏ မျက်နှာကြီး ပြုံးရွှင်သွားလေသည်။

"ခုချိန်လောက်ဆိုရင် ဖေးယွင်ဟာ ငါ့ကိုလိုက်ရှာနေလောက်ပြီ၊ ကဲ မင်းက ဝမ်းခက်ကိုခေါ်ပြီး သွားကြိုဆိုလိုက်ပါ"

"ကောင်းပါပြီဗျာ"

ချင်းကိုးက ဦးညွှတ်ပြီး ရွက်ဖျင်တဲထဲမှ ထွက်သွားလေတော့သည်။

♣ ♣ ♣



ချင်းကိုး ထွက်သွားပြီဖြစ်သည်။

သူက ဝမ်းခက်ကိုခေါ်သွားမည် ဖြစ်သည်။

သူတို့သည် ဖေးယွင်ရောက်လာမည့်လမ်းမှ ဆီးကြိုကာ သုတ်သင်ရှင်းလင်းပစ်ဖို့ ကြိုးစားကြမည် ဖြစ်လေသည်။

ချင်းကိုးနှင့် ဝမ်းခက်တို့သည် ရက်စက်ကြမ်းကြုတ်သော အမှောင်လောကသားများ ဖြစ်ကြလေသည်။

သူတို့သည် လူတစ်ယောက်၏အသက်ကိုဖက်ရွက်လောက်ပင် တန်ဖိုးထားကြသူများ မဟုတ်ပါ။

ဖေးယွင်အား ငွေညှာထောက်ထားမည် မဟုတ်ဘဲ သုတ်သင်ပစ်ကြမည်မှာ သေချာနေပါတော့သည်။

ကျန်းမာက ချင်းကိုးတို့အား စိတ်ချလက်ချရှိနိုင်ပါမည်လော။

ကျန်းမာက မည်သူ့ကိုမျှ ယုံကြည်ခြင်းမရှိပါ။

စိတ်ချခြင်းလည်း မရှိပါ။

ချင်းကိုးနှင့် ဝမ်းခက်တို့သည် ဖေးယွင်အား သုတ်သင်ရှင်းလင်း ပစ်နိုင်မည်ဟုမယုံပါ။

ကျန်းမာက မီးသေနေသော ဆေးတံကို မီးညှိဖွာရှိုက်လိုက်လေသည်။

သုံးလေးဖွာ ဖွာရှိုက်ပြီးမှ…

"ရောင်ကျင်း"

ဟု ခေါ်လိုက်သည်။

သူ၏ခေါ်သံနှင့် မရှေးမနှောင်းမှာပင် ရောင်ကျင်းက ရွက်

ဖျင်တဲအတွင်းသို့ ဝင်ရောက်လာလေသည်။

ကျန်းမာကို ဦးညွှတ်လိုက်သည်။

"အမိန့်ရှိပါ…အစ်ကိုကြီး"

ကျန်းမာက…

"မင်းက လက်ရွေးစင် ဆယ်ယောက်လောက်ခေါ်ပြီး ချင်းကိုးတို့နောက်ကို လိုက်သွားရင် ကောင်းမယ်"

"ဟုတ်ကဲ့…အစ်ကိုကြီး"

အဘယ်ကြောင့် လိုက်သွားခိုင်းသည်ကို ရောင်ကျင်းက မမေးပါချေ။

ကျန်းမာ၏အမိန့်အတိုင်း ဆောင်ရွက်ဖို့သာ နားလည်ထားလေသည်။

ကျန်းမာ လက်ဝှေ့ယမ်းပြလိုက်သောအခါ ရောင်ကျင်းလည်း ဦးညွှတ်ကာ ထွက်သွားလေတော့သည်။

♣ ♣ ♣

"ခွပ်ခွပ်…ခွပ်ခွပ်"

"ခွပ်ခွပ်…ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

မြင်းစီးသမားတစ်ယောက်သည် တောလမ်းကလေးအတိုင်း မြင်းကို ဒုန်းစိုင်းစီးနင်းလာလေသည်။

ထိုလူမှာ ဖေးယွင်ဖြစ်သည်။



ဖေးယွင်က ကျန်းမာနှင့် ရင်ဆိုင်ရန် ထွက်လာခဲ့ခြင်းဖြစ်လေသည်။

ကျန်းမာသည် လူဆိုးကြီးတစ်ယောက် ဖြစ်သလို လျှို့ဝှက်သူလည်း ဖြစ်လေသည်။

ထို့ကြောင့် သူ့အား ဆုံးမလိုသူများက ယခုတိုင် ရှာဖွေ၍မတွေ့နိုင်ဘဲ လက်လျှော့ထားရခြင်း ဖြစ်သည်။

ကျန်းမာသည် အမှောင်ထဲ၌ နေထိုင်သူတစ်ယောက် ဖြစ်ပေသည်။

အမှောင်ထဲမှလူက အလင်းထဲမှလူအား အလွယ်တကူတွေ့မြင်နိုင်မည် ဖြစ်သည်။

အလင်းထဲမှလူက အမှောင်ထဲမှလူအား တွေ့မြင်ရန်လွယ်ကူမည် မဟုတ်ပါ။

ထို့အတူ…

ကျန်းမာကို လူအများက တွေ့ရန်မလွယ်သော်လည်း ကျန်းမာကမူ လူအများကို တွေ့မြင်နိုင်ပေတော့သည်။

ဖေးယွင်က မြင်းအရှိန် လျှော့ချလိုက်သည်။

မြင်းကို ခြေလှမ်းမှန်မှန်ဖြင့် စီးနင်းသွားရင်း ပတ်ဝန်းကျင်ကိုလည်း မျက်ခြည်မပြတ် အကဲခတ်ကြည့်ရှုသွားလေသည်။

ဝန်းကျင်၌ တောင်ကုန်းများ၊ တောင်ပူစာလေးများနှင့် စိမ်းလန်းသော သစ်ပင်နွယ်ပင်များ ဖုံးလွှမ်းထားလေသည်။

လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရပါချေ။

ဖေးယွင်သည် တောင်ကုန်းလေးတစ်ခုသို့ ရောက်သောအ

ခါ မြင်းကို ရပ်တန့်လိုက်လေသည်။

တောင်ကုန်းလေးပေါ်မှနေပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

ဝန်းကျင်တစ်ခုလုံး စိမ်းလန်းသော တောအုပ်များက ဖုံးလွှမ်းထားလေသည်။

ဖေးယွင် အကဲခတ်ကြည့်ရင်း တောအုပ်တစ်ခုအတွင်းမှ မီးခိုးများထွက်ပေါ်နေသည်ကို တွေ့ရလေသည်။

မီးခိုးရှိလျှင် မီးရှိရပေမည်။

မီးရှိလျှင် လူလည်းရှိရမည် မဟုတ်ပါလား။

တောထဲတောင်ထဲ၌ နေထိုင်သူသည် မည်သူဖြစ်ပါသနည်း။

ကျန်းမာတို့လူစုပင် ဖြစ်ရမည် မဟုတ်ပါလား။

ဖေးယွင်၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ကျန်းမာ..ခင်ဗျား ဘယ်ပြေးမလဲ"

ဖေးယွင်က မြင်းပေါ်မှ ဆင်းလိုက်သည်။

ထို့နောက် ကိုယ်ဖော့ပညာအသုံးပြုကာ မီးခိုးများထွက်ပေါ်လာရာဆီသို့ ပြေးလွှားသွားလေတော့သည်။

အဝတ်အစား လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာလေသည်။

ဖေးယွင်သည် သစ်ပင်ချုံနွယ်များကို ဖြတ်သန်းကာ ပြေးလွှားသွားရင်း မကြာမီ စမ်းချောင်းကလေးတစ်ခုသို့ ရောက်ရှိ သွားလေသည်။



စမ်းချောင်းလေး၏ တစ်ဘက်ကမ်း၌ မြေကွက်လပ်တစ်ခုရှိနေသည်ကို သစ်ပင်များကြားမှ တွေ့ရလေသည်။

ထိုမြေကွက်လပ်၌ ရွက်ဖျင်တဲကြီးတစ်လုံး ရှိနေသည်ကိုလည်း တွေ့ရလေသည်။

ဖေးယွင် ဝမ်းသာသွားသည်။

"ကျန်းမာ..ခင်ဗျား ဘယ်ပြေးမလဲ"

ကျန်းမာ ပုန်းအောင်းနေသော နေရာကို တွေ့လိုက်ရပြီဟု ယုံကြည်မိလေသည်။

ဖေးယွင်က စမ်းချောင်းကလေးကို ဖြတ်ကျော်ရန် ဟန်ပြင်လိုက်စဉ်မှာပင်...

"ဝှစ်..ဝှစ်..ဝှစ်"

ရူးရှသောလေတိုးသံနှင့်အတူ ဓားမြှောင်လေးသုံးချောင်း ပစ်လွှင့်လာလေသည်။

"ဟင်"

ဖေးယွင် ရင်ထိတ်သွားသည်။

လက်ဝှေယမ်းကာ ဓားမြှောင်ကလေးများကို ဖမ်းဆီးထားလိုက်လေသည်။

ဖေးယွင်က ဓားမြှောင်ကလေးများ ပစ်လွှင့်လာရာဘက်သို့ ကြည့်လိုက်သည်။

"ဘယ်သူလဲ ခိုးကြောင်ခိုးဝှက်လုပ်တာ သတ္တိရှိရင် ထွက်ခဲ့စမ်း"

ဟုလည်း အော်ပြောလိုက်လေသည်။

"ဟား..ဟား...ဟား"

"ဟား..ဟား..ဟား"

ရယ်မောသံများ ထွက်ပေါ်လာလေသည်။

လူနှစ်ယောက်က သစ်ပင်များကြားမှ ခုန်ထွက်လာကြပြီး ဖေးယွင်အား ဝဲယာတစ်ဘက်တစ်ချက်မှ ဝိုင်းရံထားလိုက်ကြလေသည်။

ချင်းကိုးနှင့် ဝမ်းခက်တို့ဖြစ်လေသည်။

ဖေးယွင်က ချင်းကိုးတို့အား ကောင်းစွာသိထား၏။

သူက အကျဉ်းချခံရဖူးပြီး လူဆိုးဓားပြ ဒုစရိုက်သမားများနှင့် တွေ့ဆုံခဲ့ဖူးသည် မဟုတ်ပါလား။

"မင်းကိုး"

ချင်းကိုးမှာ ကြေ[illegible]စရာကောင်းသော လူသတ်သမားတစ်ယောက် ဖြစ်သည်။

ချင်းကိုး ပြုံးလိုက်သည်။

"ဖေးယွင်..မင်းက သဉ နရာအထိ လိုက်လာတာ တော်တော်သတ္တိကောင်းတာပဲ"

"သည်ကောင်က သေချင်လို့ ဖြစ်မှာပေါ့"

ဝမ်းခက်က ဝင်ပြောလိုက်လေသည်။

ဖေးယွင်က...

"ခင်ဗျားတို့နှစ်ယောက် ကျုပ်နဲ့တွေ့ရတာ ကံဆိုးသွားပြီ မှတ်ပါဗျာ"

စကားဆုံးလျှင် ခါးမှဓားကို ဆွဲထုတ်လိုက်လေသည်။



"ခြွမ်း"

ဖေးယွင် ဓားမကိုင်သည်မှာ ကြာပြီဖြစ်သည်။

ထို့ကြောင့် သူက ဓားပညာကို အသုံးပြုနိုင်ပါဦးမည်လော။

ဖေးယွင်သည် ချင်းကိုးတို့အား တိုက်ခိုက်ခြင်းဖြင့်သာ ဖြေရှင်း၍ရမည်ဖြစ်ကြောင်း နားလည်ထားလေသည်။

ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ဓားဆွဲထုတ်လိုက်ခြင်း ဖြစ်လေသည်။

"ခြွမ်း...ခြွမ်း"

ချင်းကိုးနှင့်ဝမ်းခက်တို့ကလည်း လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။

ချင်းကိုးက သံတုတ်တစ်ချောင်းကိုင်ထားပြီး ဝမ်းခက်က လှံတိုနှစ်ချောင်း ကိုင်ထားလေသည်။

ထို့နောက်...

"သတိသာထား"

"သေပေတော့"

ညာသံများပေးကာ ဝဲယာတစ်ဘက်တစ်ချက်မှ တိုက်ခိုက်လိုက်ကြလေသည်။

ဖေးယွင်ကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

"ထန်း...ထန်း..ထန်း"

"ခြွမ်း"

လက်နက်ချင်း ပြင်းထန်စွာ ထိတွေ့သံများ ထွက်ပေါ်လာသည်။

အဝတ်အစားလေတိုးသံများနှင့်အတူ လူရိပ်များ ရိပ်ခနဲ ရိပ်ခနဲ ရွေ့လျားသွားလေသည်။

သုံးယောက်သား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြလေသည်။

ဖေးယွင်သည် ဓားမကိုင်သည်မှာ ကြာပြီဖြစ်ရကား သူ၏ဓားသိုင်းမှာ ရုတ်တရက် အံဝင်ခွင်ကျမရှိ၊ ဟိုတစ်ကွက် သည်တစ်ကွက် ဖြစ်နေသည်။

ရုတ်တရက် ထိရောက်ခြင်း မရှိတော့ချေ။

ချင်းကိုးနှင့် ဝမ်းခက်တို့ကား မကြာခဏ တိုက်ပွဲဝင်နေကြသူများဖြစ်ရကား ဖေးယွင်ကို ညှပ်ပူးညှပ်ပိတ် အကွက်ကျကျ တိုက်ခိုက်နိုင်ခဲ့ကြလေသည်။

ထို့ကြောင့်လည်း သူတို့၏လက်ချက်ဖြင့် ဖေးယွင် ထိခိုက်ဒဏ်ရာရသွားလေတော့သည်။

"ဖျောင်း"

"ဝုန်း"

"အား"

ဖေးယွင် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရ၏။

ချင်းကိုး၏ သံတုတ်ရိုက်ချက်ကြောင့် ဖေးယွင်၏လက်ထဲ[illegible]ဓားမှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ဝမ်းခက်က လှံတိုနှစ်ချောင်းဖြင့် တိုက်ခိုက်လိုက်သောအ[illegible] ဖေးယွင်၏ဝဲဘက်ပခုံး၌ ဒဏ်ရာရရှိသွားလေသည်။

ဖေးယွင်၏ ပခုံး၌သွေးချင်းချင်း နီရဲသွားတော့သည်။



ဖေးယွင်က နောက်သို့ခုန်ဆုတ်လိုက်လေသည်။

"ဟား..ဟား..ဟား"

ချင်းကိုးက ဟားတိုက်ရယ်မောလိုက်သည်။

"ဖေးယွင်..မင်း ဘာတတ်နိုင်မှာမို့လဲ၊ အေးအေးဆေးဆေး အညံ့ခံလိုက်ရင်ကောင်းမယ်"

ဖေးယွင်က...

"ကျုပ်က ဘာကြောင့် အညံ့ခံရမှာလဲ၊ ခင်ဗျားတို့နှစ်ယောက်စလုံးကို ဆုံးမပြမယ်"

လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ တိုက်ခိုက်လိုက်လေသည်။

"ဟူး..ဟူး"

လေတိုးသံများ ထွက်ပေါ်လာကာ လက်ဝါးရိပ်များသည် ချင်းကိုးနှင့်ဝမ်းခက်တို့ထံသို့ တိုးဝင်သွား၏။

ပြင်းထန်သော ရိုက်ချက်များကြောင့် ထိမှန်သွားလျှင် ချင်းကိုးတို့သက်သာကြမည် မဟုတ်ပါ။

ချင်းကိုးနှင့်ဝမ်းခက်တို့ နှစ်ယောက်စလုံး လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသည်ဖြစ်ရကား...

"ဟိတ်"

"ယား"

ညာသံများပေးကာ ပြန်လည်တိုက်ခိုက်လိုက်ကြလျှင် ဖေးယွင်သာလျှင် နောက်ဆုတ်လိုက်ရလေတော့သည်။

"ဟား..ဟား..ဟား"

"ဖေးယွင် ဒူးထောက်လိုက်စမ်းပါ"

ချင်းကိုးနှင့် ဝမ်းခက်တို့က တရကြမ်းဖိ၍တိုက်ခိုက်လိုက်ကြ လေသည်။

ဖေးယွင် ခံပြင်းသွား၏။

သိုင်းပညာ အသုံးမပြုဘဲ နေခဲ့သည်မှာ ကြာပြီဖြစ်၍ ထိ ရောက်စွာအသုံးပြုနိုင်ခြင်း မရှိသည်ကို အားမလိုအားမရဖြစ်နေ ပါတော့သည်။

ချင်းကိုးက...

"ဖေးယွင် မင်းဒူးမထောက်သေးဘူးလား"

အော်ငေါက်ရင်း သံတုတ်ငွေယမ်းကာ ရိုက်ချလိုက်လေ သည်။

ဖေးယွင် ကြိုးစားရှောင်တိမ်းလိုက်သည့် ကြားမှပင် ချင်း ကိုး၏သံတုတ်မှာ သူ၏ဝဲဘက်လက်မောင်းကို ရိုက်ချမိလိုက်လေ သည်။

"ဖြောင်း"

"အား"

ပြင်းထန်သော ရိုက်ချက်ကြောင့် ဖေးယွင်၏လက်တစ် ဘက် သွင်သွင်ကျိုးသွားလေတော့သည်။

ဝမ်းခက်ကလည်း လုံတိုနှစ်ချောင်းဖြင့် ဖေးယွင်၏ခြေ ထောက်နှစ်ချောင်းကို တိုက်ခိုက်လိုက်ရာ ဖေးယွင်မှာ ရှောင်တိမ်း ရင်း ဟန်ချက်ပျက်ကာ...

"ဝုန်း"



မြေပေါ် လဲကျသွားလေတော့သည်။

"မလှုပ်နဲ့"

ချင်းကိုးနှင့် ဝမ်းခက်တို့က အနီးသို့ရောက်ရှိလာကြပြီး လက်နက်များဖြင့် ချိန်ရွယ်ထားလိုက်ကြလေသည်။

ဖေးယွင် ဘာမှမတတ်နိုင်တော့ပါ။

"ဟား..ဟား..ဟား"

"ဟား...ဟား...ဟား"

ချင်းကိုးနှင့်ဝမ်းခက်တို့ ဟားတိုက်ရယ်မောလိုက်ကြလေ သည်။

ဖေးယွင်အား ကြိုးများဖြင့် တုတ်နှောင်ကာ ဖမ်းဆီးထား လိုက်ကြလေသည်။

ဖေးယွင်လည်း မတတ်သာတော့ဘဲ အဖမ်းခံလိုက်ရလေ တော့သည်။

ထိုအချိန်မှာပင် ရှောင်ကျင်းတို့လူစု ရောက်ရှိလာကြလေ သည်။

ရှောင်ကျင်းက...

"ချင်းကိုး...ခင်ဗျားက လက်စွမ်းပြလိုက်တာပေါ့ ဟုတ် လား"

အဖမ်းခံနေရသည့် ဖေးယွင်ကိုကြည့်ပြီး မေးလိုက်လေ သည်။

ချင်းကိုးက...

"ဘာလဲ..အစ်ကိုကြီးကျန်းမာက ကျုပ်တို့ကို စိတ်မချလို့

ခင်ဗျားကို လွှတ်လိုက်တာ မဟုတ်လား"

ရှောင်ကျင်းက...

"သည့်လိုမဟုတ်ပါဘူးဗျာ"

"ဒါဖြင့် ဘာသဘောလဲ"

"ခင်ဗျားမှာ အကြောင်းအမျိုးမျိုးနဲ့ အခက်အခဲကြုံနေခဲ့ရင် ကူညီနိုင်ဖို့အောင်ပါ"

"ထားလိုက်ပါတော့လေ၊ အခု ဖေးယွင်ကို ကျုပ်တို့ကဖမ်းဆီးထားလိုက်ပြီလေ"

"ဟုတ်ပါတယ်၊ အစ်ကိုကြီးက ခင်ဗျားတို့ကို ချီးကျူးမှာပါကဲ သွားကြပါစို့"

"ကောင်းပြီ"

ထို့နောက် သူတို့လူစုသည် ဖေးယွင်ကို ဖမ်းဆီးကာ ပြန်သွားကြလေတော့သည်။

♣ ♣ ♣

## တစ်ယောက်ပြီးတစ်ယောက်

ဖေးယွင်...။

ဖေးယွင်က ကျန်းမာအား ဆုံးမဖို့လာခဲ့သည်။

သို့သော်...

ချင်းကိုးနှင့် ဝမ်းခက်တို့က လျှပ်တပြက် တိုက်ခိုက်ကာ အနိုင်ယူလိုက်သဖြင့် ဖမ်းဆီးခံလိုက်ရလေတော့သည်။

ချင်းကိုးတို့က ဖေးယွင်အား ကျန်းမာထံသို့ ခေါ်ဆောင်သွားကြလေသည်။

ကျန်းမာသည် ချင်းကိုးတို့ကိုမြင်လျှင် မေးမြန်းရန် ဟန်ပြင်လိုက်သည်။

ကြိုးတုတ်ဖင် ခေါ်လာသည့် ဖေးယွင်ကိုတွေ့သွားသည့်အခါ...

"ဟား...ဟား...ဟား"

သဘောကျစွာ ရယ်မောလိုက်လေသည်။

ရွက်ဖျင်တဲထဲ၌ သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ချင်းကိုးက...

"အစ်ကိုကြီးက ကျုပ်တို့ကို ဆုချလိမ့်မယ်လို့ ကျုပ်တို့ မျှော်လင့်ထားကြတာ"

ကျန်းမာ ခေါင်းညိတ်လိုက်လေသည်။

"ဒါပေါ့ကွာ၊ ဆုချရမှာပေါ့၊ ဒါပေမယ့် မင်းတို့ကို ထိုက်ထိုက်တန်တန် ဆုချမှုဖြစ်မှာ မဟုတ်လား"

"မှန်တာပေါ့ဗျာ"

ချင်းကိုးနှင့်ဝမ်းခက်တို့ အချင်းချင်းကြည့်လိုက်ကြလေသည်။

သူတို့၏မျက်နှာများ ပြုံးရွှင်နေသည်။

ကျန်းမာက ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဆိုခြင်းက ကျေနပ်စရာ မဟုတ်ပါလား။

ကျန်းမာက...

"ဒါပေမယ့် အလုပ်က ပြီးသေးတာ မဟုတ်ဘူးကွ"

ဟုပြောလေသည်။

ချင်းကိုးက...

"အလုပ်မပြီးသေးဘူးဆိုတော့ ကျုပ်တို့က ဘာတွေများ ဆက်လုပ်ပေးရဦးမှာလဲ ပြောပါဦးဗျ"



ကျန်းမာ၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

ချင်းကိုးနှင့်ဝမ်းခက်တို့အား စိုက်ကြည့်လိုက်သည်။

"ငါက ချိန်တူမြို့တစ်မြို့လုံးကို သိမ်းပိုက်လိုက်တော့မယ်လို့ စိတ်ကူးထားတာ"

"ဗျာ"

မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် ချင်းကိုး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ချိန်တူမြို့ကို သိမ်းပိုက်မယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါက.."

"သိုင်းဆရာကြီးရှုဝမ်နဲ့ ကျောက်တုံးကို ဆုံးမလိုက်တာနဲ့ ချိန်တူမြို့ဟာ ငါရဲ့ခြေဖဝါးအောက် ရောက်ပြီဆိုရင်ကော"

ချင်းကိုးက...

"သည်ကိစ္စက အစ်ကိုကြီးပြောသလောက် လွယ်ပါ့မလား. ဗျာ"

ကျန်းမာ မဲ့ပြုံးပြုံးလိုက်သည်။

"ဘာကြောင့် မလွယ်ရမှာလဲ"

"မြို့သူမြို့သားတွေက..."

ချင်းကိုး၏စကား မဆုံးမီ ကျန်းမာက ကြားဖြတ်ပြောလိုက်လေသည်။

"ဘယ်သူက မကျေနပ်ဘူးပြောမလဲ၊ ပြောတဲ့လူကို ချက်ချင်းသုတ်သင်ပစ်လိုက်[illegible]ယ်လေ၊ သုံးလေးယောက်လောက် လောက

ပေါ်က ပျောက်ကွယ်သွားတာနဲ့ ဘယ်သူက ဘာပြောဝံ့ကြဦးမှာလဲ"

သူ၏စကားသံက အေးတိအေးစက်ဖြစ်သည်။

ကြားလိုက်ရသူတိုင်း ကျောထဲစိမ့်သွားနိုင်လောက်သည်။

ချင်းကိုးက ဝမ်းခက်ကို ကြည့်လိုက်သည်။

ဝမ်းခက်က ပခုံးတွန့်ပြလိုက်လေသည်။

ကျန်းမာက...

"ကြုံးရှုဝမ်နဲ့ ကျောက်တုံးမရှိတော့ဘူးဆိုရင် ဘယ်သူကမှ ပြောဝံ့ကြတော့မှာ မဟုတ်ပါဘူးလေ၊ သည်အတွက် မင်းတို့ ဘာမှ စိုးရိမ်မနေကြစမ်းပါနဲ့"

ချင်းကိုးက...

"ကျုပ်တို့က ကြုံးရှုဝမ်နဲ့ကျောက်တုံးကို ဆုံးမပေးရမှာလားဗျ"

ကျန်းမာ သက်ပြင်းချလိုက်သည်။

"သူတို့နှစ်ယောက်ကို ဆုံးမဖို့ဆိုတာ အပြောလွယ်သလောက် လက်တွေ့ခက်ခဲမယ်ဆိုတာ ငါသိပါတယ်၊ ဒါကြောင့်.."

သူ၏မျက်နှာတွင် ထူးခြားသော အရိပ်အရောင်များ ဖြစ်ပေါ်လာလေသည်။

ကောက်ကျစ်စဉ်းလဲသည့် သဘောအဓိပ္ပါယ်ဆောင်ကြောင်း ချင်းကိုးတို့ သိထားကြလေသည်။

ကျန်းမာ ဆက်ပြောလိုက်သည်။

"အရေးကြီးတာက ကျောက်တုံးပဲ၊ ဖေးယွင်က ငါတို့လက်ထဲရောက်လာပြီ၊ မုန်းလျှံသာ ငါ့လက်ထဲရောက်လာရင် ကျောက်တုံး



လည်း ဘာတတ်နိုင်တော့မှာလဲ"

မုန်းလျှံအပေါ် ကျောက်တုံးက သံယောဇဉ်ငြိတွယ်နေကြောင်း အားလုံးသိထားကြလေသည်။

"ကျောက်တုံးသာ ငါ့လက်ထဲရောက်လာပြီဆိုရင် ကြုံးရှုဝမ်ကော ဘာတတ်နိုင်မှာလဲ"

သူက ပြုံး၍စကားဆက်လိုက်သည်။

"မုန်းလျှံကိုသာ ငါ့လက်ထဲရောက်အောင် ခေါ်လာခဲ့ပါ၊ ကျန်တဲ့ကိစ္စကို ငါတာဝန်ယူတယ်"

"ကောင်းပါပြီဗျာ"

ချင်းကိုး သဘောတူလိုက်လေသည်။

♣ ♣ ♣

ဖေးယွင်က ကျန်းမာနှင့် ရင်ဆိုင်ဖို့ ထွက်သွားပြီဖြစ်လေသည်။

ဖေးယွင်တစ်ယောက်ထဲနှင့် ကျန်းမာတို့လူစုအား မည်သို့မျှရင်ဆိုင်၍ရမည် မဟုတ်ကြောင်း ကျောက်တုံး နားလည်ထားလေသည်။

သူက ကျန်းမာထံသို့ သွားရတော့မည်ဖြစ်သည်။

ဖေးယွင့်ကို ကူညီခြင်းသည် မုန်းလျှံကို ကူညီခြင်းပင် မဟုတ်ပါလား။

ကျောက်တုံးသည် ကြုံးရှုဝမ်နှင့် တွေ့ဆုံပြီးနောက်ကျန်းမာ

ထံသို့သွားရန် ထွက်လာခဲ့လေသည်။

ရုတ်တရက် လူတစ်ယောက်က သူ့အား လှမ်းပိတ်ထား လိုက်လေသည်။

"ဟင်"

ကျောက်တုံး အံ့ဩသွားသည်။

"မုန်းလှျံ…မင်း.."

လမ်းပိတ်ထားသူမှာ မုန်းလှျံဖြစ်လေသည်။

မုန်းလှျံက…

"ရှင် ဘယ်သွားမလို့လဲ"

ဟု မေးလာလေသည်။

ကျောက်တုံးက…

"ကျုပ်က.."

"ရှင်က ကျန်းမာနဲ့သွားပြီး ရင်ဆိုင်တော့မယ် မဟုတ်လား"

မုန်းလှျံမေးသောအခါ ကျောက်တုံး ဘာမှမပြောဘဲနေ လိုက်လေသည်။

မုန်းလှျံက…

"ကျန်းမာဟာ အင်မတန် ကြောက်စရာကောင်းတဲ့ လူတစ် ယောက်ရှင့်"

ကျောက်တုံး ပြုံးလိုက်သည်။

"ကျန်းမာအကြောင်းကို ကျုပ်ကောင်းကောင်း သိပါတယ်"

မုန်းလှျံက…

"ဖေးယွင်ကလည်း သူ့ကိုသွားတွေ့နေပြီရှင့်"



"ကျန်းမာကို ဆုံးမနိုမ်နင်းမှဖြစ်မယ်ဆိုတာ လူတိုင်းသိနေ ကြပါပြီလေ"

"ဒါကို ကျန်းမာကကော မသိဘဲနေမလား"

"ဒါက.."

ကျောက်တုံး မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေသည်။

မုန်းလှျံက…

"ကျန်းမာက ငြိမ်နေမယ်ထင်သလား၊ ရှင်က ချင်းလီတို့ကို ဆုံးမပြီး ဖေးယွင် လွတ်မြောက်အောင် ကူညီလိုက်တယ်၊ ကျန်းမာ နဲ့လမ်းခွဲလိုက်တယ်၊ ဒါကို သူက ကျေနပ်မယ်ထင်သလား"

ကျောက်တုံးက…

"ဒါကြောင့်လည်း ကျုပ်က သူနဲ့သွားတွေ့ပြီး ပြတ်ပြတ် သားသား ဖြေရှင်းဖို့ ဆုံးဖြတ်လိုက်တာပဲလေ"

မုန်းလှျံက…

"ရှင်သွားရင် ထောင်ချောက်ထဲ ဝင်သလိုဖြစ်နေမယ်ဆိုတာ မတွေးမိဘူးလား"

"ကျားဖမ်းချင်မှတော့ ကျားဂူထဲဝင်ရမှာပေါ့ဗျာ"

"ရှင်…ရှင်"

မုန်းလှျံ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ကျောက်တုံးနှင့် ဖေးယွင်တို့မှာ ခေသူများမဟုတ်ကြပါ။

ကျန်းမာသည်လည်း အလွန်ကြောက်စရာကောင်းသူ ဖြစ် လေသည်။

ကျောက်တုံးကော ဖေးယွင်ပါ ကျန်းမာကို ယှဉ်ဖို့လွယ်မည်

မဟုတ်ဟု သူမ ယုံကြည်ထား၏။

ကျန်းမာကြောင့် ဒုက္ခရောက်သွားကြမည်ကို မလိုလားပါချေ။

ကျောက်တုံးက...

"ကျုပ် ဒုက္ခရောက်သွားမှာကို စိုးရိမ်ပူပန်နေတယ်ဆိုရင် ကျေးဇူးတင်ပါတယ်ဗျာ၊ ဖေးယွင်က သွားနှင့်ပြီဆိုတော့ ကျုပ်လိုက်သွားမှဖြစ်မှာ"

"သူက..."

"ကျုပ် ဒုက္ခရောက်ချင်ရောက်ပါစေ၊ ဖေးယွင် ဒုက္ခရောက်သွားမှာကို ကျုပ်မလိုလားဘူး"

မုန်လျှို၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ကျောက်တုံး ပြုံးလိုက်သည်။

"တကယ်တော့ ဖေးယွင်ဟာ လူကောင်းတစ်ယောက်ပါ၊ ကျန်းမာက သူ့အပေါ် အကောက်ကြံခဲ့တာကြောင့် ဒုက္ခရောက်ခဲ့ရတယ်၊ ဒါပေမယ့် သူလွတ်မြောက်လာတော့ ကျန်းမာကို ဘယ်လိုမှသဘာမထားတော့ဘဲ မေ့ပစ်လိုက်ပြီး လူကောင်းတစ်ယောက်ဖြစ်အောင် နေထိုင်ခဲ့တယ်၊ ကျန်းမာက မလုံမလဲနဲ့ ထပ်ပြီးဒုက္ခပေးတယ်"

မုန်းလျှိုက ကျောက်တုံးပြောသည့်စကားများကို ငြိမ်ပြီးနားထောင်နေသည်။

ကျောက်တုံး စကားဆက်လိုက်သည်။

"ကျန်းမာ ကံကောင်းလို့ ဒုက္ခမရောက်ပေမယ့် သူက



ဘယ်လိုမှသည်းမခံနိုင်တော့ဘူး၊ ဒါကလည်း သဘာဝကျလှပါတယ်၊ သူက ကျန်းမာကိုရင်ဆိုင်ဖို့ ဆုံးမလိုက်တာ မှန်ပါတယ်"

မုန်းလျှိုက...

"သူက သေလမ်းကိုရွေးလိုက်တာရှင့်"

"ဘယ်သူမဆို တစ်နေ့ သေဆုံးသွားရမှာပဲ မဟုတ်လား၊ အမှန်ဆိုရင် လူတစ်ယောက်အတွက် အသက်ရှင်တာ သေတာ ထူးဆန်းတဲ့ကိစ္စမဟုတ်ပါဘူး"

"ရှင်...ရှင်"

"ကျုပ်လည်း ကျန်းမာနဲ့ရင်ဆိုင်သွားမှာပဲ၊ သူသေရင်သေ မသေရင် ကျုပ်သေရမှာပေါ့"

မုန်းလျှို ဒေါသထွက်သွားလေသည်။

"ရှင်တို့နှစ်ယောက်စလုံးက သေချင်နေကြတာကိုး၊ ကောင်းပြီ ရှင်တို့ကျန်းမာနဲ့တွေ့ပြီး ငရဲပြည်ကို သွားကြပေတော့"

စကားဆုံးလျှင် ခြေဆောင့်နင်းကာ လှည့်ထွက်သွားလေတော့သည်။

ကျောက်တုံးက မလှုပ်မယှက်ရပ်ကာ ငေးမောကြည့်နေမိလေသည်။ သူ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်နေပါသည်။

သူ၏ခံစားချက်က ဝမ်းနည်းကြေကွဲသည့် ခံစားချက်များဖြစ်ကြောင်း နားလည်လိုက်သည်။

ကျောက်တုံး ကိုယ့်ကိုကိုယ် အံ့ဩနေမိလေတော့သည်။

♣ ♣ ♣

ကျောက်တုံးသည် ကျန်းမာနှင့်ရင်ဆိုင်ဖို့ ထွက်သွားပြီဖြစ်လေသည်။

မုန်းလျှိုလည်း အိမ်သို့ပြန်လာခဲ့လေသည်။

သူမ၏အိမ်သို့ ပြန်လည်ရောက်ရှိလာသောအခါ ခြံဝင်းအတွင်း၌ သစ်ပင်ပန်းပင်များဖြင့် စိုပြည်စိမ်းလန်းနေပါသည်။

သစ်ပင်များကြား၌ အဆောက်အဦးကြီးက နေရာယူထားလေသည်။

ထိုအဆောက်အဦးကြီး၌ တည်းခိုခန်းဖွင့်လှစ်ထားလေသည်။

ယခုတော့ တည်းခိုမည့်သူတစ်ယောက်မျှ မရှိတော့ပါချေ။

တည်းခိုနေသော ကျောက်တုံးကလည်း ထွက်သွားပြီ မဟုတ်ပါလား။

ကျောက်တုံး ထွက်သွားပြီးနောက် ပြန်လည်ရောက်ရှိလာစရာအကြောင်းမရှိတော့ဟု မုန်းလျှို ယုံကြည်ထားလေသည်။

ဖေးယွင်...။

ကျောက်တုံး...။

သူမနှင့် ပတ်သက်ခဲ့သူနှစ်ယောက်သည် သူမအနီးမှ ဖယ်ခွာသွားကြပြီ ဖြစ်လေသည်။

အဆောက်အဦးရှေ့သို့ရောက်လျှင် မုန်းလျှိုက ခြေလှမ်းရပ်လိုက်လေသည်။

သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေသည်ကို အံ့သြစွာတွေ့လိုက်ရလေသည်။



မုန်းလျှိုသည် ဝမ်းနည်းကြေကွဲတတ်သူတစ်ယောက် မဟုတ်ပါ။

မျက်ရည်ကျတတ်သူ မဟုတ်ပါ။

ယခုမူ...

မုန်းလျှို ငူငူကြီး ရပ်နေမိသည်။

ကျောက်တုံးသည်လည်းကောင်း၊ ဖေးယွင်သည်လည်းကောင်း သူမအပေါ် မေတ္တာသက်ဝင်ခဲ့ကြသည်။

ဖေးယွင်နှင့် ဦးစွာ တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

မြင်းရိုင်းတစ်ကောင် ဖမ်းဆီးရင်း မမျှော်လင့်ဘဲ ဆုံတွေ့မိခဲ့ပြီး တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်ဖြစ်ခဲ့ကြသည်။

သို့သော်...

ဖေးယွင်သည် ကျန်းမာ၏ပယောဂကြောင့် ဖမ်းဆီးခံလိုက်ရသောအခါ သူမနှလုံးသား အေးစက်သွားခဲ့လေသည်။

သူမတို့ မိသားစုမှာ ယခင်က ချမ်းချမ်းသာသာရှိခဲ့ကြသော်လည်း ဖခင်ကြီးက သောက်စားလောင်းကစားခဲ့ခြင်းကြောင့် စီးပွားပျက်ကာ ငွေကြေးကြပ်တည်းလာခဲ့လေသည်။

မုန်းလျှိုသည် စီးပွားကျလာပြီးနောက်ပိုင်း စိတ်ထဲ အလိုလိုအားငယ်သွားခဲ့လေသည်။

သူမ၏နှလုံးသားများလည်း အေးစက်မာကျောသွားခဲ့လေတော့သည်။

ဖေးယွင်က အပြစ်ရှိသူတစ်ယောက်ဟု သတ်မှတ်ခံလိုက်ရသောအခါ ဖေးယွင်အပေါ်၌ အေးစက်သွားခဲ့မိတော့သည်။

တစ်နေ့ မြို့ထဲသွားရင်း...

"အဖမ်းခံလိုက်ရတယ်ဆိုကတည်းက ဖေးယွင်မှာ အပြစ်ရှိလို့ပေါ့၊ အပြစ်မရှိရင် ဘယ်သူက သူ့ကိုဖမ်းဆီးထားမှာလဲ"

ဟူသောပြောဆိုသံများ ကြားခဲ့ရသည် မဟုတ်ပါလား။

ဤတွင်...

"ဖေးယွင်သာ အပြစ်မရှိရင် ခုလိုအဖမ်းခံရစရာ အကြောင်းမရှိဘူး"

မုန်းလျှံက ထိုသို့ယူဆပြီး သူတို့နှစ်ယောက်၏ ဆက်ဆံရေးမှာ အေးတိအေးစက် ဖြစ်သွားခဲ့ရခြင်းပင်။

ဖေးယွင်နှင့် ခပ်တန်းတန်းဖြစ်သွားပြီးနောက်ပိုင်း ကျောက်တုံးနှင့် ပတ်သက်ခဲ့ရလေသည်။

ကျောက်တုံးမှာ တကယ့်လူဆိုးတစ်ယောက်ဖြစ်သည်။

အမှောင်လောကခွဲ ကျင်လည်ကျက်စားနေသူ ဖြစ်သည်။

သို့သော် ကျောက်တုံးသည် လူထူးဆန်းတစ်ယောက်လည်း ဖြစ်နေပြန်ပါသည်။

ကျောက်တုံးနှင့် တွေ့သောအခါ မုန်းလျှံ၏နှလုံးသား လှုပ်ရှားလာခဲ့ရလေသည်။

ကျောက်တုံးက ရှည်ရှည်ဝေးဝေး တွေးတောစဉ်းစားနေတတ်သူတစ်ယောက် မဟုတ်ပါ။

လုပ်စရာရှိသည်ကို ပြတ်ပြတ်သားသား လုပ်ကိုင်ဆောင်ရွက်တတ်သူဖြစ်သည်။

ဘဝကို ပျော်ပျော်နေပြီး သေရမည်၊ ရှင်ရမည်ကိုလည်း



အလေးအနက်ထားသူ မဟုတ်ပါချေ။

ထူးခြားသော ကျောက်တုံးနှင့် နေထိုင်ရသည်မှာ တစ်မျိုးပျော်စရာကောင်းနေသည် ထင်မိလေသည်။

သူမသည် မျက်နှာများသော မိန်းကလေးတစ်ယောက်တော့ မဟုတ်ပါ။

သူမ ဆုံတွေ့လိုက်ရသော ကျောက်တုံးနှင့်ဖေးယွင်တို့နှစ်ယောက်မှာ အခြားသူများနှင့် မတူဘဲ ထူးခြားသူများ ဖြစ်နေကြသည် မဟုတ်ပါလား။

သူမကိုယ်တိုင်လည်း ထူးဆန်းသော မိန်းကလေးတစ်ယောက်ဖြစ်ရကား တိုက်ဆိုင်စွာ တွေ့ဆုံမိကြခြင်းဖြစ်ပါတော့သည်။

အံ့ဩစရာကောင်းအောင်ပင် ဖေးယွင်ကိုလည်းကောင်း၊ ကျောက်တုံးကိုလည်းကောင်း သူမ သံယောဇဉ်တွယ်မိလေသည်။

သို့သော်...

ဖေးယွင်ကို သစ္စာဖောက်ကာ ကျောက်တုံးနှင့်လက်တွဲလိုက်သည်ဟု အပြောခံရမည်ကို မလိုလားပါချေ။

ဖေးယွင်နှင့်ကျောက်တုံးတို့နှစ်ယောက်အနက် တကယ်တမ်း ရွေးချယ်မည်ဆိုလျှင် ဖေးယွင်ကိုရွေးချယ်ရလိမ့်မည် ဖြစ်လေသည်။

သို့မဟုတ်လျှင် နှစ်ယောက်စလုံးကို ငြင်းပယ်ရလိမ့်မည် ဖြစ်ပါသည်။

ယခု...

ဖေးယွင်ကော ကျောက်တုံးပါ သူမအနီးမှ ဖွယ်ခွာသွားကြ

ပြီဖြစ်ရာ မုန်းလှုံသည် တွေးရင်းတွေးရင်း ပို၍အထီးကျန်ဆန်လာလေတော့သည်။

ထိုစဉ်..

"အား"

အဆောက်အဦးထဲမှ အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မုန်းလှုံ သတိဝင်လာလေသည်။

"ဖေဖေ"

အော်သံကား ဖခင်ကြီး မုန်းကျူးပ၏အသံဖြစ်ကြောင်း သိထားလေသည်။

ဖခင်ကြီးက အဘယ်ကြောင့် အော်ဟစ်လိုက်ရပါသနည်း။

မုန်းလှုံလည်း အဆောက်အဦးကြီးဆီသို့ ပြေးလွှားသွားလိုက်လေတော့သည်။

♣ ♣ ♣



ယနေ့သည် ကံကောင်းသော နေ့တစ်နေ့ဖြစ်သည်ဟု မုန်းကျူးပ ယူဆထားလေသည်။

သူ့ထံသို့ တည်းခိုမည့်သူများ ရောက်ရှိလာကြသည် မဟုတ်ပါလား။

မုန်းကျူးပက အရက်သောက်နေချိန် ဖြစ်သည်။

"ဒေါက်...ဒေါက်"

တံခါးခေါက်သံများ ထွက်ပေါ်လာခြင်းကြောင့် ခေါင်းထောင်ကြည့်လိုက်လေသည်။

တံခါးခေါက်သံကြောင့် ကျောက်တုံး သို့မဟုတ် မုန်းလှုံ ပြန်ရောက်လာခြင်းမဟုတ်ဘဲ အခြားဧည့်သည်တစ်ဦး ရောက်ရှိလာခြင်းဖြစ်မည်ဟု နားလည်လိုက်လေသည်။

"လာပြီ..လာပြီ"

မုန်းကျူးပက တံခါးသွားဖွင့်ပေးလိုက်လေသည်။

အပြင်ဘက်၌ မျက်နှာစိမ်းနှစ်ယောက် ရှိနေသည်ကိုတွေ့လိုက်ရလေသည်။

ချင်းကိုးနှင့် ဝမ်းခက်တို့ဖြစ်လေသည်။

မုန်းကျူးပက...

"ကျုပ်က မုန်းကျူးပပါ ကိစ္စရှိလို့လား"

ဟုမေးလိုက်သည်။

ချင်းကိုးက...

"သည်မှာ တည်းခိုခန်း ငှားတယ်ဆိုလို့ လာခဲ့တာဗျ"

"ဟုတ်တယ်..ဟုတ်တယ်၊ မိတ်ဆွေတို့က အခန်းငှားကြ

မလို့လား"

"ဟုတ်ပါတယ်ဗျာ"

"ဒါဆို အထဲဝင်ကြပါဦး"

မုန်းကျူးပက ဖိတ်ခေါ်လိုက်လေသည်။

ချင်းကိုးနှင့် ဝမ်းခက်တို့က အတွင်းဘက်ဝင်လာကြလေသည်။

"ထိုင်ကြပါဦး"

မုန်းကျူးပက နေရာထိုင်ခင်း ပေးလိုက်သည်။

စားပွဲပေါ်၌ အရက်အိုးရှိနေပါသည်။

မုန်းကျူးပသည် မုန်းလျှံ အပြင်သွားနေခိုက် အရက်ခိုးသောက်နေခြင်း ဖြစ်လေသည်။

ယခု ဧည့်သည်နှစ်ယောက် ရောက်ရှိလာသောအခါ သဘောမနောကောင်းသူပီပီ ဧည့်ဝတ်ပြုလိုက်လေသည်။

"အရက်သောက်ကြပါဦး"

ချင်းကိုးက...

"ကျေးဇူးပါပဲဗျာ၊ ကျုပ်တို့ အရက်မသောက်တော့ပါဘူး အခန်းပဲကြည့်ပါရစေ"

မုန်းကျူးပ ခေါင်းကုပ်လိုက်လေသည်။

"အဲဒါ ခက်တာပဲ"

"ဘာဖြစ်လို့လဲဗျ"

"ကျုပ်သမီး [illegible]လျှံမရှိဘူး၊ သူက အခန်းငှားတဲ့ကိစ္စကို တာဝန်ယူထားတာ"



ချင်းကိုးနှင့် ဝမ်းခက်တို့ အချင်းချင်းကြည့်လိုက်ကြသည်။

တဖန် ချင်းကိုးက မုန်းကျူးပဘက်သို့ ပြန်လှည့်လိုက်လေသည်။

"ခင်ဗျား သမီးက ဘယ်သွားလို့လဲ"

"အပြင်သွားတယ်၊ မကြာခင် သူပြန်ရောက်လာတော့မှာပါ"

"ဒါဖြင့် ကျုပ်တို့ ထိုင်စောင့်နေကြမယ်ဆိုရင်ကော"

"ရပါတယ်..ရပါတယ်"

ချင်းကိုးနှင့် ဝမ်းခက်တို့သည် အေးအေးဆေးဆေး ထိုင်စောင့်နေလိုက်ကြလေသည်။

"သောက်လိုက်ကြပါဦး"

မုန်းကျူးပက အရက်ဖြင့် ဧည့်ခံလိုက်ပြန်သည်။

သူကိုယ်တိုင်က အရက်သောက်လိုနေခြင်းကြောင့် ဖြစ်လေသည်။

ချင်းကိုးက...

"ကျေးဇူးပဲ"

မုန်းကျူးပ ငှဲ့ပေးသော အရက်ခွက်ကိုယူကာ မော့သောက်လိုက်လေသည်။ ပြီးလျှင်...

"သည်နေရာက တော်တော်အေးချမ်း တိတ်ဆိတ်တာပဲ၊ တည်းခိုနေတဲ့လူကော ရှိရဲ့လားဗျ"

ဟုမေးလိုက်လေသည်။

မုန်းကျူးပက...

"ကျုပ်တို့ တည်းခိုခန်းဖွင့်တာ မကြာသေးဘူးဆိုတော့ တည်းခိုနေတဲ့ လူတစ်ယောက်ပဲ ရှိပါတယ်၊ သူ့နာမည်က ဘာတဲ့ 'ကျောက်တုံး' ဆိုလား ထူးထူးဆန်းဆန်းပဲ"

"ကျောက်တုံး"

"ဟုတ်တယ်"

ချင်းကိုးနှင့် ဝမ်းခက်တို့ အချင်းချင်းကြည့်လိုက်ကြသည်။

ကျောက်တုံးက ဤနေရာ၌ တည်းခိုနေသည်မှာ သေချာနေပါတော့သည်။

ချင်းကိုးက...

"ဘယ်သူမှလည်း မတွေ့ပါလားဗျ"

ဟုမေးလိုက်သည်။

မုန်းကျူးပက...

"ကျောက်တုံးက အစောကြီးကတည်းက အပြင်ထွက်သွားတာပဲ"

"သူ မရှိဘူးပေါ့"

"ဟုတ်တယ်"

ကျောက်တုံးမရှိလျှင် ဤနေရာ၌ သူတို့ထင်တိုင်းကျဲနိုင်သည် မဟုတ်ပါလား။

မုန်းလျှံ ပြန်ရောက်လာသည်နှင့် ဖမ်းဆီးခေါ်ဆောင်သွားရန်လည်း လွယ်ကူသွားလိမ့်မည် ဖြစ်လေသည်။

"မောင်ရင်တို့က ကျောက်တုံးကို သိလို့လား"

ဟုမေးလာသည်။



တစ်ချိန်လုံး စကားမပြောဘဲ နေခဲ့သော ဝမ်းခက်က လွှတ်ခနဲ ပြောလိုက်လေသည်။

"ကျုပ်တို့က ကျောက်တုံးကို ဆုံးမချင်တာဗျ"

"ဟင်"

မုန်းကျူးပ အံ့သြသွားလေသည်။

"မင်းတို့က ကျောက်တုံးကို ဆုံးမချင်တယ်ဟုတ်လား၊ နေပါဦး ဘာကြောင့် သူ့ကို.."

ဝမ်းခက်သည် စကားမှားသွားပြီဖြစ်ကြောင်း သိလိုက်ပြီး မထူးတော့ဟု သဘောထားလိုက်လေသည်။

"သူ့ကို ဆုံးမချင်လို့ လာခဲ့တာဗျ"

"မင်း...မင်းတို့က.."

"ခင်ဗျားသမီး ဘယ်မှာလဲ ပြောပါ"

"မုန်းလျှံက အပြင်ထွက်သွားတယ်၊ မင်းတို့က ကျုပ်သမီးကို ကော ဘာလုပ်ကြမလို့လဲ ပြောစမ်း"

"ခင်ဗျားသမီးကို ဖမ်းခေါ်သွားမလို့ပေါ့"

"မင်း...မင်းတို့"

မုန်းကျူးပသည် အရက်သမား၊ လောင်းကစားသမား တစ်ယောက်ဖြစ်ခဲ့သော်လည်း ဇနီးနှင့်သမီးဖြစ်သူအား ထိခိုက်စော်ကားလာလျှင် သည်းခံတတ်သူ မဟုတ်ပါချေ။

ထိုင်ရာမှ ဝုန်းခနဲ ထရပ်ပြီး အော်ငေါက်လိုက်လေသည်။

"မင်းတို့နှစ်ယောက် ငါ့အိမ်ထဲက ခုချက်ချင်း ထွက်သွားကြစမ်း"

"ဟား...ဟား...ဟား"

ချင်းကိုးနှင့်ဝမ်းခက်တို့က လှောင်ပြောင်ရယ်မောလိုက်ကြလေသည်။

"ကျုပ်တို့က ခင်ဗျားသမီးကို ဖမ်းခေါ်သွားဖို့လာခဲ့တာ၊ ဘာကြောင့် ထွက်သွားရမှာလဲဗျ"

"ခင်ဗျား အေးအေးဆေးဆေးနေရင် ကောင်းမယ်၊ ဒါမှမဟုတ်ရင် ဒုက္ခရောက်သွားလိမ့်မယ်"

"ဘာကွ"

မုန်းကျူးပသည် သူ့အား ခြိမ်းခြောက်လိုက်သည်ဆိုပြီး ပို၍ဒေါပွသွားလေတော့သည်။

နံရံ၌ချိတ်ထားသော ဓားတစ်လက်ကိုပြေး၍ ဆွဲယူလိုက်သည်။

"ခြွမ်း"

ဓားဆွဲထုတ်ကာ ဝှေ့ယမ်းရင်း အော်ငေါက်မောင်းထုတ်လိုက်လေသည်။

"မင်းတို့နှစ်ယောက် ကျုပ်အိမ်ထဲက ထွက်သွားကြစမ်း"

"ဟား...ဟား...ဟား"

ချင်းကိုးတို့က လှောင်ပြောင် ရယ်မောလိုက်ကြလေသည်။

"ကျုပ်တို့ ထွက်မသွားဘူးဆိုရင်ကော"

"သေဖို့သာ ပြင်ထားကြပေတော့"

မုန်းကျူးပက စတင်တိုက်ခိုက်လိုက်လေသည်။

သို့သော် သူက သိုင်းသမားတစ်ယောက် မဟုတ်သဖြင့်



ချင်းကိုးတို့အား မည်သည့်နည်းနှင့်မျှ မယှဉ်နိုင်ပါချေ။

"ပေးစမ်း"

ချင်းကိုးက မုန်းကျူးပ၏လက်ထဲမှ ဓားကို လုယူလိုက်လေသည်။

ထို့နောက်...

"သေလိုက်စမ်း"

မုန်းကျူးပအား ထိုးသွင်းလိုက်လေသည်။

မုန်းကျူးပ ရှောင်တိမ်းခြင်း မပြုနိုင်ခဲ့ပါ။

ဓားဦးက ရင်ဝကို ဖောက်ထွင်းသွားလျှင်...

"အား"

စူးရှစွာ အော်ဟစ်ကာ လဲကျသွားလေတော့သည်။

ထိုစဉ်မှာပင်...

"ဖေဖေ"

မုန်းလျှံ အထိတ်တလန့်ခေါ်ကာ အိမ်ထဲပြေးဝင်လာလေတော့သည်။

♣ ♣ ♣

## အကြောက်ကင်းတဲ့လူ

ကျန်းမာက ရွက်ဖျင်တဲထဲမှာထိုင်ကာ အရက်သောက်နေသည်။

မလှမ်းမကမ်း၌ ဖေးယွင်ရှိနေသည်။

ဖေးယွင်အား ရွက်ဖျင်တဲမှ တိုင်တစ်လုံး၌ကြိုးများဖြင့် ချည်နှောင်ထားခြင်း ဖြစ်လေသည်။

ဖေးယွင်မှာ ကျန်းမာကိုရင်ဆိုင်နိုင်ခြင်း မရှိသည့်အပြင် ကျန်းမာပြုသမျှ ခံရတော့မည့် အခြေအနေရောက်ရှိနေပြီ ဖြစ်လေသည်။

ကျန်းမာက…

"ဖေးယွင်..မင်းက ငါ့ကိုအာခံဖို့ကြိုးစားခဲ့တာ မှားပြီလို့ ခုထိနောင်တမရသေးဘူးလား"



ဟု မေးလိုက်လေသည်။

ဖေးယွင် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ဘယ်တော့မှ နောင်တရမှာမဟုတ်ပါဘူးဗျာ"

"မင်းမဆိုးဘူး၊ ခုချိန် ငါ့လက်ထဲရောက်နေမှ နောင်တရပြီဆိုရင် ဖေးယွင် ဘယ်ဟုတ်တော့မလဲ"

ဖေးယွင်သည် မဟုတ်မခံ၊ သတ္တိအလွန်ကောင်းသော သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း လူတိုင်းသိထားကြသည် မဟုတ်ပါလား။

ကျန်းမာ စကားဆက်လိုက်သည်။

"ဖေးယွင်…ငါက ဘာကြောင့် သည်နေရာမှာ ကြာကြာနေရသလဲဆိုတာ မင်းစဉ်းစားမိသလား"

ဖေးယွင် ဘာမှမပြောဘဲ နေလိုက်လေသည်။

ကျန်းမာက…

"ချိန်တူမြို့ကို ငါသဘောကျလို့ပေါ့ကွာ၊ အစစအရာရာ ငါလေ့လာပြီးပြီ၊ ချိန်တူမြို့မှာ အခြေချလိုက်တာ အကောင်းဆုံးဆိုတာလည်း ငါနားလည်ထားပြီးပြီ"

"ခင်ဗျား ဘာတွေ မကောင်းကြံစည်ဦးမလို့လဲ၊ ပြောစမ်းပါဦး"

"ဟင်း..ဟင်း..ချိန်တူမြို့မှာ ကြုံးရှုဝမ်၊ မင်းနဲ့ကျောက်တုံးကိုရှင်းပစ်လိုက်ရင် ဘယ်သူကမှ ကျုပ်ကို ခေါင်းမော့ကြည့်ဝံ့တော့မှာမဟုတ်ဘူးလေ၊ ချိန်တူမြို့ကို ရုတ်တရက် ဘယ်သူကမှ ရောက်လာနိုင်တာ မဟုတ်ဘူး"

သူက ချိန်တူမြို့၌ ဗိုလ်ကျမင်းမူကာ ထင်ရာစိုင်းနိုင်မည်မှာ သေချာနေပါတော့သည်။

ဖေးယွင်က...

"မြို့သူမြို့သားတွေက ခင်ဗျားကို လက်ခံကြမယ်များ ထင်နေသလား"

"လက်မခံတဲ့လူဆိုရင် မြို့အနောက်ပိုင်းကို ပို့လိုက်ရုံပေါ့ကွာ"

မြို့အနောက်ပိုင်းတွင် သင်္ချိုင်းမြေရှိနေသည် မဟုတ်ပါလား။

"တို့..လူယုတ်မာကြီး"

ဖေးယွင် ဒေါသတကြီး ကျိန်ဆဲရင်း တံတွေးထွေးချလိုက်လေသည်။

"ဟား...ဟား...ဟား"

ကျန်းမာ လှောင်ပြောင် ရယ်မောလိုက်လေသည်။

"ဖေးယွင် မင်းက ငါ့ရှေ့မှာ ဒူးထောက်မယ်ဆိုရင် အချိန်မနှောင်းသေးဘူးကွ"

ဖေးယွင် ရင်ကော့လိုက်သည်။

"ကျုပ်ကို သတ်ပစ်လိုက်စမ်းပါ"

ကျန်းမာက...

"ကောင်းပြီ..ငါ့လက်ထဲကို မုန်းလျှံရောက်လာမယ်ဆိုရင်ကော"

"ဘာ"



"ဟဲ..ဟဲ..ချင်းကိုးက မင်းတစ်ယောက်ထဲ ပျင်းနေမှာစိုးရိမ်ပြီး မုန်းလျှံကိုသွားခေါ်နေတယ်လေကွာ၊ မကြာခင် သူရောက်လာတော့မှာပါ"

"ခင်..ခင်ဗျား"

ဖေးယွင် ဒေါသထွက်လွန်းသဖြင့် စကားမပြောနိုင်အောင်ဖြစ်သွားလေတော့သည်။

ကျန်းမာက...

"မင်းအတွက် အဖော်ရမှာပဲ၊ ချင်းကိုးကိုတောင် ကျေးဇူးတင်သင့်တယ်"

ဖေးယွင်က အတင်းရုန်းကန်လိုက်လေသည်။

အလွန်ခိုင်ခံ့သော ကြိုးသားရေကြိုးဖြင့် ချည်နှောင်ထားသည်ဖြစ်ရကား မည်သို့မျှ မလွတ်မြောက်နိုင်ပါချေ။

ကျန်းမာက ရိသဲ့သဲ့ ပြောလိုက်သည်။

"မင်း ဘာကြောင့် အပင်ပန်းခံနေရတာလဲကွ၊ အင်း..မုန်းလျှံက အတော်ကို ချောမောလှပဲ့ မိန်းကလေးတစ်ယောက်လို့ ငါသတင်းကြားတယ်၊ သူ့ကို..."

သူ၏စကား မဆုံးမီ..

"အစ်ကိုကြီး...အစ်ကိုကြီး"

ခေါ်သံနှင့်အတူ ရောင်ကျင်း ပြေးဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ကျန်းမာ မျက်မှောင်ကုပ်သွားလေသည်။

"ရောင်ကျင်း..အလန့်တကြားနဲ့ မင်းဘာဖြစ်လာတာလဲ၊

ပြောစမ်း"

ရှောင်ကျင်းက....

"ဟို..ဟို..ကျောက်..ကျောက်တုံး"

"ကျောက်တုံးက ဘာဖြစ်လို့လဲ"

"သူ ရောက်လာပြီ"

ရှောင်ကျင်း မော့ဟိုက်နေပြီး စကားဆုံးအောင် မပြောနိုင်ပါချေ။

သို့တိုင် ကျန်းမာက နားလည်သဘောပေါက်လိုက်လေသည်။

"သြော်...ကျောက်တုံး ရောက်လာပြီကိုး"

ကျောက်တုံး ရောက်လာပြီဖြစ်ရကား သူ၏အကြံအစည်အောင်မြင်တော့မည်ဟု ယုံကြည်ထားလိုက်လေတော့သည်။

♣ ♣ ♣



တောအုပ်ကလေးကို ဖြတ်လိုက်သည်နှင့်...

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ လူတစ်စု ထွက်ပေါ်လာခြင်းကြောင့် ကျောက်တုံး ခြေလှမ်းရပ်လိုက်လေသည်။

ရှောင်ကျင်း ဦးဆောင်သော ကျန်းမာ၏တပည့်များ ဖြစ်ကြလေသည်။

ရှောင်ကျင်းက...

"ကျောက်တုံး မင်းဘာကိစ္စရှိလို့ လာခဲ့တာလဲ"

ဟု မေးလိုက်သည်။

ကျောက်တုံးက...

"အစ်ကိုကြီးနဲ့ တွေ့ဖို့ လာခဲ့တာ၊ ခင်ဗျား ဘေးဖယ်နေလိုက်ရင်ကောင်းမယ်"

ရှောင်ကျင်း နှာခေါင်းရှုံ့လိုက်သည်။

"ကျောက်တုံး...မင်းက အစ်ကိုကြီးကို အာခံမလို့လား၊ အစ်ကိုကြီး စိတ်ဆိုးရင် ဘယ်လိုဖြစ်မယ်ဆိုတာ မင်းသိပါတယ်နော်"

ကျောက်တုံး မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က အစ်ကိုကြီးကို ဂရုမစိုက်ဘူးဆိုတာကော၊ ခင်ဗျား ဘာပြောမလဲ"

"ဘာကွ"

"ခင်ဗျား အေးအေးဆေးဆေး လမ်းဖယ်ပေးလိုက်ရင် ကောင်းမယ်"

ရှောင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

"ဘာကြောင့် လမ်းဖယ်ပေးရမှာလဲ၊ ဖေးယွင်တောင် အစ်ကိုကြီးလက်ထဲ ရောက်နေပြီ၊ မင်းလည်း ဒုက္ခမရောက်ချင်ရင် နောက်ကြောင်း လှည့်ပြန်သွားတာကောင်းမယ်"

ကျောက်တုံး ခံပြင်းသွားရှာလေသည်။

ဖေးယွင်အတွက်လည်း စိုးရိမ်ပူပန်သွားသည်။

"ခင်ဗျား လမ်းဖယ်မပေးဘူးဆိုရင် ကျုပ်အဆိုးမဆိုနဲ့"

ဟု ပြတ်ပြတ်သားသား ပြောလိုက်သည်။

ရှောင်ကျင်း လက်ဝှေ့ယမ်းပြလိုက်လေသည်။

"သူ့ကို ဆုံးမလိုက်ကြစမ်း"

ရှောင်ကျင်း၏လူများလည်း ညာသံပေးကာ ကျောက်တုံးအား တိုက်ခိုက်လိုက်ကြလေသည်။

ကျောက်တုံးလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ပြန်လည်တိုက်ခိုက်လိုက်ရာ ပြင်းထန်သော တိုက်ပွဲပေါ်ပေါက်လာလေတော့သည်။

ကျောက်တုံးသည် တခောက်ကန်း တဇွတ်ထိုးဖြစ်လေသည်။

သူ၏သိုင်းပညာမှာလည်း ခုခံရှောင်တိမ်းဖို့ထက် တိုက်ခိုက်ဖို့သာ ဦးစားပေးသော တိုက်ကွက်များဖြစ်လေသည်။

ထို့ကြောင့် ရှောင်ကျင်းတို့လူစု အခက်ကြုံသွားတော့သည်။

"ဝုန်း"

"အမယ်လေး"

"သေပါပြီဗျ"



စူးရှသော အော်ဟစ်သံများ တခဲနက်ထွက်ပေါ်လာလေသည်။

ရှောင်ကျင်း၏လူများမှာ ကျောက်တုံး၏လက်ချက်မိကာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွား၏။

လူများသော်လည်း ကျောက်တုံးကို မယှဉ်နိုင်ဘဲ အရေးနိမ့်သွားကြလေသည်။

ကျောက်တုံးမှာ ဆက်လက်တိုက်ခိုက်ခြင်း မပြုပံ့တော့ဘဲ . ဒရောသောပါး ထွက်ပြေးသွားလေတော့သည်။

♣ ♣ ♣

ကျောက်တုံး....။

ကျောက်တုံးဟူသော အမည်ကြားလျှင် ဖေးယွင် ခေါင်း . ထောင်လာလေသည်။

အမှောင်လာကသား အချင်းချင်းပင် ကြောက်ရွံ့ရသော ကျောက်တုံး ရောက်လာပြီဖြစ်သည်။

ကျောက်တုံးဟူသော အမည်ကြားလိုက်သည်နှင့် ကျန်းမာတို့လူစုလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတော့သည်။

ကျန်းမာက...

"ကျောက်တုံးရောက်လာတော့ကော ဘာဖြစ်သလဲ၊ မင်းက သူ့ကိုမဆုံးမဘူးလား"

ရှောင်ကျင်းက...

"ကျောက်တုံးက မလွယ်ဘူး အစ်ကိုကြီး၊ ကျုပ်တို့လူတွေ ငရဲပြည်ကို ရောက်ကုန်ကြပြီ"

"ဘာကွ"

"သူ့ကို ဘယ်သူကမှ ဟန့်တားလို့ရမှာ မဟုတ်ဘူး"

"ဟား..ဟား..ဟား"

ကျန်းမာက ဟားတိုက်ရယ်မောလိုက်လေသည်။

"ကျောက်တုံးက သည်လောက်တောင်ပဲ ကြောက်စရာကောင်းနေသလား၊ သည်ကောင့်ကို ငါကိုယ်တိုင် ဆုံးမပြမယ်၊ ဒါထက် ချင်းကိုးတို့ကော"

"သူတို့ ရောက်မလာကြသေးပါဘူး အစ်ကိုကြီး"

ကျန်းမာ ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီလေ၊ ကျောက်တုံးကို လွှတ်ပေးလိုက်ပါ၊ ဘယ်သူမှ မဟန့်တားနဲ့တော့"

"ဟုတ်ကဲ့..အစ်ကိုကြီး"

ရှောင်ကျင်း ယခုမှ စိတ်သက်သာရာရသွားလေသည်။

ထိုအချိန်မှာပင်...

"အစ်ကိုကြီး..ကျုပ်ရောက်လာတာကိုတောင် ထွက်မကြိုတော့ဘူးလားဗျာ"

ရွက်ဖျင်တဲအပြင်ဘက်မှ ကျောက်တုံး၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

ကျန်းမာ ဒေါသထွက်သွားလေသည်။

"တောက်..ကြီးကျယ်လိုက်တာ၊ သူရောက်လာတာကို



ငါကထွက်ပြီး ကြိုဆိုရမှာလား"

ရှောင်ကျင်းက....

"အစ်ကိုကြီး..အပြင်မထွက်ရင်တော့ သူက အထဲကို ဝင်လာမှာ သေချာတယ်"

ကျန်းမာက...

"ကောင်းပြီလေ၊ မင်းက ဖေးယွင်ကိုခေါ်လာခဲ့"

ဟုပြောကာ ရွက်ဖျင်တဲ အပြင်ဘက်သို့ လှမ်းထွက်သွားလေတော့သည်။

♣ ♣ ♣

ရွက်ဖျင်တဲအပြင်ဘက်၌ မြေကွက်လပ်တစ်ခုရှိသည်။

ကျောက်တုံးက ထိုမြေကွက်လပ်၌ ရောက်ရှိနေပြီဖြစ်သည်။

ကျန်းမာ၏လူများကား တစ်ယောက်တစ်လေမျှ မတွေ့ရတော့ပါ။

ကျောက်တုံးအား ကြောက်ရွံ့ကာ ထွက်ပြေးသွားကြပြီဖြစ်လေသည်။

ကျန်းမာ ပိုပြီးခံပြင်းသွားလေသည်။

တစ်သက်လုံး သူတပါးမျက်ခုံးမွှေးပေါ် စကြံလျှောက်ခဲ့သမျှ ဗိုလ်ကျမင်းမူခဲ့သမျှ ကျောက်တုံးနှင့်ကျမှ အခက်ကြုံရပြီဖြစ်လေသည်။

ကျောက်တုံး စိန်ခေါ်လိုက်သောစကား·က ကျန်းမာကို

ဒေါသထွက်သွားစေပါတော့သည်။

ရွက်ဖျင်တဲထဲမှ လှမ်းထွက်ရင်း…

"ကျောက်တုံး…မင်းကို ငါ့တပည့်တွေက ကြိုဆိုခဲ့ကြပြီမဟုတ်လား၊ ဘာလဲ ဖေးယွင်က မင်းကိုကြိုဆိုစေချင်တာလား"

ဟုပြောလိုက်သည်။

ထိုအချိန်တွင် ရှောင်ကျင်းက ဖေးယွင်ကိုဆွဲကာ ထွက်လာလေသည်။

ဖေးယွင် အဖမ်းခံနေရသော်လည်း အသက်ရှင်လျက် ရှိနေသေးသည်ကိုမြင်လျှင် ကျောက်တုံး ဝမ်းသာသွားလေသည်။

ဖေးယွင်က အသက်ရှင်နေသေးသဖြင့် သူ့အား ကယ်တင်နိုင်မည် မဟုတ်ပါလား။

ကျန်းမာက…

"ဖေးယွင်ကတော့ မုန်းလျှံနဲ့ပတ်သက်ပြီး မင်းကို မကျေမနပ်ဖြစ်နေတာကွ"

ကျောက်တုံး သက်ပြင်းချလိုက်သည်။

"နောက်တော့ ကျုပ်စေတနာကို သူနားလည်လာမှာပါဗျာ၊ ဒါထက် အစ်ကိုကြီးက ချင်းကိုးတို့ကို စောင့်နေတာလားဗျ"

ကျန်းမာက…

"သူတို့ မကြာခင် ရောက်လာကြတော့မယ်လေ"

ကျောက်တုံး ခေါင်းခါယမ်းလိုက်သည်။

"သူတို့ ရောက်လာနိုင်ကြမှာ မဟုတ်ဘူးဆိုရင်ကော"

"ဘာကွ"



"ကျုပ်က ကြုံးရှူဝမ်နဲ့ ကြိုတင်တိုင်ပင်ထားခဲ့တယ်၊ သူက ချင်းကိုးတို့ကို တာဝန်ယူလိမ့်မယ်"

ကျန်းမာ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ကျောက်တုံးက…

"အစ်ကိုကြီးဆီကို ဖေးယွင်ကသွားတယ်၊ ဒါကြောင့် မုန်းလျှံကိုဒုက္ခပေးလိမ့်မယ်၊ ချင်းကိုးတို့ကို အစ်ကိုကြီးလွှတ်လိုက်လိမ့်မယ်ဆိုတာ ကျုပ်ရိပ်မိထားတာပေါ့ဗျာ"

"တောက်"

ကျန်းမာ ဒေါသထွက်ကာ တက်ခေါက်လိုက်လေသည်။

"ကျောက်တုံး…မင်းက လူလည်ကျလိုက်တာပေါ့ဟုတ်လား"

"အစ်ကိုကြီး…ကျုပ်တို့ အမှောင်လောက သားတွေရဲ့ထုံးစံအတိုင်း ဖြေရှင်းလိုက်ကြတာပေါ့ဗျာ"

ပြတ်ပြတ်သားသား စိန်ခေါ်လိုက်လေသည်။

တစ်ယောက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်ရန် ဖြစ်သည်။

ကျန်းမာ လက်ခံလိုက်သည်။

"ကောင်းသားပဲ၊ မင်းကို ငါကိုယ်တိုင်ဆုံးမရမယ်ဆိုတာ ငါသိထားပြီးသားပါ၊ ကဲ သတိသာထားပေတော့"

စကားဆုံးလျှင် လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ စတင်တိုက်ခိုက်လိုက်လေသည်။ ကျောက်တုံးလည်း ပြန်လည် တိုက်ခိုက်လိုက်လေတော့သည်။

♣ ♣ ♣

ကျောက်တုံးနှင့် ကျန်းမာတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြပြီ ဖြစ်လေသည်။

ကျန်းမာ၏သိုင်းပညာမှာ သူ့ထက်သာကြောင်း ကျောက်တုံးနားလည်ထားပြီးဖြစ်သည်။

ကျန်းမာ၏ လျှို့ဝှက်ချက်တစ်ခုကိုလည်း သူသိရှိထား၏။

ဖေးယွင်ကိုလည်း ကယ်တင်ရမည်ဖြစ်၍ မကြောက်မရွံ့ ရင်ဆိုင်တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ကျန်းမာသည် ချင်းကိုး၊ ဝမ်းခက်၊ ရှောင်ကျင်း အစရှိသော သူ၏လူများသည် ကျောက်တုံးအား ယှဉ်နိုင်မည်မဟုတ်ကြောင်း နားလည်ထား၏။

ဖေးယွင်၊ မုန်းလျှံတို့ကို ဖမ်းဆီးကာ အကြပ်ကိုင်အနိုင်ယူ၍မဖြစ်နိုင်လျှင် ကိုယ်တိုင်ရင်ဆိုင်မှ ဖြစ်ကြောင်း နားလည်ထား၏။

ထို့ကြောင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

သိုင်းပညာချင်းယှဉ်လျှင် သူ၏ပညာကသာသည်ဖြစ်ရာ ကျောက်တုံးအား အနိုင်ယူနိုင်မည်ဟု ယုံကြည်ထားလေသည်။

"ဟိတ်"

"ယား"

ကျန်းမာသည် ကျောက်တုံးထံ ခုန်ဝင်သွားကာ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ကျောက်တုံးကလည်း လက်ဝါးဖြင့်ပင် ခုခံပေးလိုက်လေသည်။



ကျန်းမာ၏ အင်္ကျီလက်အိုးကြားမှ ဓားတစ်လက် ထွက်ပေါ်လာလေသည်။

ဓားသည် ကျန်းမာ၏လက်ထဲရောက်ရှိသွားပြီး ကျောက်တုံး၏ရင်ဝကို ထိုးစိုက်ချလိုက်လေသည်။

လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြကာ အင်္ကျီလက်အိုးကြားမှ ဓားကိုထုတ်ယူပြီး ပြိုင်ဘက်ကို အဆုံးစီရင်တတ်သည်မှာ ကျန်းမာ၏လျှို့ဝှက်ချက်ဖြစ်လေသည်။

"ဒုတ်"

ကျန်းမာ၏ဓားသည် ကျောက်တုံး၏ရင်ဝ၌ စိုက်ဝင်သွားလေသည်။

"ဟား..ဟား..ဟား..မင်းဘာတတ်နိုင်သေးသလဲ"

ကျန်းမာသည် ကျောက်တုံးအား အနိုင်ယူနိုင်လိုက်ပြီဟု သဘောကျစွာ ရယ်မောလိုက်စဉ်မှာပင်...

"သေပေတော့"

ကျောက်တုံးက လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

လူချင်းနီးကပ်နေသည်ဖြစ်ရကား ကျန်းမာ မရှောင်နိုင်တော့ပါချေ။

ပြင်းထန်သော လက်ဝါးရိုက်ချက်ကြောင့် ကျန်းမာ အဝေးသို့လွင့်စဉ်သွားလေတော့သည်။

♣ ♣ ♣

ကျန်းမာ မြေပေါ်လဲကျကာ မလှုပ်မယှက်ဖြစ်သွားလေသည်။

လူတိုင်း ကြောက်ရွံ့ခဲ့ရသော လူဆိုးကြီးတစ်ယောက် သေဆုံးသွားခဲ့ချေပြီ။

ကျောက်တုံးကော မည်သို့ရှိမည်နည်း။

ကျောက်တုံး၏ရင်ဝ၌ ဓားမြှောင်တစ်လက် စိုက်ဝင်နေသည်။

သို့သော် သွေးတစ်စက်မျှ မထွက်သကဲ့သို့ ကျောက်တုံးဘာမှမဖြစ်ပါချေ။

ကျောက်တုံးက ဓားမြှောင်ကို ရင်ဝမှဆွဲနှုတ်လိုက်လေသည်။

ရောင်ကျင်း မျက်လုံးပြူးသွား၏။

"ကျောက်တုံး...မင်း...မင်း"

ကျောက်တုံး ပြုံးလိုက်သည်။

"ခင်ဗျားရဲ့ရင်ဝမှာ ဓားမြှောင်က စိုက်ဝင်သွားရင် ဘယ်လိုဖြစ်မယ်ဆိုတာ သိချင်လို့လား"

ဓားမြှောင်ဖြင့် ပစ်ပေါက်လိုက်ရာ ရောင်ကျင်း၏ရင်ဝ၌ စိုက်ဝင်သွားလေတော့သည်။

"အား"

ရောင်ကျင်း စူးရှစွာအော်ဟစ်ရင်း မြေပေါ်လဲကျသွားလေတော့သည်။

ထိုစဉ် လူနှစ်ယောက် ပြေးလွှားရောက်ရှိလာကြသည်ကို



တွေ့လိုက်ရလေသည်။

ကြုံးရှုဝမ်နှင့် မုန်းလျှံတို့ဖြစ်လေသည်။

♣ ♣ ♣

ကျန်းမာနှင့် သူ၏လူများ ငွေသဆုံးသွားကြချေပြီ။

ရောင်စီးနယ်လည်း အေးချမ်းသွားတော့မည်ဖြစ်လေသည်။

ကျောက်တုံးက မြင်းပေါ်၌ရှိနေ၏။

ကြုံးရှုဝမ်က...

"မင်း ထွက်သွားတော့မယ် ဟုတ်လား"

ကျောက်တုံးက...

"ကျုပ်က ခြေသလုံးအိမ်တိုင်သမား တစ်ယောက်ပါဗျာ"

ကြုံးရှုဝမ်က...

"အားလုံးက မင်းကို ချိန်တူမြို့မှာပဲ နေစေချင်တာ"

"ကျုပ်လည်း နေချင်ပါတယ်၊ ဒါပေမယ့်.."

"မုန်းလျှံက တစ်ကောင်ကြွက်ဖြစ်သွားပြီ၊ ဖေးယွင်က သူ့ကိုစောင့်ရှောက်လိုက်တာ ပိုပြီးသဘာဝကျလိမ့်မယ်၊ သဘာဝတရားကို မင်းလက်ခံတယ် မဟုတ်လား"

ကျောက်တုံး ခေါင်းညိတ်လိုက်သည်။

"လက်မခံနိုင်စရာအကြောင်း မရှိပါဘူးဗျာ၊ မုန်းလျှံက မပြတ်မသားဖြစ်နေပေမယ့် သူ့ရဲ့စိတ်ထဲမှာ ဖေးယွင်ရှိပါတယ်၊ ကျုပ်ထက်ပိုပြီး ဖေးယွင်က သူ့ရဲ့ဘဝ အေးချမ်းသာယာအောင်

လုံခြုံစိတ်ချရအောင် တာဝန်ယူနိုင်မှာပါ"

ကြုံးရှုဝမ် သက်ပြင်းချလိုက်သည်။

"မင်း သည်လိုနားလည်သဘောပေါက်တာကို ကျုပ်ဝမ်းသာလို့ မဆုံးပါဘူး၊ ကျုပ်တို့ တစ်မြို့လုံးက မင်းကို သူရဲကောင်းတစ်ယောက်လို့ သတ်မှတ်ပြီး ချီးကျူးဂုဏ်ပြုတာကို လက်ခံစေချင်ပါတယ်"

စာအိတ်ကလေးတစ်လုံး ပေးလေသည်။

ထိုစာအိတ်လေးထဲ၌ ကျိုနန်းမြို့ ပို့စန်းငွေတိုက်၌ ထုတ်ယူရရှိနိုင်သည့်ငွေငါးသောင်းတန် ငွေလွှဲလက်မှတ်ပါရှိကြောင်း ပြောပြလေသည်။

ကျောက်တုံးက ငြင်းသော်လည်း မရသည့်အဆုံး လက်ခံလိုက်ရသည်။

သူက ရှောင်စီးနယ်မှ ထွက်သွားမည်ဆိုလျှင် သုံးစွဲရန်ငွေလိုသေးသည် မဟုတ်ပါလား။

ကျောက်တုံးက ကြုံးရှုဝမ်ကို နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

♣ ♣ ♣

## တကျော့ပြန်

ရှောင်စီးနယ်…။

ရှောင်စီးနယ်သည် အဝေးတွင် ကျန်ရစ်ခဲ့ပြီဖြစ်ပါသည်။

မုန်းလျှံနှင့် ဝေးရာသို့ထွက်လာရသည်ဖြစ်ရာ ရင်ထဲကြေကွဲနေမိသည်။

သို့သော် ဖေးယွင်က မုန်းလျှံကို စောင့်ရှောက်လိမ့်မည်ဖြစ်ရကား စိတ်ထဲ ဖြေသိမ့်လိုက်လေသည်။

ကျောက်တုံးက ခရီးနှင်လာရင်း မြို့ကလေးတစ်မြို့သို့ရောက်သောအခါ စားသောက်ဆိုင်တစ်ဆိုင်၌ ဝင်ရောက်အနားယူစားသောက်လိုက်လေသည်။

ထိုစဉ်...

"ကျောက်တုံး..ဘယ်ကဘယ်လို မျက်စိလည်လာတာလဲ"

နှုတ်ဆက်စကားသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာသည်ကိုတွေ့လိုက်ရလေသည်။

ထိုလူမှာ ထင်းဟန်ဆိုသူဖြစ်ပြီး တစ်ချိန်က အမှောင်လောကသားတစ်ယောက် ဖြစ်ခဲ့လေသည်။

ယခုတော့ အမှောင်လောကကို ကျောခိုင်းကာ ကောင်းမွန်စွာနေထိုင်သူဖြစ်လေသည်။

ကျောက်တုံးက...

"ထင်းဟန်..မင်းကို၊ မင်းက ဒုစရိုက်မှုတွေကိုစွန့်လွှတ်ပြီး ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်နေတယ်ဆိုတဲ့ သတင်း ငါကြားမိတယ်"

ထင်းဟန်က...

"ဟုတ်တယ်..ငါ နောင်တရနေပြီ၊ အမှောင်လောကကို စိတ်ကုန်နေပါပြီကွာ၊ ဒါထက် မင်းဘယ်ပျောက်နေတာလဲ၊ သိုင်းလောကထဲမှာတော့ မင်းရဲ့သတင်းက အတော်မွှေးနေတာပဲ"

ကျောက်တုံး မျက်မှောင်ကုပ်သွားသည်။

"ဘာသတင်း မွှေးတာလဲ၊ ပြောစမ်းပါဦး"

"လဝန်းလေကွာ"

"ဟင်"

"တစ်ချိန်က သိုင်းလောကကို ကိုင်လှုပ်ခဲ့တဲ့ လဝန်းကိုပြောတာ၊ သူဟာ ထူးဆန်းတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ ထင်ရာလုပ်



တယ်၊ သူ့ကို နှောက်ယှက်စော်ကားတယ်ထင်ရင် ဖိတ်စာနဲ့ရက်ချိန်းပေးပြီး သုတ်သင်ပစ်တတ်တယ်၊ ဒါပေမယ့် မင်းနဲ့တွေ့တော့ သူလည်း အခက်ကြုံပြီး သိုင်းလောကထဲက ပျောက်သွားတာပဲ မဟုတ်လား"

ကျောက်တုံးက ရယ်မောလိုက်လေသည်။

ထင်းဟန် စကားဆက်လိုက်သည်။။

"ဒါပေမယ့် ခုတလော လဝန်းက ထင်ရာစိုင်းနေတဲ့ သိုင်းသမားနှစ်ယောက်ကို ဒုက္ခပေးပြီး သိုင်းလောကထဲ ပြန်ထွက်ပေါ်လာတယ်"

"ဟင်"

ကျောက်တုံး ရင်ထိတ်သွားလေသည်။

လဝန်းမှာ ကြောက်စရာကောင်းသူ မဟုတ်ပါလား။

"သူက ဘယ်သူတွေကို ဒုက္ခပေးခဲ့လို့လဲ ပြောစမ်းပါဦး"

ထင်းဟန်က..

"အရှုးဝေါစင်၊ ကျားနဲ့ဆိတ်"

"ဟင်"

ကျောက်တုံး အံ့သြပြီးရင်း အံ့သြနေမိလေတော့သည်။

"ငါက ရှောင်စီးနယ်ဘက်ရောက်ပြီး သိုင်းလောကနဲ့ အဆက်အသွယ်ပြတ်နေတာ ကြာပြီ၊ ကဲ အရှုးဝေါစင်၊ ကျားနဲ့ဆိတ်ဆိုတာက ဘာတွေလဲ၊ ပြောပြစမ်းပါဦး"

ထင်းဟန်က...

"သူတို့ဟာ တောင်ပိုင်းမှာ ထင်ရှားတဲ့သိုင်းသမားတွေပါ၊

ပြည်မကို ရောက်လာတော့ လဝန်းက သူတို့နဲ့ပတ်သက်တဲ့လူတွေကို ဒုက္ခပေးခဲ့တယ်ဆိုတာသိပြီး ဆုံးမဖို့ လိုက်ရှာနေကြတာ"

ကျောက်တုံး သက်ပြင်းချမိသည်။

လဝန်း သိုင်းလောကထဲ၌ ပြန်လည်ထွက်ပေါ်လာသည့်မှာ သူ့အတွက် မကောင်းသောလက္ခဏာ ဖြစ်လေသည်။

ထင်းဟန်က..

"ကျားနဲ့ဆိတ်ဆိုတာ အမျိုးသမီးကြီးတစ်ယောက်နဲ့ ဆိတ်နဲ့တူတဲ့ အဘိုးကြီးတစ်ယောက်ပဲ၊ အမျိုးသမီးကြီးက အဘိုးကြီးကို အရမ်းနိုင်တယ်၊ သူတို့ရဲ့မိတ်ဆွေတစ်ယောက်ဟာ လဝန်းရဲ့လက်ချက်ကြောင့် ဒုက္ခရောက်ခဲ့တာကို မကျေနပ်တာနဲ့ လိုက်ရှာနေကြတာ"

ကျောက်တုံးက...

"အရှုးဝေါစင်ဆိုတာကကော"

ထင်းဟန်က...

"မိန်းကလေးနှစ်ယောက် ဆွဲလာတဲ့ဝေါစင်ပါ၊ ဝေါစင်ထဲက လူက ခြေထောက်နဲ့လျှောက်လာတာ သူ့ကိုအားလုံးက အရူးလို့ခေါ်ကြတယ်"

ကျောက်တုံး မျက်လုံးပြူးသွားလေသည်။

ထိုအရူးဝေါစင်ကိုလည်းကောင်း၊ ကျားနဲ့ဆိတ်ကိုပါ တွေ့ခဲ့ဖူးသည် မဟုတ်ပါလား။

ထင်းဟန်က...

"သည်လူတွေဟာ အတော်ကြောက်စရာကောင်းတဲ့လူတွေ



ဆိုတာ သိုင်းလောကသားတိုင်း သိကြတယ်၊ သူတို့ကလည်း လဝန်းကိုသဲကြီးမဲကြီးလိုက်ရှာနေကြတယ်"

ကျောက်တုံး သက်ပြင်းချလိုက်လေသည်။

"သူတို့က လဝန်းကို မဆုံးမနိုင်ကြဘူးလား"

"ဆုံးမနိုင်မယ်လို့တော့ ထင်တာပဲ"

"မင်းပြောတာက မသေချာသလိုပါပဲလား"

ထင်းဟန်က...

"ဟုတ်တယ်၊ မသေချာဘူး၊ သည်လူတွေဟာ အတော်ကြောက်စရာကောင်းတယ်လို့ လူတိုင်းကပြောကြတယ်၊ ဒါပေမယ့် လဝန်းကလည်း ပျောက်သွားပြီးမှ သိုင်းလောကထဲ ပြန်ထွက်လာတာကြောင့် သူ့ရဲ့ပညာဟာ အရင်ကထက် ပိုပြီးထက်မြက်လာတယ်လို့ ပြောနေကြတယ်"

ကျောက်တုံးသည်လည်း ယခင်ကနှင့်မတူတော့ဘဲ သိုင်းပညာတိုးတက်လာပြီ ဖြစ်ပါသည်။

သို့သော် သူ၏စိတ်ထဲ၌ လဝန်းကို ကြောက်ရွံ့နေမိသည်။

သူက ထူးဆန်းသူတစ်ယောက် ဖြစ်သည်။

မုန်းလျှံကလည်း ထူးဆန်းသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

သူနှင့်မုန်းလျှံထက် ပို၍ထူးခြားပြီး ပို၍ကြောက်စရာကောင်းသူမှာ လဝန်းပင်ဖြစ်ပါတော့သည်။

ကျောက်တုံးက ကြောက်တတ်သူမဟုတ်ပါ။

သို့သော် လဝန်းနှင့်ရင်ဆိုင်ရမည်ကိုမူ အလိုလို ထိတ်လန့်

နေပါတော့သည်။

လဝန်းသည် သူတို့ထက်ပိုပြီး စိတ်နေသဘောထား ထူးခြားသူမဟုတ်ပါလား။

"လဝန်းရဲ့သိုင်းပညာက ပိုပြီးထက်မြက်လာတယ် ဟုတ်လား"

ထင်းဟန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"သူက သိုင်းလောကထဲက တစ်ကြိမ်ပျောက်ကွယ် သွားပြီးပြီ၊ အခု သူကသိုင်းလောကထဲမှာ ပြန်ပြီးထွက်ပေါ်လာတဲ့အခါ ဆုံးမနှိမ်နင်းနိုင်တဲ့သူ မပေါ်သေးဘူးလား"

ကျောက်တုံး မေးလိုက်သောအခါ...

ထင်းဟန်ခေါင်းကုပ်လိုက်သည်။

"ခက်တာက လဝန်းကလူဆိုးတစ်ယောက်မဟုတ်တာပဲဗျ"

"ဟင်"

"လဝန်းက. သိုင်းလောကထဲမှာ ထွက်ပေါ်လာတယ်၊ မကောင်းသူပယ် ကောင်းသူကယ်တယ်၊ သူ့ကိုနှောင့်ယှက်စော်ကားတဲ့လူတွေကို ဆုံးမတယ်၊ ဒုစရိုက်သမားတွေ၊ မကောင်းသူတွေ၊ အမှောင်လောကသားတွေက သူ့ကို ရက်စက်ကြမ်းကြုတ်တဲ့ လူတစ်ယောက်လို့ မလိုတမာ စကားပြောကြတယ်၊ သိုင်းလောက၊ က အကျယ်ကြီးမဟုတ်လား၊ တကယ်တော့ လဝန်းဟာ လူကောင်းတစ်ယောက်ပါ၊ သူ့ကို မကောင်းသတင်းပြောကြတာနဲ့ သူဟာ လူဆိုးကြီးတစ်ယောက်လို နာမည်ကြီးသွားတာပဲ၊ ဒါကို လဝန်းက



မကျေနပ်လို့ ဆုံးမရင်း တကယ့်ကို မကောင်းတဲ့လူတစ်ယောက်လို ဖြစ်သွားတာ"

ကျောက်တုံး ခေါင်းခါယမ်းလိုက်သည်။

"သူဟာ လူကောင်းတစ်ယောက်မှ မဟုတ်တာ"

သူ့အား ဖမ်းဆီးချုပ်နှောင်ထားသည်ကို မကျေမနပ်ဖြစ်ကာ ပြောလိုက်လေသည်။

အမှန်တော့...

လဝန်းက သိုင်းသမားဆိုးတစ်ယောက်အား ဆုံးမနှိမ်နင်းခဲ့သည်ကို သူက ဘုမသိဘမသိ ကြားဝင်နှောင့်ယှက်မိခဲ့ခြင်းဖြစ်လေသည်။

ထို့ကြောင့်လည်း လဝန်းနှင့် ပြဿနာဖြစ်ပေါ်ခဲ့ရခြင်းပင်။

လဝန်းကလည်း သူ့အား အထင်မှားကာ ဖမ်းဆီးချုပ်နှောင်ထားခဲ့သောအခါ ပို၍အထင်မှားစရာဖြစ်လာခဲ့ရလေတော့သည်။

ထင်းဟန်က...

"မကြာခင် ခရေပန်းတောင်ကုန်းမှာ လဝန်းနဲ့ကျူးယုံ၊ စိမ်းစုကူးတို့ ဇနီးမောင်နှံနှစ်ယောက်နဲ့ ရင်ဆိုင်ဖြေရှင်းကြမယ်လို့ သတင်းရထားတယ်၊ မင်းက မကျေနပ်ရင် ခရေပန်းတောင်ကုန်းကို လိုက်သွားပါလား။

ကျောက်တုံး မျက်မှောင်ကုပ်သွားလေသည်။

"ကျူးယုံနဲ့ စိမ်းစုကူးက ဘယ်သူတွေလဲ၊ သူတို့ကကော လဝန်းနဲ့ရန်ငြိုးရန်စရှိကြတဲ့ လူတွေလား"

ထင်းဟန် ပြုံးလိုက်သည်။

"ကျူးယုံဆိုတာ ဘဘဆိတ်ကိုပြောတာ၊ စိမ်းစုကူးက သူ့ရဲ့ဇနီးသည်ကျားမပဲ"

"ဪ"

"မင်းကလည်း လဝန်းကိုဆုံးမချင်ရင် သူတို့နဲ့သွားပြီး လက်တွဲလိုက်တာ အကောင်းဆုံးဖြစ်မယ်"

ထင်းဟန်က အကြံပေးလေသည်။

ကျောက်တုံးက..

"ကောင်းပြီလေ၊ ငါက ခရေပန်းတောင်ကုန်းကို သွားလိုက်မယ်"

ထင်းဟန်က...

"ငါ တစ်ခုတော့ ပြောချင်တယ်"

"ပြောပါ၊ တို့က အချင်းချင်းတွေပဲ၊ ပွင့်ပွင့်လင်းလင်းပြောလို့ ဖြစ်ပါတယ်"

ထင်းဟန်က...

"ကျူးယုံနဲ့ စိမ်းစုကူးက ထင်ရာစိုင်းနေတဲ့ လူတွေ၊ သူတို့ရဲ့ မဆင်မခြင်လုပ်ရပ်တွေကြောင့် ဒုက္ခရောက်ရတဲ့လူ မနည်းတော့ဘူး၊ အမှန်အတိုင်းဆိုရင် လူကောင်းတွေက သူတို့ကို လဝန်းက ဆုံးမလိုက်ပါစေလို့တောင် ဆုတောင်းနေကြတာ"

ကျောက်တုံး သက်ပြင်းချလိုက်ပြန်လေသည်။

ထင်းဟန်က...

"အရှူးဝေါစင်ပိုင်ရှင်ကလည်း သည်အတိုင်းပဲ၊ သိုင်းပညာအားကိုးနဲ့ထင်တိုင်းကျဲနေတာ၊ သူ့ကိုလည်း လဝန်းက ဆုံးမလိုက်



ပါစေလို့ အားလုံးက ဆုတောင်းနေကြတာ"

ကျောက်တုံးသည် ထင်းဟန်ကို စေ့စေ့ကြည့်ပြီးမေးလိုက်သည်။

"မင်းက လဝန်းဟာ လူကောင်းတစ်ယောက်လို့ ပြောချင်တာလား"

ထင်းဟန်က...

"ငါတို့ အမှောင်လောကသားတွေ ပြောကြမယ်ဆိုရင်တော့ သူ့ကိုတွေ့ရာသင်္ချိုင်း ဓားမဆိုင်းပဲ၊ ဒါပေမယ့် လူကောင်းတွေ၊ အဖြူရောင်သိုင်းသမားတွေအတွက်ကတော့ သူဟာ လက်ခံနိုင်တဲ့လူတစ်ယောက်ပါပဲ"

ကျောက်တုံး မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေတော့သည်။

ထင်းဟန်က...

"ငါက လူကောင်းတစ်ယောက်ဖြစ်နေပြီ၊ မင်းကိုလည်း လူကောင်းတစ်ယောက် ဖြစ်စေချင်တယ်၊ ဒါကြောင့် လဝန်းနဲ့ပတ်သက်တဲ့ကိစ္စကို မင်းသေသေချာချာ စဉ်းစားစေချင်တယ်"

ကျောက်တုံး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ..ငါစဉ်းစားပါ့မယ်"

ထင်းဟန် ကျေနပ်သွားလေတော့သည်။

♣ ♣ ♣

ကျောက်တုံးသည် လဝန်းကို သဘောမကျပါ။

လဝန်းက ကျောက်ဂူထဲ၌ သူ့အားသံကြိုးများဖြင့် ချည်နှောင်ကာ ဖမ်းဆီးထားခဲ့ခြင်းကြောင့် အမုန်းကြီးမုန်းမိလေသည်။

ထို့အပြင်...

လဝန်းကို သူကြောက်လန့်နေသည်။

"လဝန်းက သိုင်းလောကထဲကို ပြန်ထွက်လာတာ ငါ့ကို လိုက်ရှာနေတာပဲ ဖြစ်ရမယ်"

"သူနဲ့တွေ့ရင် ငါဒုက္ခရောက်မှာပဲ"

"လဝန်းရဲ့လက်ချက်နဲ့မသေခင် ငါရထားတဲ့ငွေတွေကို ကုန်အောင်သုံးသွားရမယ်"

ကျောက်တုံးက ကြုံးရှုဝမ်ပေးလိုက်သောငွေလွှဲလက်မှတ်ဖြင့် ငွေများထုတ်ယူကာ သုံးဖြုန်းပစ်ရန် ဆုံးဖြတ်လိုက်လေသည်။

♣ ♣ ♣



ကျိုနန်းမြို့....

ကျိုနန်းမြို့သည် စန်းတုန်းနယ်၏ အစည်ကားဆုံးသော မြို့ဖြစ်လေသည်။

ကျောက်တုံးသည် ကျိုနန်းမြို့သို့ ရောက်လာသည်နှင့် သူသည် 'ပို့စန်း'ငွေတိုက်သို့ ပထမဦးဆုံး ဦးတည်ခဲ့သည်။

ငွေလွှဲစားပွဲသို့ ရောက်သွားသောအခါ ငွေလွှဲလက်မှတ်ကို ထုတ်ပြလိုက်သည်။

ငွေတိုက်မှလူသည် ငွေလွှဲလက်မှတ်အား ဖင်တပြန်ခေါင်းတပြန်ကြည့်လျှက် အထပ်ထပ်စစ်ဆေးပြီး ကျောက်တုံးအား မသင်္ကာသောမျက်လုံးအစုံဖြင့် သံသယရှိစွာကြည့်ပြန်သည်။

"သည်ငွေလွှဲလက်မှတ် ဘယ်ကရလာတာလဲ"

ထိုလူက မေးလာသည်။

ကျောက်တုံး ရင်ထိတ်သွား၏။

"ဗျာ..ငွေလွှဲလက်မှတ်က ဘာဖြစ်လို့လဲ၊ အတုများဖြစ်နေလို့လားခင်ဗျာ"

"အတုမဟုတ်ပါဘူး၊ အစစ်ပါ"

ကျောက်တုံး တစ်ယောက် ရင်မနေရသောအဖြစ်မှ အသက်ရှူချောင်သွားသည်။

"ဒါဖြင့် ငွေလွှဲလက်မှတ်ကို ဘာဖြစ်လို့ သည်လောက်အကြာကြီးစစ်ဆေးတာလဲ"

ထိုလူသည် လက်ကာပြလိုက်ပြီး...

"ဩော်..ခဏနေပါဦး၊ ကျုပ်သူဌေးဆီကိုသွားပြလိုက်ဦး

မယ်၊ စိတ်မရှိပါနဲ့ ခဏစောင့်ပါ”

ထိုလူသည် ပြောပြီးနောက် အတွင်းဘက်သို့ဝင်သွားလေသည်။

မကြာပါချေ။

ထိုလူ ပြန်ထွက်လာသည်။

သူ့နောက်တွင် ဝဝဖိုင့်ဖိုင့်လူကြီးတစ်ယောက် ပါလာ၏။

ထို ဝဝဖိုင့်ဖိုင့်လူကြီးသည် ပြုံး၍ကြည့်လိုက်ပြီး..

“စိတ်မရှိပါနဲ့ဗျာ၊ သည်ငွေလွှဲလက်မှတ် ဘယ်ကရလာတာလဲ”

“သိုင်းဆရာကြီးရှုဝမ်ဆိုတာ ခင်ဗျားတို့သိမှာပေါ့”

ကျောက်တုံးသည် စိတ်မရှည်နိုင်တော့၍ မြန်မြန်ပြောလိုက်သည်။

လူဝကြီး၏မျက်နှာ ရုတ်ခြည်းပြောင်းလဲသွားသည်။

သူသည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး..

“သိပါတယ်..သိပါတယ်ဗျာ၊ ကဲ ဆရာလေးက ဘာနဲ့ယူမှာလဲ”

“ကျွန်တော် သည်လိုပဲ ယူသွားမှာပေါ့”

လူဝကြီး မျက်လုံးပြူးသွားသည်။

“ဗျာ..ငွေငါးသောင်းကို လက်နှစ်ဘက်နဲ့ယူသွားမလို့ ဟုတ်လား”

ဤတစ်ကြိမ် မျက်လုံးပြူးရသူမှာ ကျောက်တုံးဖြစ်သည်။

ဟုတ်ပါသည်။



ငွေငါးသောင်းသည် နည်းနည်းနောနော အရေအတွက်မဟုတ်ပါချေ။

အနည်းဆုံး မြင်းလှည်းနှင့်ယူမှရနိုင်သည်။

ယခု ဤငွေများကို လက်နှစ်ဖက်ထဲနှင့် အဘယ်သို့ယူရပါမည်နည်း။

သူ အခုမှတွေးပြီး ဝန်လေးမိသည်။

သူသည် ခေါင်းကုပ်လိုက်၊ စဉ်းစားလိုက်ဖြစ်နေသည်။

လူဝကြီးက...

“ကဲ..ဆရာလေး သည်ငွေငါးသောင်းကို ဘယ်အထိယူသွားမှာလဲ”

ဟုမေးသည်။

ကျောက်တုံး ခေါင်းခါယမ်းလိုက်သည်။

“ဘယ်မှ ယူမသွားပါဘူး၊ ကျိုနန်းမြို့မှာပဲ သုံးမှာပါ”

လူဝကြီး ထပ်၍မျက်လုံး ပြူးသွားပြန်သည်။

“ဆရာလေးက သိပ်ရယ်စရာ ပြောတတ်တယ်နော်”

ကျောက်တုံး ခေါင်းခါယမ်းလိုက်သည်။

“ကျွန်တော် ရယ်စရာမပြောတတ်ပါဘူး၊ အတည်ပြောတာပါ”

လူဝကြီး သက်ပြင်းချလိုက်သည်။

“သည်လိုလုပ်ပါလား၊ ဆရာလေး ဘယ်မှာနေမှာလဲ”

“ကျွန်တော် ဘယ်မှာမှ မနေဘူး”

“ဒါဖြင့် အနီးစွန်တည်းခိုခန်းမှာတည်းပါ၊ ကျုပ်တို့က ငွေကို

အဲသည်ပို့ပေးလိုက်ပါ့မယ်၊ ဘယ့်နှယ်လဲ သဘောတူရဲ့လား ဆရာလေး"

ကျောက်တုံးက လက်ဖျောက်တစ်ချက်တီးလိုက်ပြီး ဝမ်းသာသွားသည်။

"ဟုတ်ပြီ၊ ကောင်းတယ်၊ ခင်ဗျားတို့ ဟိုကိုပို့လိုက်ပါ၊ ကျွန်တော် ဟိုမှာသွားစောင့်နေမယ်"

"ကောင်းပါပြီဗျာ၊ ဒါနဲ့ ဆရာလေးရဲ့နာမည် တဆိတ်လောက် ပြောပြပါ"

"ကျောက်တုံးပါဗျာ"

"ဟုတ်ပြီ၊ ကျုပ်တို့ ခဏကြာရင် ဟိုအရောက်ပို့ပေးလိုက်မယ်"

"ကျေးဇူးပါပဲ၊ ကျွန်တော်သွားမယ်"

ကျောက်တုံးသည် အန်းစွန်တည်းခိုခန်းရှိရာသို့ ထွက်ခွာလာခဲ့သည်။

ဟိုတုန်းက သူသည် ငွေခုနစ်ကျပ်ခွဲသာ ပိုင်ခဲ့သည်။

ယခုတော့ သူသည် ငွေငါးသောင်းပိုင်ရှင် ဖြစ်နေ၏။

သူသည် တွေးရင်း အန်းစွန်တည်းခိုရိပ်သာသို့ ခပ်သွက်သွက် ထွက်လာခဲ့လေ၏။

♣ ♣ ♣



အန်းစွန်တည်းခိုခန်း...။

ကျိုနန်းမြို့တွင် အကြီးကျယ်ဆုံး၊ အကောင်းဆုံး အခန်းများရှိသည့်အပြင် အကောင်းဆုံး စားသောက်ဖွယ်ရာများလည်း ရှိလေသည်။

ကျောက်တုံးသည် အကောင်းဆုံး အခန်းတစ်ခန်း ငှားရမ်းလိုက်သည်။

မကြာပါချေ။

ပို့စန်းငွေတိုက်မှ မြင်းလှည်းဆိုက်လာသည်။

ငွေသေတ္တာများနှင့်ငွေများ သယ်ဆောင်လာသည်။

ငွေသေတ္တာများကို အခန်းတွင်း၌ နေရာတကျထားပြီးနောက် ကျောက်တုံးသည် မြင်းလှည်းနှင့်ထမ်းပိုးသူ အလုပ်သမားများအား ငွေငါးထောင်ပေးလိုက်သည်။

ငွေငါးထောင်ကို အလုပ်သမားနှင့် မြင်းလှည်းသမားများ ခွဲဝေလိုက်ရာ တစ်ယောက် တစ်ထောင်မျှရလိုက်သည်။

ငွေတစ်ထောင်သည် အလုပ်သမားများအဖို့ သုံးနှစ်စုဆောင်းမှရနိုင်မည်။

ထို့ကြောင့်...

အလုပ်သမားများသည် ငွေတစ်ထောင်ရလိုက်သည်နှင့် အလုပ်မှထွက်ကာ ရွာပြန်၍လယ်မြေများဝယ်ပြီး အေးအေးချမ်းချမ်း နေနိုင်သောဘဝသို့ ရောက်ရှိကြလေပြီ မဟုတ်ပါလော။

♣ ♣ ♣

သတင်း....။

ထိုသတင်းသည် တမုဟုတ်ခြင်းဆိုသလို တစ်မြို့လုံးပျံ့နှံ့သွားသည်။

နောက်တစ်နေ့နံနက်....။

အန်းစွန်တည်းခိုခန်းရှေ့သို့ ဆင်းရဲနွမ်းပါးသောသူများ တစ်ရာကျော်နှင့် ကယ်ပါသုံးရာကျော်တို့ စုရုံးရောက်လာကြသည်။

သူတို့သည် ကျောက်တုံးအား စေတနာရှင်ပုဂ္ဂိုလ်ထူးဟု မှတ်ထားကြသည်။

ထို့ကြောင့် လာရောက်အကူအညီတောင်းခြင်း ဖြစ်သည်။

ကျောက်တုံးသည် ငွေငါးထောင်ယူ၍ ဆိုင်လုလင်အား ပေးလိုက်ပြီး လူတစ်ယောက်လျှင် ငွေတစ်ဆယ်စီပေးရန် မှာကြားလိုက်၏။

ဤသို့ဖြင့် တစ်နေ့ကုန်လွန်သွားသောအခါ ကျောက်တုံးမှာ ငွေတစ်သောင်းခန့် ကုန်ဆုံးသွားပြီဖြစ်လေသည်။

ကျောက်တုံးသည် ငွေတစ်သောင်း ကုန်ဆုံးသွားသည်ကို နှမြောခြင်းမရှိသည့်အပြင် ကျန်သော ဆယ့်ရှစ်ရက်အချိန်တွင် ကျန်ငွေလေးသောင်းအား မည်သို့ဖြုန်းပစ်ရမည်ကိုတွေး၍ စိတ်ညစ်နေလေသည်။

♣ ♣ ♣



နောက်တစ်နေ့...။

သူသည် ငွေသုံးထောင်ယူပြီး လောင်းကစားခန်းသို့သွားသည်။

သူပြန်လာသောအခါ ပါသွားသောငွေများရှုံးသွားခြင်း မရှိသည့်အပြင် ငွေလေးထောင်ပင် ပြန်နိုင်လာသေးသည်။

သူသည် ဤသို့နားလိုက်၊ အိပ်လိုက်၊ ကစားလိုက်နှင့် အချိန်ဖြုန်းရာမှ သုံးရက်မြောက်ရောက်ရှိလာသောအခါ ငြီးငွေ့လာလေတော့သည်။

တမျိုးတဖုံ ပြောင်းလာရန် စိတ်ကူးပေါက်လာလေသည်။

တစ်ယောက်တည်း တစ်နေရာရာသွားပြီး အေးအေးဆေးဆေး ထိုင်ရန်စိတ်ကူးမိသည်။ သို့သော်...

ကျိုနန်းမြို့ကို သူမကျွမ်းပါ။

ဆိုင်ရှင်အား မေးမြန်းရသည်။

"သည်မှာ သည်အနီးအနားမှာ အေးအေးဆေးဆေး လေကောင်းလေသန့်ရတဲ့နေရာများ ရှိသလားဗျ"

"ရှိပါတယ်၊ မြို့ထဲမှာတော့မရှိဘူး မြို့အနောက်ဘက်မှာ ခရေပင်တောင်ကုန်းရှိတယ်၊ ခရေပန်းတွေလည်း ပွင့်နေလောက်ပြီ၊ နေရာလည်း တော်တော်အေးချမ်းတယ်"

ကျောက်တုံးသည် ထိုစကားကြားလိုက်ရသောအခါ တစ်ယောက်တည်း မြို့ပြင်သို့ထွက်လာပြီး ဆိုင်ရှင်ညွှန်ပြသော ခရေပန်းတောင်ကုန်းသို့သွားလေတော့သည်။

♣ ♣ ♣

ခရေပန်းတောင်ကုန်း...။

ခရေပန်းတောင်ကုန်းသည် အလွန်ကျယ်ပြန့်သော တောင်ကုန်းတစ်ခုဖြစ်သည်။

ရာပေါင်းများစွာသော ခရေပင်များသည် ပင်လုံးကျွတ်ဝေဝေဆာဆာဖူးပွင့်နေ၏။

တောင်ကုန်းသို့ လှမ်းတက်လိုက်သည်နှင့် သင်းကြိုင်သော မွှေးရနံ့များသည် လေနှင့်အတူ လွင့်ပျံ့ပါလာသဖြင့် စိတ်နှလုံးအား ချမ်းမြေ့လန်းဆန်းသွားစေသည်။

ကျောက်တုံးသည် ခရေပင်တစ်ပင်အောက်သို့ရောက်လာသောအခါ လေကို တဝရှူလိုက်လေသည်။

"အင်း..ကောင်းလိုက်တဲ့ နေရာပါလား"

သူ့စိတ်တို့သည် ရွှင်လန်း၍ ကြည်နူးလေ၏။

တောင်ကုန်းပေါ်သို့ တဖြည်းဖြည်း တက်သွားသည်။

တောင်ကုန်းပေါ်၌ ကလေးတစ်ယောက်သည် သိုးအုပ်၊ ဆိတ်အုပ်များကို ကျောင်းနေ၏။

"ဟေ့ ညီလေး သည်သိုးတွေ ငါ့ညီပိုင်တယ် ဟုတ်လား"

ကလေးငယ်သည် သူ့အားကြည့်လိုက်ပြီး..

"ဟုတ်ကဲ့"

ကလေးငယ်သည် ဤသို့ပြောပြီး ချစ်စဖွယ်ပြုံးရာသည်။ ပြီးနောက် စကားကိုဆက်လာပြန်၏။

"အစ်ကိုကြီးက ဘယ်သွားမလို့လဲ"

"ဘယ်ကိုရယ်လို့ မဟုတ်ပါဘူးကွယ်၊ ခြေဦးတည့်ရာ



လျှောက်ခဲ့တာပဲ"

"သည်လိုဆို ရှေ့ဆက်မလျှောက်နဲ့ အစ်ကိုကြီး"

"ဘာဖြစ်လို့လဲ ငါ့ညီ"

"ဟို သစ်ပင်တွေထဲမှာ လူနှစ်ယောက်ရှိနေလို့ပေါ့ဗျ"

"လူနှစ်ယောက် အဲဒါ ဘာဖြစ်သလဲ"

"သည်လူနှစ်ယောက်က တော်တော်ထူးဆန်းတယ်ဗျ"

"ဘာဖြစ်လို့လဲ ပြောပါဦး"

"တစ်ယောက်က ပိန်ပိန်ရှည်ရှည် အဘိုးကြီးဗျ၊ သူ့မိန်းမက ဝဝတုတ်တုတ်ကြီး"

"ဟော..ဟုတ်လား"

ကျောက်တုံး သိလိုက်ပြီ။

ဤကလေးပြောသောလူများသည် ဘဘဆိတ်နှင့် ကျားမ ဖြစ်ရမည်။

"ဟုတ်တယ် အစ်ကိုကြီး။ ကျွန်တော် ခုနက ဟိုဘက်သွားတော့ သူတို့က မောင်းထုတ်လိုက်တယ်ဗျ"

"ဟေ့ ညီလေး၊ အဘိုးကြီးကို ကြိုးနဲ့ချည်ထားတယ် ဟုတ်လား"

ကလေးငယ်၏ ဝိုင်းစက်သောမျက်လုံးများ ပြူးကျယ်သွားသည်။

"ဟုတ်တယ် အစ်ကိုကြီး၊ အစ်ကိုကြီးဘယ်လိုလုပ်သိသလဲ"

"နေပါဦးကွာ၊ အခု သူတို့ဘာလုပ်နေလဲ"

"မိန်းမက အိပ်နေတယ်၊ အဘိုးကြီးကတော့ သစ်ပင်

အောက်မှာ ထိုင်နေတယ်၊ သူ့ကိုကြည့်ရတာ သနားစရာသိပ်ကောင်းတာပဲ"

"အခုရော အိပ်နေသေးလား"

"အခုပဲ ကျွန်တော်ပြန်လာခဲ့တာပါ၊ မိန်းမက အိပ်နေတာ ဟောက်လို့"

"သည်လိုဆို ငါသွားကြည့်လိုက်ဦးမယ်"

ကျောက်တုံးသည် ထိုနေရာမှ ထွက်လာသည်။

သူသည် ဝါးသုံးရိုက်ခန့်အကွာသို့ ရောက်လာသောအခါ ကလေးငယ်ပြောသည့်အတိုင်း ကျားမသည် အိပ်လျှက်၊ သူမအနီး၌ ဘဘဆိတ်သည် သနားစဖွယ်ထိုင်နေသည်။

ဤမြင်ကွင်းကို ကျောက်တုံးသည် စိတ်မချမ်းမြေ့စွာ တွေ့ရသည်။

သူသည် အတန်ကြာ အကဲခတ်ကြည့်ပြီး ရုတ်တရက် အကြံတစ်ခုရလာသည်။

သူသည် ကလေးငယ်ထံသို့ ပြန်လှည့်သွားပြန်၏။

"သည်မှာ ငါ့ညီ မင်းဆိတ်တွေ ရောင်းမလား"

"ရောင်းတော့ရောင်းချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် ဈေးမခေါ်တတ်ဘူး"

"ကိစ္စမရှိပါဘူး၊ ငါကပေးရင် သူများတွေထက် ဈေးပိုမှာပါ၊ ငါ့ကို ဆိတ်တစ်ကောင်ရောင်းစမ်း"

သူသည် ပြောရင်းမှ ကလေးအားငွေတစ်ဆယ် ထုတ်ပေးလိုက်သည်။



"သည်ငွေဟာ ဈေးမှာသွားဝယ်ရင် ဆိတ်ဆယ်ကောင်တောင် ဝယ်လို့ရတယ်၊ ကဲ ရော့ ယူ"

ကလေးငယ် ဝမ်းသာသွားသည်။

"အစ်ကိုကြီး တကယ်ဝယ်တာနော်"

"အို..ခက်တဲ့ ငါ့ညီပဲ၊ ငါက ဘာဖြစ်လို့ မင်းကိုလိမ်ရမှာလဲ တကယ်ဝယ်တာကွ၊ တကယ်"

"ဒါဖြင့် ယူသွား"

ကျောက်တုံးသည် ငွေတစ်ဆယ်ကျပ်ပေးကာ ထိုကလေးထံမှ ဆိတ်တစ်ကောင်ရွေးယူလာခဲ့တော့သည်။

ကျောက်တုံးသည် ဆိတ်ထီးအား ကြိုးနှင့်ပါးစပ်ပတ်၍ချည်ကာ ဆွဲခေါ်သွား၏။

မကြာမီ သူသည် ဘဘဆိတ်တို့ အနားယူနေသော နေရာသို့ ရောက်သွား၏။

♣ ♣ ♣

အမျိုးသမီးသည် တခေါခေါနှင့် အိပ်မောကျနေသည်။

သူမ၏လက်ထဲတွင် ကြိုးတစ်ချောင်း ကိုင်ဆောင်ထားသည်။

ဤကြိုး၏တစ်ဘက်သည် ဘဘဆိတ်၏ခါးတွင် ချည်နှောင်ထားသည်။

ဘဘဆိတ်မှာမူ သစ်ပင်အောက်တွင်ထိုင်လျှက်ရှိနေ၏။

ကျောက်တုံးသည် သူတို့ထံလျှောက်သွားသောအခါ သူ၏မျက်နှာသည် ဒေါသဖြစ်ခြင်း၊ ရှက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်းစသည့် အရိပ်အရောင်များ ပေါ်လွင်ထင်ရှားနေပေသည်။

သူသည် လက်ကိုလေတွင် ဝှေ့ပြီးနောက် ပြန်သွားရန် အချက်ပြနေ၏။

"အနားမလာနဲ့ သွား..သွား"

ကျောက်တုံးသည် လက်ညှိုးတစ်ချောင်းဖြင့် မိမိနှုတ်ခမ်းတွင် တေ့ထားပြီး...

"ရှူး..တိုး..တိုး"

ပြန်လည်၍ ဘဘဆိတ်ကို အချက်ပေးရသည်။

ကျောက်တုံးသည် ဤသို့ အချက်ပေးရင်း အနားသို့တိုးကပ်သွားသည်။

ဘဘဆိတ်သည် ထပ်မံတားခြင်းမရှိတော့ပါ။

ကျောက်တုံးအနီးသို့ ရောက်သောအခါ လက်ညှိုးဖြင့် ဘဘဆိတ်၏ခါးမှချည်နှောင်ထားသောကြိုးကို ညွှန်ပြလိုက်သည်။

တစ်ဖန် မိမိ ဆွဲခေါ်လာသော ဆိတ်အား ညွှန်ပြရသည်။



ဘဘဆိတ် သဘောပေါက်လောက်ပြီ ထင်တော့မှ လက်ဟန်ခြေဟန်ဖြင့် မေးရခြင်း ဖြစ်၏။

ဘဘဆိတ်က ခေါင်းခါယမ်းပြသည်။

ကျောက်တုံး စိတ်ပျက်သွား၏။

သူသည် အဘိုးကြီးနား တိုးကပ်သွားကာ နားသို့ကပ်လျက်

"အရက်သွားသောက်ရအောင်လေ ဘဘ"

ဟုပြောလိုက်၏။

ထိုသို့ ပြောတော့မှ အဘိုးကြီး သဘောကျသွားသည်။

အရက်ဟူသော အသံကြားသည်နှင့် ဘဘဆိတ်၏မျက်နှာသည် အထင်းသား ရွှင်လာသည်။

မျက်လုံးအစုံတို့မှာလဲ တစ်လက်လက် တောက်ပလာသည်။

သည်တော့မှ ကျောက်တုံးသည် ဘဘဆိတ်၏ခါး၌ ချည်ထားသော ကြိုးအား ဖြေပေးသည်။

ထို့နောက် ဆိတ်ထီး၏လည်ပင်းတွင် ပြောင်း၍ ချည်လိုက်၏။ ဆိတ်ထီးပါးစပ်ပေါ်မှ ချည်ထားသော ကြိုးကို ဖြေလွှတ်လိုက်သည်။

ဘဘဆိတ်သည် အမျိုးသမီး နိုးလာမည်ကို စိုးရိမ်နေဟန်တူသည်။ ချက်ချင်း ကျောက်တုံး၏ခါးကို ဆွဲကာ တောင်ကုန်းပေါ်မှ အပြေးကလေး ဆင်းထွက်ခဲ့ကြရ၏။

♣ ♣ ♣

ခရေပင်တောင်ကုန်း…

ဘဘဆိတ်နှင့် ကျောက်တုံးတို့သည် ခရေပင်တောင်ကုန်း ပေါ်မှ ဆင်းလိုက်မိသောအခါ ခြေလှမ်းများ ခဏရပ်လိုက်ကြသည်။

"ဟား..ဟား၊ ကျုပ်တော့ လွတ်လပ်ပြီ"

ဘဘဆိတ်သည် အားရပါးရ ရယ်လိုက်သည်။

သူသည် ကျောက်တုံးဘက် လှည့်ကြည့်လိုက်ပြီး…

"မင်းနာမည် ဘယ်လိုခေါ်လဲ"

ဟုမေးလိုက်၏။

"ကျောက်တုံးပါ"

ဘဘဆိတ် ခေါင်းညိတ်လိုက်၏။

"အေးအေး ဟုတ်ပြီ..ဟုတ်ပြီ၊ မင်းက ငါ့ကို အရက်တိုက် မယ် မဟုတ်လား"

"ဟုတ်ကဲ့၊ တိုက်မှာပေါ့ ဘဘ"

"အေး ကိုယ့်လူက ငါ့ကို ဘာလို့ အရက်တိုက်ချင်တာလဲ"

"ဘဘဆိတ်ကို ကြည့်ပြီး စိတ်မကောင်းလို့ပါ"

ဘဘဆိတ်က စကားမပြောတော့ပါ။

ကျောက်တုံးက စကားဆက်လိုက်သည်။

"ဘဘဆိတ် ဘာဖြစ်လို့ မိန်းမကို သည်လောက် ကြောက်ရ တာလဲ"

ဘဘဆိတ်သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း သည်အကြောင်း ပြောရရင်.."

ကျောက်တုံးက ကြားဖြတ်ဝင်ပြောပြန်သည်။



"ကဲ မြို့ထဲရောက်ပြီ၊ အရက်သောက်ရင်း အေးအေးဆေး ဆေး ပြောကြတာပေါ့"

ဘဘဆိတ် ခေါင်းညိတ်လိုက်သည်။

"အင်း ကောင်းတယ်..ကောင်းတယ်"

ဘဘဆိတ်သည် ဤသို့ ရေရွတ်ရင်း ခေါင်းညိတ်လိုက်ပြီး မှ…

"ဟာ မဖြစ်သေးဘူး ထင်တယ်၊ သူနိုးလာလို့ ဘဘကို မတွေ့ရင် မိုးမီးလောင်လိမ့်မယ်"

ဟုပြောသည်။

ကျောက်တုံး ပြုံးလိုက်သည်။

"ဒါလောက် စိတ်မပူပါနဲ့ ဘဘ၊ သူလဲ စိတ်ဆိုးမယ် မထင်ပါ ဘူး"

ဘဘဆိတ် အံ့ဩသွားသည်။

"မင်းက ဘယ်လိုကြောင့် ပြောနိုင်တာလဲ"

"ယောကျ်ားဖြစ်တဲ့လူက ဆိတ်ထီးတစ်ကောင်ဘဝ ပြောင်း သွားတာကို တွေ့ရင် သူစိတ်မဆိုးတဲ့အပြင် ဝမ်းနည်းစိတ်မကောင်း ဖြစ်မှာ သေချာတာပေါ့ ဘဘ"

"မင်းစကားသိပ်မရှင်းပါဘူး"

"ရှင်းပါတယ် ဘဘရယ်၊ သူနိုးလာတဲ့အခါ ဘဘဟာ ဆိတ် ဖြစ်သွားတယ်လို့ ထင်သွားပြီ၊ စိတ်မကောင်းဖြစ်ပြီး ငိုတောင် ငိုလိမ့် းမယ်"

ဘဘဆိတ်သည် ထိုစကား ကြားလိုက်ရသောအခါ အားရ

ပါးရ ရယ်မောလိုက်၏။

"ဟား..ဟား..ဟား၊ မင်းအကြံကောင်းတယ်ကွ၊ သိပ်ကောင်းတယ်"

သူသည် ယင်းသို့ ပြောပြီး ခေါင်းခါယမ်းလိုက်ပြန်၏။

"မဖြစ်ဘူး..မဖြစ်ဘူး၊ ကျုပ်အလိမ်ပေါ်သွားရင် ဒုက္ခရောက်လိမ့်မယ်"

ကျောက်တုံးက ပြုံးလိုက်၏။

"စိတ်ချပါ ဘဘရယ်၊ သူနိုးလာရင် ငိုမှာ သေချာတယ်၊ ပြီးတော့ နောင်တရပြီး ဘဘကို အရင်လို ချုပ်ချယ်မှာ မဟုတ်တော့ပါဘူး၊ ကျွန်တော် ရဲရဲကြီး တာဝန်ယူပါတယ်"

"အေးလေ ဟုတ်တော့ ဟုတ်နိုင်ပါရဲ့၊ ကျုပ်က အရက်သောက်ပြီး ပြန်သွားရင် သူက တောင်ကုန်းမှာ မနေဘဲ ထွက်သွားရင်ကော"

"စိတ်ချ၊ သူလဲ ဘယ်မှသွားမှာ မဟုတ်ဘူး၊ ဘဘ ပြန်အလာကို စောင့်နေပါလိမ့်မယ်"

"ဟေ မင်းပြောတဲ့အတိုင်း ဖြစ်ပါ့မလား"

"အို ဘဘကလဲ ဖြစ်နိုင်ပါတယ်၊ သိပ်ကို ဖြစ်မှာပါ၊ ကဲ..ကဲ ဘဘ သည်မှာ ခဏ စောင့်နေအုံး၊ ကျွန်တော် သွားပြီး အခြေအနေ ကြည့်လိုက်ဦးမယ်"

ဘဘဆိတ်သည် တွေး၍ စဉ်းစားသည်။

နောက်အံကို တင်းတင်းကြိတ်လိုက်ပြီး...

"ကောင်းပြီ၊ ဘဘ သည်မှာ စောင့်နေမယ်၊ မင်းမြန်မြန်



သွား၊ မြန်မြန်ပြန်လာခဲ့နော်"

ဟုပြောလိုက်သည်။

ကျောက်တုံး ခေါင်းခါယမ်းလိုက်သည်။

"သည်မှာ စောင့်နေလို့ မကောင်းဘူး၊ ဘဘ အရက်ဆိုင်ကို အရင်သွားနှင့် ဗိုင်းဝါဆိုင်က အစုံရတယ်၊ အဲသည်ကနေ ကျွန်တော် လာတဲ့အထိစောင့်၊ အရက်သောက်ချင်လဲ သောက်နှင့်ပါ"

ကျောက်တုံးသည် ပြောပြီး လာလမ်းအတိုင်း ပြန်လှည့်ကာ တောင်ကုန်းပေါ် ပြေးတက်သွား၏။

♣ ♣ ♣

ခရေပင်တောင်ကုန်း...

ခရေပင်တောင်ကုန်းပေါ်သို့ ရောက်ရှိလာသည်နှင့် အမျိုးသမီး၏ငိုသံကို ကျောက်တုံး ကြားရ၏။

"ကယ်ပါ၊ ကျွန်မယောကျ်ားတစ်ယောက် လူစင်စင်က ဆိတ်ဖြစ်သွားပါပြီ၊ အီး..ဟီး..ဟီး"

ငိုသံများနှင့်အတူ အမျိုးသမီးသည် ဆိတ်ထီးကို ဆွဲလျက် ထွက်လာနေသည်။

ကျောက်တုံးသည် ခြေလှမ်းကို ရပ်လိုက်သည်။

အမျိုးသမီးကို မမြင်ဟန်နှင့် ခရေပန်းများကို ကြည့်နေလိုက်၏။ အမျိုးသမီးသည် သူ့အား တွေ့လိုက်သည်နှင့် အနားကပ်လာပြီး...

"သည်မှာ ဟေ့ကောင်လေး၊ ငါ့ယောက်ျားကို ကယ်ပါဦး" ဟုပြော၏။

ကျောက်တုံးက အိပ်ချင်မူးတူး(?)…

"ဗျာ၊ ကျွန်တော် ဘယ်လို ကယ်ရမှာလဲဗျ"

"ငါ့ယောက်ျား..ငါ့ယောက်ျားကို ပြောတာ"

"နေပါအုံး၊ အစ်မကြီးယောက်ျားကို ကျားဆွဲသွားလို့လား"

"မဟုတ်ဘူး၊ ကောင်လေးရဲ့၊ ငါ့ယောက်ျားက ငါ့အနားမှာ အမြဲနေတာ၊ အခု ငါနိုးလာတော့ သူ..သူ ဆိတ်ဖြစ်သွားတယ်လေ"

"ဗျာ"

"အင်း ဟုတ်တယ်၊ အခု မင်းမြင်တဲ့အတိုင်းပဲဟာ"

"အစ်မကြီးယောက်ျားနာမည် ဘယ်လိုခေါ်လဲ"

"ဘဘဆိတ်လို့ ခေါ်တယ်"

"ဘဘဆိတ်ဟာ ဘာဖြစ်လို့ တိရစ္ဆာန် ဖြစ်သွားရတာလဲ"

"သည်လိုကွယ့်..သည်လို"

အမျိုးသမီးသည် ပြောရင်း မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာ၏။

"ငါက ခရေပန်းတွေ ပွင့်နေပြီဆိုလို့ သူ့ကို ကြိုးနဲ့ ချည်ခေါ်ခဲ့တယ်၊ နောက်တော့ ငါအိပ်ပျော်သွားတယ်၊ အိပ်ရာက နိုးတဲ့အခါမှာတော့ ငါ့ယောက်ျားကို မတွေ့ရတော့ဘူး၊ ဟောသည် ဆိတ်ကိုပဲ တွေ့ရတော့တယ်"

"အင်း စိတ်မကောင်းစရာပါဘဲ၊ အစ်မကြီး အဖြစ်က အတော်ဆိုးတာကိုး၊ ကိုယ့်ယောက်ျားဟာ လူစင်စစ်က ဆိတ်ဖြစ်



တယ်ဆိုတော့၊ ဒါနဲ့ အစ်မကြီးက ဘာဖြစ်လို့ ကိုယ့်ယောက်ျားကို ကြိုးနဲ့ ချည်ထားရတာလဲ"

အမျိုးသမီးကြီးသည် ဝမ်းနည်းပက်လက်နှင့် တစ်ချက်ရှိုက်လိုက်၏။

"ငါက သူ့ကို သိပ်ချစ်တော့ အနားက ဘယ်မှ မခွာစေချင်ဘူး၊ ဒါကြောင့် သူ ဘယ်မှ မသွားနိုင်အောင် ကြိုးနဲ့ ချည်ဆွဲထားတာပေါ့"

"လက်စသပ်တော့ သည်လိုကိုး၊ အစ်မကြီးက အချစ်ကြီးလို့ အခုလို လုပ်ပေမယ့် တိရစ္ဆာန်လို သဘောထားရာ ရောက်နေတယ်၊ ဒါကြောင့်လဲ ဘဘဆိတ်ဟာ မထူးတော့ဘူးဆိုပြီး ဆိတ်အဖြစ် ပြောင်းလဲသွားတာနဲ့ တူတယ်"

အမျိုးသမီးကြီးမှာ မျက်ရည်သုတ်လိုက်ပြီး…

"အေး ငါမှားပါတယ်၊ ငါက ငါ့ယောက်ျားကို တစ်နေကုန် တစ်နေခမ်း တိရစ္ဆာန်လို ကြိုးချည်ထားလို့ သူ..သူ စိတ်ဆိုးပြီ၊ အီး..ဟီး"

အမျိုးသမီးကြီးသည် ပြောရင်း ငိုကြွေးနေပြန်သည်။

ကျောက်တုံး တစ်ချက်ပြုံးလိုက်ပြီး…

"တစ်ခုတော့ ကောင်းတာပေါ့လေ၊ အစ်မကြီး ယောက်ျားက ဆိတ်ဖြစ်သွားတော့ အစ်မကြီး ပိုစိတ်မချရဘူးလား"

အမျိုးသမီးကြီးသည် ငိုယိုကာ ခေါင်းကို ခါရမ်းပစ်လိုက်သည်။

"အို ငါ ဆိတ်ကို မလိုချင်ပါဘူး၊ ငါ့ယောက်ျားပဲ ငါပြန်လို

ချင်တယ်”

ကျောက်တုံး တွေးတောစဉ်းစားဟန်ပြုပြီး…

“အင်း အစ်မကြီးက သည်ဆိတ်ကို ကိုယ့်ယောကျာ်း ပြန်ဖြစ်စေချင်ရင် နည်းလမ်းတစ်ခုဘဲ ရှိတယ်”

အမျိုးသမီးကြီးသည် ထိုစကား ကြားလိုက်ရသောအခါ မျက်လုံးများ ဝင်းလက်လာသည်။

“ဟယ် ဘယ်လိုလုပ်ရမလဲ ပြောစမ်း ကောင်လေး၊ မြန်မြန် ပြောစမ်းပါ”

“သည်လိုလုပ် အစ်မကြီး မူလနေခဲ့တဲ့ နေရာကို ပြန်သွားပါ၊ သုံးရက်တိတိ အဲသည်မှာ နေပါ၊ အစ်မကြီး အပြစ်ကို အစ်မကြီး နောင်တရတဲ့အကြောင်း၊ နောက်နောင် ကိုယ့်ယောကျာ်းကို ကိုယ် ဘယ်တော့မှ မညှင်းဆဲတော့ပါဘူးလို့ ဆုတောင်းပါ၊ အစ်မကြီး ယောကျာ်း တိရစ္ဆာန်ဘဝကနေ လူပြန်ဖြစ်လာပါလိမ့်မယ်”

အမျိုးသမီးကြီးမှာ ခေါင်းကို သွက်လက်စွာ ညိတ်ပြသည်။

“ကောင်းပြီ၊ ငါ ဟိုနေရာကို ပြန်သွားမယ်၊ သုံးရက်မကဘူး၊ ဘယ်လောက်ပဲ နေရပါစေ၊ ငါနေပါ့မယ်၊ မင်းပြောတဲ့အတိုင်း ငါ ဆုတောင်းနေတော့မယ်၊ ငါ့ယောကျာ်း လူပြန်ဖြစ်ရင် ကျေနပ်ပြီ၊ ကဲ သွားမယ်”

အမျိုးသမီးကြီးက ပြောပြောဆိုဆို ဆိတ်ကို ဆွဲ၍ ပြေးထွက်သွားလေတော့သည်။

♣ ♣ ♣



ကျောက်တုံးသည် အမျိုးသမီးကြီး၏အဖြစ်ကို ကြည့်ကာ ရယ်မောလိုက်လေသည်။

“ဟား…ဟား…ဟား”

သူက ဇီဇာကြောင်လှသော အမျိုးသမီးကြီးအား သခ်ာန်းစာ ပေးလိုက်နိုင်ပြီဟု ယုံကြည်ထား၏။

ထိုအမျိုးသမီးကြီးမှာ ကျားမ(ဝါ)စိမ်းစုကျူး ဖြစ်ပြီး သူကူညီလိုက်သည့် အဘိုးအိုမှာ ဘဘဆိတ်(ဝါ)ကျူးယုံ ဖြစ်ကြောင်း နားလည်ထားလေသည်။

စိမ်းစုကူးနှင့် ကျူးယုံတို့မှာ သိုင်းပညာ အလွန်တော်သော လူထူးဆန်းများ ဖြစ်ကြပေသည်။

သူတို့နှင့် ခင်မင်ရင်းနှီးအောင် ပေါင်းသင်းဆက်ဆံနိုင်သည်ဆိုပါက သူတို့နှင့် လက်တွဲ၍ လဝန်းကို ရင်ဆိုင်နိုင်မည်ဖြစ်ပြီး ကြောက်ရွံ့ထိတ်လန့်နေစရာလိုတော့မည် မဟုတ်ဟု ယုံကြည်ထားလေသည်။

ထင်းဟန် ပြောသည့်အတိုင်း ခရေပန်းတောင်ကုန်းသို့ လိုက်လာခဲ့ရာ ကျူးယုံတို့ဇနီးမောင်နှံနှင့် တွေ့လိုက်ရပြီ ဖြစ်သည်။

အရှုးဝေါစင်ပိုင်ရှင်ကား မည်သည့်နေရာ ရောက်ရှိနေသည်ကို မသိနိုင်သေးပါ။

ကျောက်တုံး တွေးတောနေစဉ်မှာပင်…

“ဟား…ဟား…ဟား”

ရယ်မောသံများ နောက်ကျောဘက်မှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျောက်တုံး လှည့်ကြည့်လိုက်သောအခါ ကျူးယုံကို တွေ့လိုက်ရလေသည်။

ကျူးယုံက မျက်ရည်များ စီးကျလာအောင်ပင် ရယ်မောလိုက်လေသည်။

"ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ဒါမှ ငါ့မိန်းမ နောင်တရသွားလိမ့်မယ်၊ ကောင်လေး၊ မင်းက ငါ့ကို ကူညီတဲ့အတွက် မင်းကို သိပ်ပြီး ကျေးဇူးတင်တယ်၊ ကဲ မင်းအတွက် ငါ ဘာလုပ်ပေးရမလဲ ပြောပါ"

ကျောက်တုံး ခေါင်းခါယမ်းလိုက်လေသည်။

"ကိစ္စမရှိပါဘူးဗျာ၊ ဦးတို့ ဇနီးမောင်နှံ ကိုယ့်အချင်းချင်း အဆင်ပြေသွားကြရင် ပြီးတာပါပဲ"

ကျူးယုံက...

"မင်း မဆိုးဘူး၊ သူက ငါ့အပေါ်မှာ နားလည်နိုင်ရင် ငါ ကျေနပ်ပါပြီ၊ လဝန်းကို ဆုံးမပြီးတာနဲ့ တောင်ပိုင်းကို ပြန်သွားတော့မယ်"

ကျောက်တုံးက...

"ဦးက လဝန်းကို ဘာကြောင့် ဆုံးမချင်ရတာလဲဗျာ"

"သူက ငါတို့ မိတ်ဆွေတစ်ယောက်ကို တိုက်ခိုက်ခဲ့လို့ပေါ့"

ကျောက်တုံးက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

"ဦးတို့ သတင်းကို ကျွန်တော် ကြားပြီးပါပြီ၊ ဒါကြောင့် ခရေပွင့်တောင်ကုန်းကို ကျွန်တော် လိုက်လာတာပါ၊ ဦးရဲ့ မိတ်ဆွေက



မကောင်းမှုတွေ ကျူးလွန်ခဲ့လို့ လဝန်းက ဆုံးမခဲ့တယ်လို့ သတင်းကြားမိပါတယ်"

ကျူးယုံ ခေါင်းခါယမ်းလိုက်သည်။

"သူက လူကောင်းပဲ ဖြစ်ဖြစ်၊ လူဆိုးတစ်ယောက်ပဲ ဖြစ်ဖြစ်၊ ငါတို့ရဲ့ မိတ်ဆွေတစ်ယောက်ပါပဲ၊ လဝန်းကလည်း ဘယ်လိုလူစားမျိုးပဲ ဖြစ်ဖြစ်၊ ငါတို့ မိတ်ဆွေကို တိုက်ခိုက်ခဲ့တာကြောင့် သူ့ကို ဆုံးမရမှာပါ"

ကျူးယုံနှင့် စိမ်းစုကူးတို့သည် အလွန်ခေါင်းမာသူများ ဖြစ်ကြောင်း ကျောက်တုံး နားလည်လိုက်လေသည်။

ထိုစဉ်...

"လဝန်းကို မဆုံးမခင် ရှင့်ကို အရင် ဆုံးမရမှာပဲ"

စကားသံနှင့်အတူ ကျားမ(ဝါ)စိမ်းစုကူး ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

♣ ♣ ♣

"ဒုက္ခပဲ"

ကျူးယုံ ထိတ်လန့်သွားသည်။

ကျောက်တုံး၏နောက်ကျောဘက်သို့ ကပျာကယာ ဝင်ကာ ပုန်းအောင်းနေလိုက်လေသည်။

စိမ်းစုကူးက...

"ရှင် ဘယ်ပြေးမလဲ"

ဒေါသတကြီး အော်ငေါက်လိုက်သည်။

ကျောက်တုံးကိုလည်း မျက်လုံးပြူး၍ ကြည့်လိုက်သည်။

"မင်းက ငါ့ကို အရူးလုပ် လှည့်စားခဲ့တယ်ပေါ့လေ"

ကျောက်တုံး ထိတ်လန့်သွားလေသည်။

စိမ်းစုကူးက...

"မင်းတို့နှစ်ယောက်စလုံးကို ချမ်းသာမပေးနိုင်ဘူး"

ပြောရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ကျောက်တုံး လက်ကာပြလိုက်သည်။

"ဒေါ်ဒေါ် သေသေချာချာ စဉ်းစားပါဦး၊ ကျွန်တော်က ဒေါ်ဒေါ်တို့ကို ကူညီခဲ့တာပါ"

"ဘာ ကူညီတာ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒေါ်ဒေါ်တို့နှစ်ယောက်ဟာ..."

"တိတ်စမ်း၊ ငါ့ကို ဘယ်သူ ကူညီတာမှ မကြိုက်ဘူး၊ မင်းကိုလည်း ချမ်းသာမပေးနိုင်ဘူး"

စိမ်းစုကူးက တိုက်ခိုက်လိုက်ရာ ကျောက်တုံး ကပျာကယာ ရှောင်တိမ်းလိုက်လေသည်။



ကျောက်တုံးသည် လျှပ်တပြက် ရှောင်တိမ်းရင်း ကိုယ့်ကိုကိုယ် အံ့သြသွားလေသည်။

လဝန်းနှင့် လမ်းခွဲခဲ့ရပြီး နောက်ပိုင်း ပြန်လည်ဆုံတွေ့မိပါက ရင်ဆိုင်နိုင်ရန် အချိန်ရတိုင်း သိုင်းပညာ လေ့ကျင့်ခဲ့လေသည်။

ထို့အပြင် အမှောင်လောကထဲ၌ ကျင်လည်ကျက်စားခဲ့သည် ဖြစ်ရာ တိုက်ပွဲများနှင့် ရင်ဆိုင်ခဲ့ရပြီး အတွေ့အကြုံ ရရှိခဲ့သည်။

ထို့ကြောင့် သူ၏သိုင်းပညာနှင့် တိုက်ပွဲ အတွေ့အကြုံမှာ ယခင်ကနှင့် မတူဘဲ များစွာ တိုးတက်ပြောင်းလဲနေပြီ ဖြစ်ကြောင်း ဆင်ခြင်မိလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ကျောက်တုံး ဝမ်းသာသွားလေသည်။

"ငါ့ရဲ့သိုင်းပညာ တိုးတက်နေပြီဆိုတော့ လဝန်းကိုလည်း ရင်ဆိုင်နိုင်မှာ သေချာတယ်"

ထိုစဉ်...

"မင်း ဘယ်ပြေးမလဲ"

ကျားမ(ဝါ)စိမ်းစုကူးက အော်ငေါက်ရင်း တိုက်ခိုက်လာပြန်လေတော့သည်။

ကျောက်တုံးလည်း ရှောင်တိမ်းပေးလိုက်သည်။

စိမ်းစုကူး၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေသော်လည်း ကျောက်တုံး၏အင်္ကျီစကိုပင် ထိအောင် မတိုက်ခိုက်နိုင်ပါတော့ချေ။

"မိန်းမရေ မလုပ်ပါနဲ့"

ကျူးယုံ တောင်းပန်လိုက်သည်။

ကျောက်တုံး၏ရှေ့မှ ကပျာကယာ အကာအကွယ်ပေး ထားလိုက်လေသည်။

စိမ်းစုကူးက...

"ရှင်က.."

"ကျုပ်ကို သတ်ချင်လည်းသတ်၊ ကြိုးနဲ့ ချည်ရင်လည်း ချည်ထားပါ၊ တကယ်တော့ သူက ကျုပ်တို့ကို စေတနာနဲ့ ကူညီခဲ့တာပါ"

စိမ်းစုကူးက...

"ဒါပေမယ့် ကျွန်မကို လှည့်စားခဲ့တာတော့ ကျွန်မ မကြိုက်ဘူးရှင့်"

"ဘာပဲဖြစ်ဖြစ်လေ သူက ဒုက္ခပေးခဲ့တာမှ မဟုတ်တာ"

စိမ်းစုကူး မည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေသည်။

ထိုအချိန်မှာပင် ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"မြန်မြန်သွားစမ်းပါ"

"ကောင်းပါပြီ သခင်"

ကျောက်တုံးတို့ လှမ်းကြည့်လိုက်သောအခါ မိန်းခလေးနှစ်ယောက်နှင့် ဝေါစင်တစ်ခု လျှင်မြန်စွာ ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

♣ ♣ ♣



အရှူးဝေါစင်...

အရှူးဝေါစင်ပိုင်ရှင်သည် ထူးဆန်းသူတစ်ယောက် ဖြစ်လေသည်။

ကျူးယုံနှင့် စိမ်းစုကူးတို့ အချင်းချင်း ကြည့်လိုက်ကြသည်။

စိမ်းစုကူးက...

"သည်အရှူးကောင်းဖုံးက ဘာလာလုပ်တာလဲ"

ကျူးယုံက...

"မင်း မကျေနပ်ဘူးဆိုရင် ငါက သူ့ကို မောင်းထုတ်လိုက်မယ်လေ"

အရှူးဝေါစင်ပိုင်ရှင်အား သူတို့က ကောင်းဖုံးဟု ခေါ်ကြသည်ကို ကျောက်တုံး မှတ်သားထားလိုက်လေသည်။

ဝေါစင်သည် မလှမ်းမကမ်း၌ ရပ်သွား၏။

ဝေါစင်ထဲမှ လူတစ်ယောက် ခေါင်းပြူထွက်လာသည်။

မိန်းမတစ်ယောက်ကဲ့သို့ မျက်နှာချေများ လိမ်းထားသည့် ယောက်ျားတစ်ယောက် ဖြစ်လေသည်။

အရှူးဝေါစင်ပိုင်ရှင်ကောင်းဖုံးက ဟိုဟိုသည်သည် ကြည့်လိုက်သည်။

တဖန်...

"ခုထိ ရောက်မလာသေးဘူးလား"

ဟုရေရွတ်ကာ ဝေါစင်ထဲ ပြန်ဝင်သွားလေသည်။

စိမ်းစုကူးက...

"ကောင်းဖုံး၊ ရှင်က လဝန်းကို လာရှာတာလား"

ဟုလှမ်းမေးလိုက်သည်။

ကောင်းဖုံးက ဝေါစင်ထဲမှ ခေါင်းပြူထွက်လာသည်။

"ဟုတ်တယ်၊ ခရေပန်းတောင်ကုန်းမှာ ခင်ဗျားတို့နဲ့ ချိန်းထားတယ်ဆိုတဲ့ သတင်းကြားလို့ ကျုပ်လိုက်လာခဲ့တာပဲ"

"ဒါဖြင့် ရှင်ပြန်သွားရင် ကောင်းမယ်"

"ကျုပ်က ဘာကြောင့် ပြန်သွားရမှာလဲ"

"လဝန်းနဲ့ ကျုပ်တို့ ဖြေရှင်းကြမှာ၊ မင်းဝင်ရှုပ်လို့ မရဘူး"

ကျူးယုံက ကြားဝင်အော်ငေါက်လိုက်လေသည်။

ကောင်းဖုံးက...

"ကျုပ်က လဝန်းနဲ့ တွေ့ချင်လို့ လာခဲ့တာ၊ ဘာကြောင့် ထွက်သွားရမှာလဲ"

"မင်း မသွားရင်တော့ ကျုပ်တို့က မောင်းထုတ်ရမှာပဲ"

"ခင်ဗျား တကယ်ပဲ မောင်းထုတ်နိုင်လို့လား"

"ကျုပ်က မင်းကို ကြောက်နေရမှာလား"

ကျူးယုံက ပြေးသွားပြီး ကောင်းဖုံးအား တိုက်ခိုက်လိုက်သောအခါ ဝေါစင်ထမ်းသော မိန်းခလေးနှစ်ယောက်က ဟန့်တားလိုက်ကြလေသည်။

စိမ်းစုကူးက...

"ရှင် ဘာမှ မပူနဲ့၊ ကောင်းဖုံးကို ကျွန်မ ဆုံးမလိုက်မယ်"

စကားဆုံးလျှင် ဝေါစင်ရှေ့သို့ ရိပ်ခနဲ ရောက်သွားပြီး တိုက်ခိုက်လိုက်လေသည်။

ကျောက်တုံးက နောက်ဆုတ်လိုက်သည်။



လဝန်းနှင့် တွေ့လိုသူ အချင်းချင်း တိုက်ခိုက်နေကြပြီ ဖြစ်သည်။

သူတို့အား ဟန့်တားဖို့ မလွယ်ပါ။

သူတို့၏အကူအညီ မရလျှင် လဝန်းအား ဆုံးမနိုင်ဖို့ ဆိုသည်မှာလည်း ဖြစ်နိုင်တော့မည် မဟုတ်ပါ။

တိုက်ပွဲကို ကြည့်ရင်း ကျောက်တုံး စိတ်ပျက်သွားလေတော့သည်။

ထိုစဉ်...

မလှမ်းမကမ်း တစ်နေရာ၌ လူရိပ်တစ်ခုကို တွေ့မြင်လိုက်ရလေသည်။

ကျောက်တုံး မျက်မှောင်ကုပ်သွားသည်။

"ဘယ်သူပါလိမ့်"

သူတွေးတောနေစဉ်မှာပင် ထိုလူက လက်ယပ်ခေါ်ပြီး တောင်ကုန်းအောက်သို့ ပြေးဆင်းသွားတော့သည်။

ထိုလူသည် အကြောင်းရှိ၍ သူ့အား ခေါ်နေခြင်း ဖြစ်မည်ဟု တွေးကာ ကျောက်တုံးလည်း ပြေးလိုက်သွားမိလေတော့သည်။

♣ ♣ ♣

ခရေပန်းတောင်ကုန်းမှာ သာယာလှပသော တောင်ကုန်း တစ်ခု ဖြစ်လေသည်။

ခရေပင်များ အများအပြား ရှိနေခြင်းကြောင့် ခရေပန်း တောင်ကုန်းဟု ခေါ်ဆိုပုံရလေသည်။

"ဟူး"

ကျောက်တုံးက တောင်ကုန်းအောက်သို့ ပြေးဆင်းလာခဲ့ လေသည်။

တောင်ကုန်းအောက်ဘက်၌ သစ်ပင်ပန်းပင်များဖြင့် စိုပြည် စိမ်းလန်းနေပါသည်။

သူ့အား လက်ယပ်ခေါ်ကာ ပြေးဆင်းသွားသူကို မတွေ့ရ တော့ပါ။

ကျောက်တုံးက ဟိုဟိုသည်သည် ကြည့်လိုက်လေသည်။

ထိုအခါ...

မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်အောက်၌ ရပ်နေသူတစ် ယောက်ကို တွေ့လိုက်ရလေသည်။

ယခုမှ ထိုလူအား သေသေချာချာ တွေ့မြင်လိုက်ရခြင်း ဖြစ် လေသည်။

ကျောက်တုံး မျက်လုံးပြူးသွားသည်။

"လဝန်း"

ထိုလူကား လဝန်း ဖြစ်နေပါတော့သည်။

လဝန်းက မျက်နှာဖုံးစွပ်မထားတော့ပါ။

ကျစ်ဆံမြီးရှည်နှစ်ချောင်းကို ပခုန်းပေါ်ချကာ ချောမော



လှပသော မိန်းကလေးတစ်ယောက်အဖြစ် ထင်ရှားပေါ်လွင်နေပါ တော့သည်။

ကျောက်တုံးသည် လဝန်းကို ကြည့်ယင်း အလွန်ချစ်စရာ ကောင်းသော မိန်းကလေးတစ်ယောက်ဟု ထင်မြင်လာလေတော့ သည်။

သူမအား မုန်းတီးကြောက်ရွံ့စိတ် မရှိတော့ပါ။

အဘယ်ကြောင့် စိတ်နေသဘောထား ပြောင်းလဲသွားရ သည်ကို နားမလည်နိုင်အောင် ဖြစ်နေ၏။

"ငါ ဘယ်လို ဖြစ်သွားတာလဲ၊ ထင်းဟန် ပြောလိုက်တဲ့ စကားတွေကြောင့်ပဲလား"

သူတွေးတောနေစဉ် လဝန်း၏စကားသံ ထွက်ပေါ်လာလေ သည်။

"ရှင့်ကို ကျွန်မ လိုက်ရှာနေတာ"

ကျောက်တုံးက...

"ကျုပ်သိပါတယ်"

"ရှင်ကကော ကျွန်မကို တွေ့ချင်နေတယ် မဟုတ်လား"

ကျောက်တုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ရှင့်ကို ဖမ်းပြီး သံကြိုးတွေနဲ့ ချည်နှောင်ထားခဲ့လို့လားရှင့်"

"ဟုတ်တယ်၊ ကျုပ်ကို အကြောင်းမဲ့ နှိပ်စက်စော်ကားခဲ့ တယ်ဆိုပြီး မကျေမနပ် ဖြစ်မိတာ၊ ခုတော့ မင်းကို ဘယ်လိုမှ သဘောမထားတော့ပါဘူး"

"ဘာရှင့်"

ကျောက်တုံးက တည်ကြည်သော မျက်နှာထားဖြင့် ရှင်းပြလိုက်လေသည်။

"မင်းဟာ မကောင်းသူပယ် ကောင်းသူကယ်တဲ့ လူတစ်ယောက်ဆိုတာ ကျုပ်သိပြီးပါပြီ၊ မင်းကို မကျေနပ်တဲ့ အမှောင်လောကသားတွေက မကောင်းသတင်းဆိုကြတာကြောင့် လူတွေက ထင်ယောင်ထင်မှားဖြစ်ပြီး မင်းကို မကောင်းတဲ့ လူတစ်ယောက်လို့ ထင်မှတ်ခဲ့ကြတယ်ဆိုတာလည်း ကျုပ်သိပြီးပါပြီ"

လဝန်း ပြုံးလိုက်သည်။

"ရှင်က ကျွန်မကို လူကောင်းတစ်ယောက်လို့ သတ်မှတ်လိုက်တာပေါ့"

"ဟုတ်ပါတယ်"

"ဘာကြောင့်များ ရှင့်ရဲ့စိတ်ထား ပြောင်းလဲသွားရတာလဲရှင့်"

"ကျုပ်က အမှန်အတိုင်း သိလိုက်ရလို့ပါ"

ကျောက်တုံး၏စကားကြောင့် လဝန်း ကျေနပ်သွား၏။

ကျောက်တုံးအား ခြေဆုံးခေါင်းဆုံး ကြည့်ကာ မေးသည်။

"ရှင်က ဘုမသိ ဘမသိနဲ့ ကြားဝင်ပြီး ကျွန်မကို နှောင့်ယှက်မိခဲ့တယ်ဆိုတာကိုကော ရှင်လက်ခံသလား"

"လက်ခံပါတယ်ဗျာ"

"ဒါကြောင့် ရှင့်မှာ အပြစ်ရှိတာပေါ့၊ ကျွန်မက ရှင့်ကို ဆုံးမဖို့ ကြိုးစားခဲ့တာကို ရှင် အပြစ်ပြောချင်သေးသလား"



ကျောက်တုံး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်နားလည်သဘောပေါက်သွားပါပြီ၊ ဒါကြောင့် မင်းကို အပြစ်မတင်တော့ပါဘူး"

လဝန်း ရယ်မောလိုက်လေသည်။

"ရှင် သည်လို ပြောနေတာ ဘာကြောင့်လဲ၊ ကျွန်မက ရှင့်ကို ဆုံးမမှာကို ကြောက်နေလို့ မဟုတ်လား"

သူမ တမင် ခနဲ့လိုက်ခြင်း ဖြစ်ကြောင်း ကျောက်တုံး ရိပ်မိသဖြင့် ဘာမှ ပြန်မပြောဘဲ နေလိုက်လေသည်။ လဝန်းက...

"ဘာပဲဖြစ်ဖြစ် ရှင်နားလည်သဘောပေါက်တယ်ဆိုရင် ကျွန်မကျေနပ်ပါပြီ၊ ရှင်က ကျွန်မကို အစွဲ့တိုက်ပြီး လုပ်ချင်ရာလျှောက်လုပ်မိခဲ့လို့ နောက်ဆုံး အမှောင်လောကထဲ ရောက်ခဲ့ရတာ စိတ်မကောင်းပါဘူး၊ ရှင့်ကို စေတနာနဲ့ အကြံပေးချင်ပါတယ်"

ကျောက်တုံးက...

"ပြောပါ"

လဝန်းက...

"ရှင် သိုင်းလောကထဲမှာ ဆက်ပြီး ကျင်လည်ကျက်စားနေမယ်ဆိုရင် အမှောင်လောကထဲက ရန်းထွက်နိုင်တော့မှာ မဟုတ်ဘူး၊ လူကောင်းတစ်ယောက် ပြန်ဖြစ်လာဖို့ဆိုတာ မလွယ်တော့ဘူး၊ ဒါကြောင့် သိုင်းလောကကို ကျောခိုင်းလိုက်တာ ရှင့်အတွက် အကောင်းဆုံး ဖြစ်လိမ့်မယ်"

ကျောက်တုံးက သူမအား စိုက်ကြည့်နေ၏။

လဝန်းက...

"ကျွန်မရဲ့ ပယောဂကြောင့် ရှင်ဒုက္ခရောက်ခဲ့ရတာကို တောင်းပန်မယ်ဆိုရင်ကော ရှင်ကျေနပ်နိုင်မလား"

ကျောက်တုံး ပြုံးလိုက်လေသည်။

"ကျုပ် မကျေနပ်နိုင်စရာအကြောင်း မရှိပါဘူး၊ ကျုပ်ကလည်း မင်းကို ပြန်ပြီး အကြံတစ်ခု ပေးချင်ပါတယ်"

"ပြောပါရှင့်"

"မင်းဟာ လူကောင်းတစ်ယောက်ပါ၊ ဒါပေမယ့် အထင်မှားခံနေရတော့ သိုင်းလောကထဲမှ ဆက်နေရင် ပြဿနာအမျိုးမျိုးနဲ့ ရင်ဆိုင်ရမှာပဲ၊ ဒါကြောင့် သိုင်းလောကကို ကျောခိုင်းလိုက်ရင် အကောင်းဆုံး ဖြစ်ပါလိမ့်မယ်"

လဝန်း ရယ်မောလိုက်လေသည်။

"ကျွန်မလည်း ဆုံးဖြတ်ပြီးပါပြီရှင့်"

ထိုစကားကြားလျှင် ကျောက်တုံး ဝမ်းသာသွားလေတော့သည်။

♣ ♣ ♣

ကျူးယုံက ဝေါစင်ထမ်းသော မိန်းကလေးနှစ်ယောက်အား တိုက်ခိုက်လိုက်လေသည်။

ထိုမိန်းကလေးနှစ်ယောက် သိုင်းပညာ မခေသော်လည်း လူထူးဆန်းကျူးယုံအား မယှဉ်နိုင်ကြပါချေ။

ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်လိုက်ကြပြီး မကြာမီ...



"ဝုန်း"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများနှင့်အတူ နှစ်ယောက်သား လွင့်စင်သွားကြလေတော့သည်။

ကျူးယုံက တဟားဟား ရယ်မောလိုက်လေသည်။

"ကဲ မင်းတို့ ဘာတတ်နိုင်ကြသေးသလဲ"

ထိုစဉ်...

"ဝုန်း"

ကျယ်လောင်သော အသံနှင့်အတူ စိမ်းစုကူးမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လာရသည်ကို တွေ့လိုက်ရလေသည်။

"ဟင်"

ကျူးယုံ မကျေမနပ် ဖြစ်သွားလေသည်။

"ငါ့မိန်းမကို မင်းက တိုက်ခိုက်တယ်ပေါ့လေ သိကြသေးတာပေါ့"

ကြုံးဝါးရင်း အရှူးဝေါစင်ပိုင်ရှင်ကောင်းဖုံးထံသို့ ခုန်ဝင်သွားလေသည်။

ကောင်းဖုံးသည် ဝေါစင်ထဲမှ မထွက်ဘဲ စိမ်းစုကူး နောက်ဆုတ်သွားအောင် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သူ၏သိုင်းပညာမှာ စိမ်းစုကူးထက် ပို၍ မြင့်မားကြောင်း ထင်ရှားလေသည်။

"ဟား"

ကျူးယုံက ဝေါစင်ရှေ့သို့ ရောက်ရှိသွားလေသည်။

လက်ဝါးနှစ်ဘက် အသုံးပြုကာ ဝေါစင်ကို တွန်းထုတ်လိုက်လေသည်။

အတွင်းအား အလွန်ကောင်းသူ ဖြစ်ရကား ပြင်းထန်သော အရှိန်အဟုန် ထွက်ပေါ်လာပြီး...

"ဝုန်း"

ဝေါစင်မှာ ပက်လက်လန် လဲကျသွားလေတော့သည်။

"ယား"

ကောင်းဖုံးလည်း ဝေါစင်ထဲ၌ မနေနိုင်တော့ဘဲ အပြင်ဘက် ခုန်ထွက်လိုက်လေသည်။

"မင်းဘယ်ပြေးမလဲ"

ကျူးယုက ဆက်လက်တိုက်ခိုက်လိုက်လေသည်။

ကောင်းဖုံး အံကြိတ်လိုက်သည်။

"ကျုပ်က ခင်ဗျားကို ကြောက်နေမယ်များ ထင်နေသလား"

ကျူးယုနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်လေသည်။

ကောင်းဖုံးသည်လည်း သိုင်းပညာနှင့် အတွင်းအား အလွန်ကောင်းသူ ဖြစ်ပြီး အရှူးတစ်ယောက်ဟု သတ်မှတ်ခံရအောင်ပင် ထူးခြားဆန်းပြားသော သိုင်းကွက်များ အသုံးပြုနိုင်သူ ဖြစ်လေသည်။

ထို့ကြောင့် ကျူးယုံ၏အတွင်းအား အလွန်ကောင်းသော်လည်း သိုင်းကွက်အရ မယှဉ်နိုင်ဘဲ နောက်ဆုတ်လိုက်ရလေတော့သည်။



"ဟား...ဟား...ဟား"

ကောင်းဖုံး ဟားတိုက်ရယ်မောလိုက်လေသည်။

"ခင်ဗျားတို့နှစ်ယောက်စလုံး တစ်ပြိုင်တည်း ဝင်လာကြတာ အကောင်းဆုံးပဲ"

ဟုစိန်ခေါ်လိုက်လေသည်။

ကျူးယုံက...

"မိန်းမရေ သူက တော်တော်စော်ကားနေပြီ"

စိမ်းစုကူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်မ သည်းမခံနိုင်တော့ဘူးရှင့်"

"ဒါဖြင့် ဆုံးမလိုက်ကြတာပေါ့"

"ကောင်းပြီ"

နှစ်ယောက်သား လက်တွဲကာ ကောင်းဖုံးအား တိုက်ခိုက်လိုက်ကြလေသည်။

ကောင်းဖုံးကလည်း ပြန်လည် တိုက်ခိုက်လိုက်ရာ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

♣ ♣ ♣

တောင်ကုန်းပေါ်၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်နေချိန်၌ တောင်ကုန်းအောက်ဘက်၌ ရောက်ရှိနေကြသော ကျောက်တုံးနှင့် လဝန်းတို့ကား နားလည်မှု ရရှိသွားကြပြီ ဖြစ်လေသည်။

ကျောက်တုံးက...

"မင်းက သိုင်းလောကကို ကျောခိုင်းလိုက်မယ်ဆိုရင် ဘယ်ကို သွားမလဲ"

ဟုမေးလိုက်သည်။

လဝန်းက...

"ခြေဦးတည့်ရာပေါ့ရှင်"

သူမသည် ကျောက်တုံးကို တစ်ချက်ကြည့်ပြီး...

"ရှင်ကော"

ဟုပြန်မေးလိုက်လေသည်။

ကျောက်တုံးက...

"ကျုပ်က နေရာစုံအောင် ရောက်ခဲ့ပေမယ့် တောင်ပင်လယ်ကိုတော့ မရောက်ဖူးသေးဘူး၊ တောင်ပင်လယ်ဒေသဟာ အေးချမ်းသာယာပြီး အင်မတန် နေထိုင်လို့ ကောင်းတယ် ပြောကြတယ်"

လဝန်း စိတ်ဝင်စားသွားပုံ ရှိသည်။

"ကျွန်မလည်း ပင်လယ်ဘက်ကို မရောက်ဖူးခဲ့ဘူးရှင့်"

"ဒါဖြင့် ကျုပ်နဲ့ လိုက်ခဲ့ပါလား"

ကျောက်တုံး အမှတ်မထင် ဖိတ်ခေါ်လိုက်ပြီးမှ အားတုံ့အားနာ ဖြစ်သွားလေသည်။

လဝန်း၏မျက်နှာလည်း နီရဲသွား၏။

"ကျွန်မက.."

ကျောက်တုံးသည် လဝန်း ရှက်သွေးဖြန်းသွားသည်ကို ကြည့်ကာ စိတ်ထဲ အလိုလို ပျော်ရွှင်လာလေသည်။

မမျှော်လင့်ဘဲ လဝန်းအား သံယောဇဉ် ငြိတွယ်မိပြီ ဖြစ်



ကြောင်းလည်း နားလည်လိုက်သည်။

ထို့ကြောင့်...

"ကျုပ်တို့ အတူသွားကြတာပေါ့"

ဟုထပ်ပြောလိုက်လေသည်။

လဝန်းက...

"ကျွန်မကြောင့် ရှင့်အတွက် အနှောင့်အယှက် ဖြစ်သွားမလား"

"ဟာ မဖြစ်ပါဘူး၊ မင်းလိုက်မယ်ဆိုရင် ကျုပ်က ပိုတောင် ဝမ်းသာဦးမှာပါ"

"ကောင်းပါပြီရှင်၊ ကျွန်မ လိုက်ခဲ့ပါ့မယ်"

သူတို့နှစ်ယောက် နားလည်မှု ရရှိသွားကြသကဲ့သို့ ဘဝတူချင်း ဖြစ်ရကား ကိုယ်ချင်းစာကာ သံယောဇဉ် ဖြစ်ခဲ့ကြချေပြီ။

သူတို့နှစ်ယောက်၏ဘဝ အမှန်တကယ် အေးချမ်းသာယာသွားတော့မည် ဖြစ်လေသည်။

ထိုစဉ်...

"မိန်းမရေ မြန်မြန်လာဟေ့"

စကားသံနှင့်အတူ ကျူးယုံနှင့် စိမ်းစုကူးတို့နှစ်ယောက် တောင်ကုန်းပေါ်မှ ပြေးဆင်းလာကြသည်ကို တွေ့ရ၏။

ကျူးယုံတို့သည် ကျောက်တုံးတို့ကို တွေ့သော်လည်း အမှုမထားဘဲ ဆက်၍ ပြေးလွှားသွားကြ၏။

မရှေးမနှောင်းမှာပင် ကောင်းဖုံးလည်း ပြေးဆင်းလာလေသည်။

သူ၏ခြေလှမ်းများ ဒယီးဒယိုင် ဖြစ်နေသည်။

ကောင်းဖုံးသည် ကျောက်တုံးတို့အား တစ်ချက်စောင်းငဲ့ကြည့်ပြီး ဆက်လက်ပြေးလွှားသွားလေသည်။

လဝန်းက...

"သူတို့ အချင်းချင်း တိုက်ခိုက်ခဲ့ကြပြီး သုံးယောက်စလုံး ဒဏ်ရာရသွားကြတာပဲ"

ဟုမှတ်ချက်ချလိုက်လေသည်။

ကျောက်တုံး ခေါင်းညိတ်လိုက်သည်။

"ထိပ်သီးသိုင်းသမားတွေဆိုတော့ အတွင်းဒဏ်ရာသွားရင် သက်သာမှာ မဟုတ်ဘူး၊ သိုင်းပညာကို တော်တော်နဲ့ အသုံးပြုနိုင်တော့မှာ မဟုတ်ဘူး"

လဝန်းက...

"သူတို့ရဲ့ သိုင်းပညာတွေ ဆုံးရှုံးသွားပြီး သိုင်းလောကထဲ ခြေမချနိုင်တော့ဘူးဆိုရင် ပိုမကောင်းဘူးလားရှင်"

"ဘယ်လိုပြောလိုက်ပါလိမ့် သိပ်ကောင်းတာပေါ့"

ကျောက်တုံးနှင့် လဝန်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ရယ်မောလိုက်ကြလေတော့သည်။

ပြီးပါပြီ။